မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၀၄)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ အင်္ဂါနေ့။

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖြစ် အမည်ပြောင်းလဲ

(စာမျက်နှာ-၃)

ချို့ယွင်းအားနည်းမှုကို ရှောင်ရှားနိုင်မည့် စက်မှုဇုန်နယ်မြေသစ်များ တည်ဆောက်သွားရန် ရည်ရွယ်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၃)၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဇေယျာအောင်၊ ဦးကျော်လွင်နှင့် ဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုဇုန်(၂၉)ဇုန်မှ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေ ပေါ်ထွက်လာပြီးနောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်မှန်း၍ မြန်မာနိုင်ငံတစ်ဝန်းတွင် စက်မှုဇုန်များပေါ်ထွန်းခဲ့ပါကြောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ ◆

လျှပ်စစ်ဓာတ်အားအသုံးပြုမှုနည်းပါးပြီး စက်မှုစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဝန်ထုပ်ဝန်ပိုးလည်း မရှိသလောက် လျှော့ချနိုင်ပြီး ကျွမ်းကျင်မှု အထူးမလိုသော လုပ်သားစုစိုက်အသုံးပြုရမည့် စက်ရုံများကို ဦးစားပေးထူထောင်

ဒုတိယသမ္မတ ဦးညဏ်ထွန်း ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုးချဲ့တည်ဆောက်လျက်ရှိသည့် အမှတ် (၂) ပေါက်တံတား (ရေပြာ) ၉၀ ရာခိုင်နှုန်းပြီးစီး

ပေါက်မြို့နယ် ယောချောင်းပေါ်ရှိ ထပ်မံတိုးချဲ့တည်ဆောက်နေသည့် ရေပြာတံတား။ သတင်း-စာ(၈)

ယနေ့ မာတိကာ

အမေရိကန် ကျန်းမာရေး ကျွမ်းကျင်ပညာရှင် ၅၀ အီဘိုလာတိုက်ဖျက်ရန် အနောက်အာဖရိကသို့ စေလွှတ်မည် စာ » ၄

ကမ္ဘာ့အမွေအနှစ် စာရင်းဝင် မြန်မာ့ဂုဏ်ဆောင် ရှေးဟောင်း ပျူမြို့တော် သရေခေတ္တရာ ဆောင်းပါး စာ » ၆

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကူးစက်ရောဂါဆန်းများသတိပြုစရာ

ယခုတလော ကြားသိနေရသော ကူးစက်ရောဂါဆန်းနှစ်မျိုးမှာ ဂျပန်ဦးနှောက်ရောင်ရောဂါ (Japan Encephalitis) နှင့် အီဘိုလာရောဂါ (Ebola)တို့ဖြစ်ပါသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါမှာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် ပေါက်တောမြို့နယ်များ၌ ဖြစ်ပွားလျက်ရှိကြောင်း သိရပါသည်။ အီဘိုလာရောဂါမှာ မြန်မာနိုင်ငံတွင် ဖြစ်ပွားခြင်းမရှိသလို အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ဖြစ်ပွားခြင်းမရှိသေးပါ။ သို့သော်လည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ကျူးလပ်(စ်) (Culex Tritaenrhynuhus) ခေါ် ခြင်မှတစ်ဆင့် ကူးစက်ခံရသည့် ရောဂါဖြစ်သည်။ ဤရောဂါသည် ကလေးလူကြီးမရွေး ဖြစ်ပွားနိုင်သော်လည်း အသက် ၁၀ နှစ်အောက်ကလေးများသာ ကိုယ်ခံအားနည်းခြင်းကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။ ရခိုင်ပြည်နယ်အတွင်း အဆိုပါရောဂါကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ကို လွန်ခဲ့သည့်နှစ်နှစ်က တွေ့ရှိခဲ့သော်လည်း ယခုနှစ်ရောက်မှ သိသိသာသာဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဂျပန်ဦးနှောက်ရောင်ရောဂါကြောင့် အသက် ၁၀ နှစ်အောက်ကလေးရှစ်ဦး ရခိုင်ပြည်နယ်အတွင်း ဆုံးရှုံးမှုရှိကြောင်း သိရပါသည်။

အီဘိုလာရောဂါမှာ အာဖရိကအနောက်ပိုင်းလေးနိုင်ငံဖြစ်သော ဂီနီ၊ လိုက်ဘေးနီးယား၊ နိုင်ဂျီးရီးယားနှင့် ဆီယာရာလီယွန်တို့၌ ဖြစ်ပွားလျက်ရှိပါသည်။ ဤရောဂါသည် ယခုနှစ်မတ်လမှစပြီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဇူလိုင် လကုန်ပိုင်းအထိ ရောဂါကူးစက်ခံရသူ ၁၃၂၃ ဦးရှိပြီး သေဆုံးသူ ၇၂၉ ဦးရှိကြောင်းသိရပါသည်။ အာဖရိကတိုက်သို့ မြန်မာနိုင်ငံသားများ သွားလာမှု နည်းသော်လည်း ရောဂါထိန်းချုပ်ရေးအစီအမံများကို ကျန်းမာရေးဝန်ကြီးဌာနက လေဆိပ်နှင့်ဆိပ်ကမ်းများ၌ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Ebola Virus ကူးစက်မှုသည် ထိန်းချုပ်ရန်ခက်ခဲပြီး ရောဂါပိုးရှိသော လူနာများ၏ခန္ဓာကိုယ်မှ ထွက်သော အရည်များဖြစ်သည့် တံတွေး၊ သလိပ်၊ သွေးတို့ကို တိုက်ရိုက်ထိတွေ့ ကိုင်တွယ်မှုကြောင့် အဓိက ကူးစက်ပြန့်ပွားခြင်းဖြစ်ပြီး ဆားစ်၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် Pandemic (H1 N1) ၂၀၀၉၊ ကမ္ဘာ့လူတုပ်ကွေးရောဂါ (H7 N9၊ MERS-CoV) စသည့် ကူးစက်မြန်ရောဂါများကဲ့သို့ လေထဲမှ ကူးစက်ပျံ့ပွားမှု မရှိကြောင်း၊ ရောဂါရှိသူများနှင့် တိုက်ရိုက်ထိတွေ့သူများ၊ ကိုင်တွယ်ပြုစုရသူများတွင်သာ ရောဂါကူးစက်နိုင်ခြေရှိကြောင်း သတင်းထုတ်ပြန်ထားပါသည်။

ဤရောဂါသည် အလွန်အမင်း အားနည်းခြင်း၊ ဖျားနာခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ ကျောက်ကပ်နှင့် အသည်းတို့ ချို့ယွင်းခြင်း၊ အချို့လူနာများတွင် ခန္ဓာကိုယ်တွင်းနှင့် ခန္ဓာကိုယ်ပြင်ပသို့ သွေးယိုစီးခြင်း စသည့်လက္ခဏာများ ဖြစ်ပွားတတ်ကြောင်း သိရပါသည်။

သို့ပါ၍ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်စေ၊ အီဘိုလာရောဂါဖြစ်စေ သတိပြုရမည့် အနေအထားဖြစ်ပါသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါ ပျံ့နှံ့မလာအောင် ခြင်နှိမ်နင်းရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့အတူ အီဘိုလာရောဂါကိုလည်း မိမိတို့နိုင်ငံအတွင်း မရောက်ရှိလာအောင် ကာကွယ်တားဆီးရမည်ဖြစ်ပါသည်။ အဆိုပါ ရောဂါများ မိမိနိုင်ငံအတွင်းသို့ ကူးစက်မလာရအောင် တားဆီးကာကွယ်မှုများ ပြုလုပ်နေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း အသိသတိဖြင့် နေထိုင်သွားလာ စားသောက်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သာပေါင်းမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်

နေပြည်တော် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီးဒေါ်ခင်ဌေးမြင့်တို့သည် ဩဂုတ် ၂ ရက် နံနက် ၄ နာရီက ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား အရှေ့ဘက်မုခ်ရှိ ဒေါ်လှရင်တန်ဆောင်း (ဝိသာခါ ဓမ္မာရုံ)၌ ပုသိမ်မြို့တွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အပါး ၂၉၀၀ ကျော်နှင့်သီလရှင်အပါး ၄၀၀ ကျော်တို့အားလည်းကောင်း၊ ထေရ်ကြီးဝါကြီးဆရာတော် ၂၄ ပါးတို့အားလည်းကောင်း အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် နံနက် ၇ နာရီခွဲတွင် သာပေါင်းမြို့နယ် သပြေကျွန်းကျေးရွာအုပ်စု မကျီးပင်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်နှင့် ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပညာရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးက ပညာရေးဆိုင်ရာနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ စနစ်တကျကြပ်မတ်ပေးစေလို

ရန်ကုန်မြို့တော်၏ အချက်အချာကျ မြို့လယ်ကောင် ဆူးလေဘုရားကြီးနှင့် မဟာဗန္ဓုလပန်းခြံအနီးရှိ ပန်းဘဲတန်းမြို့နယ် (၃၂)လမ်းအောက်လမ်း MOGE ရုံး၏ရှေ့တွင် စည်းကမ်းမဲ့ အစားအသောက်ရောင်းသည့် ပုံကျစျေးသည်များ၊ စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်ပုံများ၊ တရားမဝင်ဖြည့်သွင်းရောင်းချနေသော ရေသန့်ဘူးခွံများကြောင့် လမ်းသူ လမ်းသားများ၊ လမ်းသွားလမ်းလာများ၊ ကျောင်းတက်ကျောင်းဆင်း၊ ရုံးတက် ရုံးဆင်းချိန်များတွင် အများ ပြည်သူများ လမ်းပိတ်ဆို့မှု

နေ့စဉ် ဖြစ်ပေါ်နေပါသည်။ နိုင်ငံခြားသားဧည့်သည်များမှလည်း အဆိုပါ စည်းကမ်းမဲ့နေမှု မြင်ကွင်းများကို ဓာတ်ပုံရိုက်မှတ်တမ်းများ ယူဆောင်နေကြောင်း မြင်တွေ့နေရပါသည်။ ထို့ကြောင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် စည်းကမ်းရှိခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ **လမ်းသူလမ်းသားများ**

လယ်ယာကဏ္ဍဆိုင်ရာ တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၄

နေပြည်တော်ကောင်စီနယ်မြေ လယ်ယာကဏ္ဍဆိုင်ရာ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော်လယ်ယာကဏ္ဍ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် လယ်ယာကဏ္ဍ ပိုမိုတိုးတက်ရေးအတွက် တောင်သူများ၏ လက်ငင်းလိုအပ်ချက်များကို အလျင်အမြန်ဖြည့်ဆည်း ဆောင်ရွက်ပေးရေး တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် လုပ်ဆောင်ချက်တိုင်း ကောင်းမွန်သောရလဒ်ရရှိအောင် ဆောင်ရွက်ရေး၊ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေ အမှန်တစ်ကယ်တိုးတက်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး၊ စိုက်ပျိုးထွက်ရှိသော သီးနှံများဈေးကွက်ရရှိရေး၊ အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး၊ ဝန်ထမ်းများစိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားအောင် ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးရေးအပါအဝင် တတိယအဆင့် အရှိန်မြှင့်တင်မှု ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်သူဝင်း



လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၉/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် နေ့စွဲပါ အမိန့်အမှတ် (၆/၂၀၁၄)ဖြင့် ဖွဲ့စည်းခဲ့သော "လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်" အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်"** အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပညာရေးရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်ရေး (Education Channel) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၄

Forever Group နှင့် Myanmar Media Development Center (MMDC) ရုပ်ရှင်သင်တန်းကျောင်းတို့မှပံ့ပိုးမှုဖြင့် ပညာရေးဝန်ကြီးဌာန၏ ပညာရေးရုပ်မြင်သံကြားရိုက်ကူးထုတ်လုပ်ရေး (Education Channel) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနရုပ်ရှင်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရိုက်ကူးထုတ်လုပ်ရေးသင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသားများကိုယ်စား သင်တန်းသား သင်တန်းသူ သုံးဦးတို့က ရိုက်ကူးရေးအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ၎င်းတို့လက်တွေ့ရိုက်ကူးထားသော Indoor နှင့် Outdoor Project သုံးခုကို ထုတ်လွှင့်ပြသသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီ**(အပေါ်ပုံ)** နှင့် Forever Group မှ အမှုဆောင်အရာရှိချုပ် ဦးဝင်းမော်တို့က သင်တန်းဆင်းအမှာစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

သင်တန်းမှာ ဇွန် ၂၇ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နှစ်လတာကြာမြင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၅ ဦးတက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် ဇာတ်ညွှန်းရိုက်ကူးမှု၊ တည်းဖြတ်၊ အသံ၊ အလင်း၊ သတင်းရေးသားနည်းစသည်များကို စာတွေ့၊ လက်တွေ့သင်ကြားခဲ့ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပညာရေးဝန်ကြီးဌာန၊ Forever Group နှင့် MMDC တို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် ဒေသခံများ ကျောင်းအဆောင့်တိုးမြှင့်ဖွင့်ပွဲတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကလေးမြို့နယ် ဆည်တော်ဦးကျေးရွာ ကျောင်းအဆောင့်တိုးဖွင့် ကျောင်းသားများအတွက် ဗလာစာအုပ်နှင့် အားကစားပစ္စည်းများလှူဒါန်း

နေပြည်တော် ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဆည်တော်ဦးကျေးရွာ ကျောင်းအဆောင့်တိုး ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲကို ဩဂုတ် ၁ ရက်နံနက် ၉ နာရီခွဲက ကျင်းပရာ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်နှင့် ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းအဆင့်တိုး ဖွင့်ပွဲကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်ပညာရေးမှူး ဦးထွန်းရီတို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က ကျောင်းအဆင့်တိုးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဧည့်ခံဖျော်ဖြေကြသော မြန်မာ့ရိုးရာခြင်းလုံးခတ်အဖွဲ့၊ ကဗျာလွတ် အကအဖွဲ့၊ တိုင်းရင်းသားရိုးရာချင်းအကအဖွဲ့၊ အိုးစည်ဒိုးပတ်အကအဖွဲ့တို့ကို ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး နတ်သျှင်နောင်ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအတွက် ဗလာစာအုပ်ဒါဇင် ၃၀၊ ကျောင်းသားများအတွက် အားကစားပစ္စည်းများ၊ ကျေးရွာပြည်သူများအတွက် ပြက္ခဒိန်များကို ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ကျေးရွာမှ ကျောင်းဆောင်သစ်ဖွင့်ပွဲ အမှတ်တရဆိုင်းဘုတ်များ ပြန်လည်ပေးအပ်ခဲ့ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

ရန်ကုန် ဩဂုတ် ၄

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် ပုံစံအိတ်ကို ဩဂုတ် ၁၄ ရက် (ကြာသပတေးနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၅ ရက်အထိ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တွင် လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❋ ကျောဖုံးမှ

ရေဘေးအန္တရာယ်က ကာကွယ်ပေးဖို့ လုပ်ဆောင်သွားမယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၃ ရက်တွင် မြန်မာ့အလင်းသို့ ဖြေကြားသည်။

တွံတေးတူးမြောင်းကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၃၀ ကျော်က ရန်ကုန်မြစ်နှင့်တိုးမြစ်တို့ကို ဆက်သွယ်ကာ အထက်ပိုင်းမှ စုန်ဆင်းလာသည့် မြစ်ကြောင်းခရီးမှသည် ပင်လယ်အထိ ခရီးပေါက်စေရန် ရည်ရွယ်ဖောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ၁၈၈၁ ခုနှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။

နှစ်ပေါင်း ကြာရှည်လာသည်နှင့်အမျှ မြစ်ကမ်းပါးများ ရေတိုက်စားခြင်းနှင့် ရေကြီး ရေလွှမ်းခြင်းများ ဖြစ်ပေါ်သဖြင့် ယခုကဲ့သို့ နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းကာ အဆင့်မြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊ ဗဟိုအဆင့် အလုပ်ရုံဆွေးနွေးပွဲအတွက် ဆွေးနွေးလိုသူများနှင့် စာတမ်းများဖိတ်ကြား

နေပြည်တော် ဩဂုတ် ၄

ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူးပြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအဆင့် အလုပ်ရုံဆွေးနွေးပွဲများကို စစ်ကိုင်းမြို့၊ ပုဂံမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါဒေသသုံးခုတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးချက်ရလဒ်များပေါ်အခြေတည်၍ ဗဟိုအဆင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံခန်းမ (နေပြည်တော်)၌ ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဗဟိုအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းဖတ်ကြားဆွေးနွေးလိုသူ ပညာရှင်များသည် မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာစာတမ်းများကို မိမိတို့၏လုပ်ငန်းသုတေသန အတွေ့အကြုံ၊ ကိုယ်ရေးပညာရပ်ဆိုင်ရာ အထောက်အထားများနှင့်တကွ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၅)သို့ ဩဂုတ် ၉ ရက် နောက်ဆုံးထားပေးပို့ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၄၀၈၀၃၂၊ ၀၆၇-၄၀၈၄၁၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သိရသည်။

ခွဲခြားဆောင်ရွက်

အချိန်ကန့်သတ်ချက်အရ စာတမ်းတစ်စောင်လျှင် ၁၅ မိနစ်ခန့်သာ ဆွေးနွေးစေလိုပြီး စာတမ်းရှင်များပါက အလုပ်ရည်ရွယ်ချက်အရ ဦးစားပေး (၁)၊ (၂) ခွဲခြားဆောင်ရွက်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုင်ငံတကာသတင်း

အီရတ်မြောက်ပိုင်း သူပုန်သိမ်းပိုက်မြို့များ ပိုမိုများပြား ဒေသခံပြည်သူများနေအိမ်များကို စွန့်ခွာထွက်ပြေး

ဂျီနီဗာ ဩဂုတ် ၄

စစ်သွေးကြွများက အီရတ်မြောက်ပိုင်း မြို့အတော်များများကို သိမ်းပိုက်လာမှုကြောင့် လူပေါင်း ၂၀၀၀၀၀ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးလာကြရခြင်းနှင့် ပတ်သက်၍ ကုလ သမဂ္ဂက သတိပေးပြောကြားလိုက်သည်။

အိုင်ဆစ်ဟု လူသိများသော အစ္စလာမ္မစ်စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံအနီး ဆင်ဂျာမြို့ကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ယင်းမြို့မှာ အဆိုပါသူပုန်အဖွဲ့က စနေနေ့တွင် ဇူးမားမြို့ကို သိမ်းပြီးနောက် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

အိုင်ဆစ်သူပုန်များက ဇွန်လမှ စတင်ကာ အဓိကထိုးစစ်ဆင်တိုက်ခိုက်မှုပြုလုပ်ပြီး အစိုးရထိန်းချုပ်မှုအောက်မှ အီရတ်မြောက်ပိုင်းဒေသအများအပြားကို သိမ်းပိုက်ထားသည်။

ဆင်ဂျာမြို့အခြေအနေမှာ လူသားချင်းစာနာမှု ကင်းမဲ့နေပြီဖြစ်ကြောင်း အီရတ်ဆိုင်ရာ ကုလသမဂ္ဂသံတမန် နီကိုလေးမာဒန်နော့က ပြောသည်။ အရပ်သားများအတွက် အလွန်ပင်စိုးရိမ်မိကြောင်း ကုလသမဂ္ဂသံတမန်များက ပြောသည်။ ဆင်ဂျာမြို့နေ ပြည်သူအများစုသည် သူပုန်လက်မှ လွတ်မြောက်စေရန် အနီးအနားရှိ တောင်တန်းဒေသများသို့ ထွက်ပြေးကြရသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ယူကရိန်းအရှေ့ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား အရပ်သားကိုးဦးသေဆုံး

ကီယက်ဗ် ဩဂုတ် ၄

ယူကရိန်းအရှေ့ပိုင်းဒေသများ၌ အစိုးရတပ်ဖွဲ့ဝင်များနှင့် ရုရှားလိုလားသူခွဲထွက်ရေးသမားများအကြား လတ်တလောတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အရပ်သားကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း အရာရှိများကပြောသည်။ ဒိုနက်စကီနှင့် Lugansk ဝန်းကျင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒိုနက်စကီမြို့ ဆင်ခြေဖုံးရပ်ကွက်၌ အမြောက်များ၊ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးခဲ့ပြီး ၁၃ ဦးဒဏ်ရာရရှိခဲ့သည်။ Lugansk ၌ အမြောက်များပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးခဲ့သည်။

Lugansk မြို့ကို ယူကရိန်းတပ်မတော်က ဝိုင်းရံပိတ်ဆို့ခဲ့ပြီး ရေလျှပ်စစ်နှင့် အစားအစာထောက်ပံ့မှုများကို ဖြတ်တောက်ခဲ့သည်။ ဆေးကုသရေးဌာနများသည်လည်း အမြောက်ကျည်ဆန်များ ထိမှန်မှုကြောင့် ပျက်စီးခဲ့ရကြောင်း Lugansk အာဏာပိုင်များက ဆိုသည်။ **(ပရက်စ်တီဗွီ)**

ဘင်္ဂလားဒေ့ရှ်တွင် ခရီးသည် ၂၀၀ လိုက်ပါလာသည့် ကူးတို့ရေယာဉ် တိမ်းမှောက်

ဒါကာ ဩဂုတ် ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော်ဒါကာ၏ အနောက်တောင်ဘက် ပတ်ဒမာမြစ်ထဲတွင် ခရီးသည် ၂၀၀ ခန့်လိုက်ပါလာသည့် ကူးတို့ရေယာဉ်တစ်စင်း တိမ်းမှောက်မှု ယနေ့ဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးအဖွဲ့များက ခရီးသည်ထက်ဝက်ခန့်ကို ပြန်လည်ဆယ်ယူနိုင်ခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲက ထုတ်ဖော်ပြောကြားသည်။

အမ်ဗွီပီနက်-၆ ဟု သိရှိရသော အဆိုပါရေယာဉ်တိမ်းမှောက်မှုမှ ခရီးသည် ၁၀၀ ခန့်ကို ကယ်ဆယ်နိုင်ခဲ့သည်ဟု မွန်ရှီဂန့်ဂျ်ခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး မိုဟမ္မဒ်ဆိုင်ဖူလ်ဟာဆန်ဘာဒယ်လ်က ပြောကြားလိုက်ပြီး သေဆုံးမှုနှင့် ပတ်သက်၍ သတင်းမရသေးကြောင်း ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်ပြည်တွင်းရေကြောင်း အာဏာပိုင်မှအဖွဲ့များ၊ မီးသတ်နှင့်ဘင်္ဂလားဒေ့ရှ် ကြည်းတပ်မတော်မှတပ်ဖွဲ့ဝင်များက ဒါကာမြို့တော် အနောက်တောင်ဘက် ၁၈ မိုင်(ကီလိုမီတာ ၃၀) အကွာတွင်ရှိသောအခင်းဖြစ်ပွားရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ခရီးသည်အများစုမှာ ရာမာဒန်ဥပုသ်လပြီးဆုံးသည့်အထိမ်းအမှတ်ပွဲတော် ကျင်းပပြီး ဒါကာမြို့တော်မှ ပြန်လာကြသူများဖြစ်သည်ဟု ဆိုင်ဖူလ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မေလအတွင်းကလည်း အလားတူရေယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ခရီးသည် ၂၀၀ ခန့်လိုက်ပါခဲ့သော ရေယာဉ်မှအလောင်း ၅၄ လောင်း ရှာဖွေတွေ့ရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်တွင် ဖြစ်ပွားခဲ့သည့် ရေယာဉ်မတော်တဆဖြစ်စဉ် အများအပြားမှာ လူအဆမတန် တင်ဆောင်ခြင်းကြောင့်ဖြစ်ပြီး အကြိမ်တိုင်းတွင်လည်း စည်းမျဉ်းစည်းကမ်းများကို တင်းကျပ်စွာကိုင်တွယ်သွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ကတိပြုလေ့ရှိကြသည်။

၂၀၁၂ ခုနှစ်မတ်လအတွင်းကလည်း ယခုရေယာဉ်နစ်မြုပ်မှုဖြစ်ပွားသည့် နေရာအနီး၌ ရေယာဉ်နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၄၅ ဦးထက်မနည်းသေဆုံးခဲ့ရသည်။ **(ရိုက်တာ)**

ယူနန်ပြည်နယ် ငလျင်ကယ်ဆယ်ရေး စစ်သားများစေလွှတ်

ပေကျင်း ဩဂုတ် ၄

တရုတ်အစိုးရသည် ငလျင်လှုပ်ခတ်မှုကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့သော ယူနန်ပြည်နယ် အနောက်တောင်ပိုင်းသို့ စစ်သား ၂၅၀၀ စေလွှတ်ခဲ့သည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသည် ငလျင်ရပ်ဝန်းတွင် တည်ရှိသည်။

တနင်္ဂနွေနေ့က အင်အား ၆ ဒသမ ၁ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ၃၈၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၈၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ လူနေအိမ် ၁၂၀၀ ပျက်စီးခဲ့ကြောင်း ဆင်ဟွာက ဖော်ပြခဲ့သည်။ ၄င်းငလျင်သည် ၁၄ နှစ်အတွင်း အင်အားအပြင်းဆုံးဖြစ်သည်ဟု နိုင်ငံပိုင်အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။

တရုတ်သမ္မတသည် အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရေးပြုလုပ်ရန် စစ်သားများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အနံ့ခံခွေးများနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်တို့ကို စေလွှတ်ခဲ့သည်။ အစိုးရက ရွက်ဖျင်တဲ ၂၀၀၀၊ အိပ်ယာလိပ် ၃၀၀၀၊ စောင် ၃၀၀၀၊ အဝတ်ထည် ၃၀၀၀ ကို ထောက်ပံ့ ပေးခဲ့သည်။

သို့သော် မိုးအဆက်မပြတ် ရွာသွန်းခြင်း၊ မြေပြိုခြင်းများကြောင့် ၄င်းဒေသအတွင်းရှိ လမ်းများစွာသည် အလွန်ပျက်စီးနေသဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ ခက်ခက်ခဲခဲသွားလာရကြောင်း ပေကျင်းရောက် ဘီဘီစီသတင်းထောက်က ပြောသည်။ **(ဘီဘီစီ)**



အမေရိကန် ကျန်းမာရေးကျွမ်းကျင်ပညာရှင် ၅၀ အီဘိုလာတိုက်ဖျက်ရန် အနောက်အာဖရိကသို့ စေလွှတ်မည်

အီမိုရီတက္ကသိုလ်ဆေးရုံအား တွေ့ရစဉ်။

ဝါရှင်တန် ဩဂုတ် ၄

အမေရိကန်သည် အနောက်အာဖရိက၌ အဆိုးရွားဆုံး ဖြစ်ပွားနေသော အီဘိုလာရောဂါ တိုက်ဖျက်ရေးကူညီရန် ပြည်သူ့ကျန်းမာရေးကျွမ်းကျင်ပညာရှင် ၅၀ ထက်မနည်း စေလွှတ်သွားရန် စီစဉ်လျက်ရှိကြောင်း အမေရိကန်က ကြေညာသည်။

အဆိုပါရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်လျက်ရှိကြောင်း၊ ၄င်းကို ရပ်တန့်သွားရဖွယ်ရှိကြောင်း အမေရိကန်ဝါရင့် ကျန်းမာရေးတာဝန်ရှိသူ တစ်ဦးက ပြောသည်။

အီဘိုလာရောဂါဖြစ်ပွားမှုကြောင့် ဂီနီ၊ လိုက်ဘေးရီးယား၊ ဆီယာ ရာလီယွန်နိုင်ငံတို့၌ ယခုနှစ်အတွင်း ၇၂၈ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။ လက်ရှိ သေပျောက်မှုနှုန်းမှာ ၅၅ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ ထိုအတောအတွင်း အမေရိကန် ဒေါက်တာတစ်ဦး အီဘိုလာရောဂါ ကူးစက်ခံရမှုကြောင့် လိုက်ဘေးရီးယားမှ အမေရိကန်သို့ ပြန်လာပြီးနောက် ကျန်းမာရေးအခြေအနေ တိုးတက်လာပြီဖြစ်သည်။

ဒေါက်တာ ကင့်ဘရင့်တလီသည် အီမိုရီတက္ကသိုလ်ဆေးရုံသို့ မသွားမီ စနေနေ့က ဂျော်ဂျီယာစစ်အခြေစိုက် စခန်းတစ်ခုသို့ ရောက်ရှိလာသည်။ အဆိုပါ ရောဂါကူးစက်ခံရသည့် အခြားအမေရိကန်တစ်ဦးလည်း မကြာမီပြန်လည်ရောက်ရှိလာမည်ဟု မျှော်လင့်ရသည်။

အဆိုပါရောဂါသည် လူ၏ခန္ဓာကိုယ်မှ ထွက်သော တံတွေး၊ သွေးစသည့် အရည်တို့ကိုထိကိုင်မိရာမှ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ဘီဟာပြည်နယ်၌ ရေကြီးမှုကြုံ

ဘီဟာ ဩဂုတ် ၄

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်မြောက်ပိုင်း နီပေါနိုင်ငံမှ ရေများစီးဆင်းလာမှုကြောင့် ဒေသခံပြည်သူ ၄၄၀၀၀ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟု ဆိုသည်။

နီပေါတွင် မြစ်ဖျားခံသည့် ကိုစီမြစ်ရေသည် မြင့်တက်လာခဲ့ပြီး စနေနေ့က မြေပြိုမှုဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးခဲ့သည်။ ကိုစီမြစ်ကျိုးပေါက်မှုကြောင့် ၂၀၀၈ ခုနှစ်က ဘီဟာပြည်နယ်၌ လူပေါင်း ၄၀၀ နီးပါး သေဆုံးခဲ့သည်။ **(ဘီဘီစီ)**

◆ *ရှေ့ဖုံးမှ*

ရှေ့ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီးတွင် လည်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့သစ်များသို့ ပြောင်းရွှေ့နေထိုင်သူ ပြည်သူများအတွက်အလုပ်အကိုင်နှင့် ဝင်ငွေဖန်တီးပေးနိုင်ရန်၊ မြို့တွင်း လူနေရပ်ကွက်များအတွင်း လုပ်ကိုင်နေသောစက်မှုလုပ်ငန်းများကို စနစ်တကျ နေရာသတ်မှတ်ပေးနိုင်ရန်၊ တိုင်းရင်းသား လုပ်ငန်းရှင်များ၏ အသေးစား အလတ်စား စက်မှုလုပ်ငန်းများ အားပေးမြှင့်တင်ရန်၊ ရည်ရွယ်ချက်များဖြင့် စက်မှုဇုန်များ တည်ထောင်ပေးခဲ့ပါကြောင်း။

စတင် တည်ဆောက်စဉ်က ရင်းနှီးတည်ဆောက်သူရွေးချယ်၍ ပင်မစီမံချက်များဖြင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်မှု အားနည်းခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့စက်မှုဇုန်များတွင် ရေ၊ မီး၊ လမ်း၊ ရေနုတ်မြောင်းစနစ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် စသည့် အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက် ကောင်းမွန်မှုမရှိခြင်း၊ ကျွမ်းကျင်လုပ်သား ရှားပါးခြင်း၊ အရင်းအနှီးအတွက် ဘဏ်ချေးငွေကဲ့သို့သော ငွေကြေးအရင်းအမြစ် အလှမ်းဝေးခြင်း၊ ထုတ်လုပ်မှုစရိတ်မြင့်မား၍ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမရှိခြင်း၊ စက်မှုဇုန်မြေဈေး ကစားမှုများရှိခြင်း၊ အလုပ်ရှင် အလုပ်သမား ပြဿနာများ ဖြေရှင်းနေရခြင်းစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ယင်းစိန်ခေါ်မှုနှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းပြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးနေသည့် တစ်ချိန်တည်းမှာပင် အလားတူ ချို့ယွင်းအားနည်းမှုများကို ရှောင်ရှားနိုင်မည့် စက်မှုဇုန်နယ်မြေသစ်များ တည်ဆောက်သွားရန် ရည်ရွယ်ပါကြောင်း၊ အဆိုပါ စက်မှုနယ်မြေများအား အတွေ့အကြုံရှိသည့် ရင်းနှီးတည်ဆောက်မှုများ၊ လုပ်ငန်းဆောင်ရွက်သူများက ဖော်ထုတ်စီမံခန့်ခွဲရန် လိုအပ်ပါကြောင်း၊ သို့မှသာ အရည်အသွေးမီ အခြေခံအဆောက်အအုံများ ရရှိနိုင်မှုကို အာမခံချက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား အသုံးပြုမှုနည်းပါးပြီး စက်မှုစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဝန်ထုပ်ဝန်ပိုးလည်း မရှိသလောက် လျှော့ချနိုင်ပြီး ကျွမ်းကျင်မှုအထူးမလိုသော လုပ်သားစူးစိုက်အသုံးပြုရသည့် စက်ရုံများကို ဦးစားပေးထူထောင်သွားရန်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေဖန်တီးပေးနိုင်မည့် လွယ်ကူရိုးရှင်းသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အလျှင်အမြန်ရပ်လုံးပေါ်လာမည်ဖြစ်ကြောင်း၊ စက်မှုရင်းနှီးတည်ဆောက်သူများကို အခြေခံအဓိကစီမံကိန်းပုံစံ၊ ဖြစ် မြောက်နိုင်စွမ်းလေ့လာမှု၊ ဈေးကွက်ဖော်ဆောင်ရေးအစီအစဉ်၊ တည်ဆောက်ရေးလုပ်ငန်း အစီအမံနှင့် အချိန်ဇယားတို့ပါဝင်သော လုပ်ငန်းအဆိုပြုလွှာ၊ အဆိုပြုလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျစရိတ်နှင့် ဘဏ္ဍာငွေကြေးထောက်ပံ့မှုအစီအစဉ်ပါဝင်သော ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများ တင်သွင်းစေပြီး ပွင့်လင်းမြင်သာစွာ ကျွမ်းကျင်သူအဖွဲ့နှင့် စိစစ်ရွေးချယ်သွားရန်ဖြစ်ကြောင်း၊ စိစစ်ရွေးချယ်ပြီး လုပ်ငန်းဇယားအတိုင်း အကောင်အထည်ဖော်မှုရှိ/မရှိစောင့်ကြည့်ကြပ်မတ်သွားပြီး သတ်မှတ်ချက်မပြည့်မီပါက လုပ်ငန်းရပ်ဆိုင်းခြင်း၊ နိုင်ငံတော်၏နစ်နာမှုအတွက် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းများကို ပြုလုပ်သွားရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်၏ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ မင်္ဂလာဒုံစက်မှုဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တိုင်းဒေသကြီး၏ ဂျီဒီပီတွင် စက်မှုကဏ္ဍက ၃၆ ရာခိုင်နှုန်း ပါဝင်မှုအနေအထားများ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန် အပိုင်း(၁)နှင့် စပ်လျဉ်းသည့်အခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ကျိုစက်မှုဇုန်တွင် လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရန် လေလံစနစ်ဖြင့် ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များ၏တည်နေရာများ၊ စက်မှုဇုန်အလိုက် မြေကွက်များ၏ အကွက်ချအနေအထားများ၊ လည်ပတ်နေသည့်စက်ရုံများ၊ တည်ဆောက်ဆဲစက်ရုံများ၊ စက်မှုဇုန်အတွင်း လူနေထိုင်မှုများ၊ စက်မှုဇုန်များအတွင်း လုပ်ငန်းအကောင်အထည်မဖော်ရသေးသည့် မြေကွက်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က သဘာဝပတ်ဝန်းကျင် မပျက်စီးရေးအပါအဝင် နိုင်ငံတော် ရေရှည်အကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်သင့်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ကော်မရှင်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက လွှဲပြောင်းပေးပြီးသည့် စက်မှုဇုန်များ၊ လွှဲပြောင်းပေးရန် ကျန်ရှိနေသေးသည့် စက်မှုဇုန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ပေးလျက်ရှိရာ ပြည်တွင်း၌တစ်လလျှင် အလုပ်အကိုင် သုံးသောင်းခန့်၊ ပြည်ပ၌တစ်လလျှင် အလုပ်အကိုင်ငါးထောင်ခန့်ကိုရှာဖွေပေးနိုင်ပါကြောင်း၊ အလုပ်အကိုင်ရှာဖွေရေးရုံးများတွင် အလုပ်လုပ်ကိုင်လိုသူ ၇၅၀၀၀ ခန့် မှတ်ပုံတင်ထားရာ အလုပ်အကိုင်ရရှိရေး ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများ၌ မိမိတို့နိုင်ငံသားများ သုံးသန်းကျော်အလုပ်လုပ်ကိုင်လျက်ရှိပါကြောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါက ၎င်းတို့အနေဖြင့် နိုင်ငံအတွင်း ပြန်လာမည့်အခြေအနေရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် ပြည်ပနိုင်ငံများမှ ကုမ္ပဏီများ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ဦးအောင်သန်းဦးနှင့် ဦးသိန်းအောင်တို့က စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝန်ကြီးဌာနအလိုက် ပံ့ပိုးဖြည့်ဆည်းပေးမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ အဖွဲ့ဝင်ဒေါက်တာဇော်ဦးနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက စက်မှုဇုန်တည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် သတိပြုသင့်သည်များကို ရှင်းလင်းတင်ပြကြပြီး စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၄

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့်အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (UN CTFMR) တို့သည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းစီမံချက် (Plan of Action)ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစီမံချက်အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် UN CTFMR တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ယနေ့အထိ ၃၆၃ ဦးအား ၎င်းတို့၏မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပေးခဲ့ပြီး ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အသက်မပြည့် သံသယရှိသူစစ်သည်များကို တပ်မတော်မှစိစစ်ဖော်ထုတ်ပေးနေမှုနှင့် ပြန်လည်စေလွှတ်ပေးနေမှုအခြေအနေများ၊ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူအသိပညာပေး လုပ်ငန်းအစီအစဉ်များ၊ ပြည်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❋ *ကျောဖုံးမှ*

ကျောဖုံးမှ

ဖျော်ဖြေခွင့် များများရလာတာက ကောင်းမွန်တဲ့အခြေအနေဖြစ်လာပါပြီ။ နောက်ဆိုရင် ရိုးရာဇာတ်သဘင်ကြီးတွေ ခမ်းခမ်းနားနားဖျော်ဖြေနိုင်ဖို့ နိုင်ငံတကာအဆင့်မီ ဇာတ်ရုံတွေ ပေါ်ထွက်လာစေလိုပါတယ်”ဟု စီစဉ်တင်ဆက်မည့်ဒါရိုက်တာ အနုပညာရှင် ဦးမိုးမင်းက ပြောကြားသည်။

အဆိုပါ သီပေါမင်းပါတော်မူ ဇာတ်တော်ကြီး၌ အနုပညာရှင်များဖြစ်သည့် မိုးမင်း၊ ဟန်ဇာမိုးဝင်း၊ ဇံဟိန်း၊ နန်းခင်မွှေး၊ တင်ဇာမိုးဝင်း၊ ဖြိုးရည်မျိုးတို့က အဓိကပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး အနော်မာသုခမမှ တင်ဆက်ခြင်းဖြစ်ကာ စိန်မဟာသဘင်မှ သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သံလွင်မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၄

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဩဂုတ် ၄ ရက် နံနက် ၈နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈ စင်တီမီတာ (၀. ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် (၄၈)နာရီအတွင်း ၃၀စင်တီမီတာ တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ **(မိုး/ဇလ)**

မြစ်ရေကြီးခြင်း သတိပေးချက်

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၀ စင်တီမီတာ (နှစ်ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

အလားတူ ယနေ့ မြန်မာစံတော်ချိန် ၁၄း၃၀ နာရီအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇၆ စင်တီမီတာ (နှစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

(မိုး/ဇလ)

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန် လိုအပ်သော ကာယကုသမှုဌာနသုံးစက်ပစ္စည်း ရှစ်မျိုးဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများကို ၁၁-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး အုပ်ချုပ်မှုဌာနတွင်ရယူနိုင်ပြီး ၁၈-၈-၂၀၁၄ ရက် ညနေ ၃ နာရီတွင် နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဇမ္ဗူသီရိအထူးကုဆေးရုံကြီး

ယာဉ်မောင်းအလိုရှိသည်

ပြည်တော်မိုးကုမ္ပဏီတွင် ယာဉ်မောင်းလိုင်စင်(အနီ) နှစ်ဦးအလိုရှိသည်။ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံတစ်ပုံနှင့် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၁၃၄၀၁၊ ၀၉-၇၃၁၅၀၁၂၂၊ ၀၉-၇၃၁၅၀၁၁၄၊ ၀၁-၅၄၈၂၉၇
အမှတ် (၈)၊ အေးသာယာလမ်း၊ တာမွေ၊ ဘောက်ထော်၊ အဝိုင်းလေး

ဖခင် အမည်မှန်

စလင်းမြို့နယ်၊ သရက်ချဉ်ရွာနေ သရက်ချဉ်အထက(ခွဲ) နဝမတန်းမှ မဝေဝေအောင်၏ဖခင် ဦးအေးချမ်း၏ အမည်မှန်မှာ ဦးအောင်ဝင်း၈/စလန(နိုင်)၀၃၅၅၆၂ ဖြစ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စု၊ မိုင်းသောက်ကျေးရွာအနီးတွင် ယဉ်ကျေးမှုအနုပညာကောလိပ်(ညောင်ရွှေ)ဖွင့်လှစ်ရန်အတွက် အောက်ဖော်ပြပါ အဆောက်အအုံများ တည်ဆောက်ရန် ဈေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အဆောက်အအုံ	အရေအတွက်
(က)	သင်ကြားဆောင်၊ သံကူကွန်ကရစ် နှစ်ထပ်(၆၄ပေ×၅၆ပေ×၂၂ပေ)	(၃)လုံး
(ခ)	ကျောင်းသားအိပ်ဆောင်၊သံကူကွန်ကရစ် နှစ်ထပ်(၁၅၀ပေ×၄၀ပေ×၂၂ပေ)	(၁)လုံး
(ဂ)	မီးဖိုနှင့်စားသောက်ခန်းမ၊ သံကူကွန်ကရစ် (၁)ထပ်(၁၀၀ပေ×၄၀ပေ×၁၂ပေ)	(၁)လုံး

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို သတင်းစာကြော်ငြာဖော်ပြသည့်ရက်မှစ၍ အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနစိတ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၈-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ဤရုံးသို့ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အနုပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၁၆၆

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကမ္ဘာ့အမွေအနှစ် စာရင်းဝင် မြန်မာ့ဂုဏ်ဆောင် ရှေးဟောင်းပျူမြို့တော် သရေခေတ္တရာ

ဒေါက်တာအောင်သန်းဝင်း
(အရှေ့တိုင်းပညာ)

မြန်မာလူမျိုးတို့၏ သမိုင်းအစသည် လွန်ခဲ့သောနှစ်သန်းပေါင်း လေးဆယ်ကဟု ဆိုရမည်ဖြစ်သည်။ ကမ္ဘာ့ရှေးအကျဆုံးလူသားမျိုးနွယ်၏ မူလအစဖြစ်သော လူတူ ပရိုင်းမိတ်ခေါ် အဆင့်မြင့်ပရိုင်းမိတ်များ ရှင်သန်ပေါက်ဖွားနေထိုင်ခဲ့ကြောင်း အထောက်အထားများကို မြန်မာနိုင်ငံပုံတောင်ပုံညာ ဒေသတွင် တွေ့ရှိခဲ့ရသည်။ ယခုဖော်ပြမည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းပျူမြို့တော် သရေခေတ္တရာသည်လည်း ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစု အစောပိုင်း ခေတ်ပြိုင်မြို့ဟောင်းများ ထွန်းကားမှုတွင် အရှေ့တောင်အာရှ၌ ယဉ်ကျေးမှုအထွန်းကားဆုံး ရှေးမြို့ဟောင်းဖြစ်သည်။ ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်များကို အခိုင်အမာမျက်မြင်ပြသနိုင်သည့် ရှေးဟောင်းမြို့တော်ကြီးလည်း ဖြစ်သည်။

ပျူမြို့တော်သရေခေတ္တရာသည် ယခုပြည်မြို့၏ အရှေ့တောင်ဘက်ငါးမိုင်ကွာတွင်ရှိသော မှော်ဇာရွာအနီးတွင်ရှိသည်။ အခြားသော ပျူမြို့ဟောင်းများလည်း တွေ့ရှိရသည်။ ထို့ကြောင့်ပျူတို့၏ မြို့ပြများသည် ခရစ်နှစ်အစပိုင်းလောက်ကပင်ရှိခဲ့ကြသည်ဟု ယူဆရလေသည်။ သရေခေတ္တရာမြို့ဟောင်းသည် အဝိုင်းပုံသဏ္ဌာန်ဖြစ်သည်။ မြို့အကျယ်တစ်ဆယ့်ရှစ်စတုရန်းမိုင်ရှိသဖြင့် ပုဂံ၊ မန္တလေးစသောနှောင်း မြို့တို့ထက် ကျယ်ဝန်းသည်။ ကျုံး၊ မြို့ရိုးတို့နှင့် အခိုင်အမာရှိသည့်အပြင် နန်းတော်ရာလည်းရှိသည်။ ဝိကြရမမင်းဆက်အုပ်စိုးသွားကြောင်း အရိုးအိုးစာများအရသိရသည်။ သရေခေတ္တရာမှ ပျူတို့၏ ဗိသုကာလက်ရာများသည် ပုဂံခေတ်ဗိသုကာ လက်ရာများ၏ အခြေခံဖြစ်သည်။ အထူးသဖြင့် ခုံးချွန်ခုံးအမိုးများသုံး၍ ဂူဘုရားများ တည်ဆောက်ခြင်းအတတ်သည် သရေခေတ္တရာပျူတို့ထံမှ ရရှိသော ဗိသုကာ အယူအဆပင်ဖြစ်သည်။ ငွေဒင်္ဂါးများကို အရွယ်အစားအမျိုးမျိုးဖြင့် သွန်းလုပ်သုံးစွဲနေကြောင်း တွေ့ရှိရသည်။ ကိုးကွယ်ယုံကြည်မှုတွင် ဗုဒ္ဓအယူဝါဒကို ယုံကြည်ကိုးကွယ်ကြသည်။

ခရစ် (၄) ရာစုနှစ်တွင် ပေါ်ပေါက်ခဲ့သော တွာယန်ကော်ကျိခေါ် တရုတ်သမိုင်းကျမ်း၌ "ဖျောက်" ဟု ခေါ်သော ယဉ်ကျေးသည့် မျိုးနွယ်တစ်ခုသည် ယဉ်ချန်း ဒေသ၏ အနောက်မြောက်ဘက် ထိ ၃၀၀၀ ခန့်အကွာတွင် တည်ရှိနေကြောင်း၊ ထိုဒေသ၌ မင်းနှင့်အမတ်၊ သားနှင့်အဖ၊ ကြီးသူနှင့် ငယ်သူတို့အကြားတွင် ထိုက်တန်သောလေးစားမှုများ ရှိနေကြောင်းတို့ကို ဖော်ပြထားသည်။ တန်ခေတ်တွင် ရေးသားခဲ့သော မှတ်တမ်းတစ်ခု၌လည်း "တရုတ်တို့ကဖျောက်ဟု ခေါ်သော လူမျိုးများသည် ၄င်းတို့ကိုယ်တိုင်ကမူ ထုလော်ကျူဟု ခေါ်ဝေါ်၍ ဂျာဗားကျွန်းသားများကမူ တုလီချူဟု ခေါ်ဝေါ်သည်"ဟု အမှတ်အသားတွေ့ရသည်။ ခေတ်ဦးတရုတ်မှတ်တမ်းများက ဖျောက်လူမျိုးတို့ကို မြင်းသည်တော်သင်္ကေတနှင့် ဖော်ပြထားကြသည်။

ဤတရုတ်မှတ်တမ်းတို့တွင် ဖျောက်ဟူ၍လည်းကောင်း၊ ထုလော်ကျူဟူ၍လည်းကောင်း၊ ခရစ်နှစ်ကိုးရာစု ပါရှင်နှင့် အာရပ်သမိုင်းမှတ်တမ်းတို့တွင် ဟဆူလ် ဟူ၍လည်းကောင်း ဖော်ပြထားသော လူမျိုးနွယ်သည် ပျူလူမျိုးများပင်ဖြစ်ကြောင်းကိုမူ ခရစ်နှစ် ၁၁၀၀ တွင် ရှေးဟောင်း မွန်ဘာသာဖြင့် ရေးထိုးခဲ့သော ကျန်စစ်သားမင်း(ထီးလှိုင်မင်း)၏ နန်းတော်ရာကျောက်စာပါ ဘိရ်ဆူလ်ဟူသော ဝေါဟာရက သက်သေခံနေသည်။

မြန်မာရာဇဝင်ကျမ်းများက ဒွတ္တပေါင်မင်းကြီး တည်ထားခဲ့သော ပျူခေတ်တို့၏ သရေခေတ္တရာမြို့ (ရသေ့မြို့)ဟု ဖော်ညွှန်းခဲ့သောဒေသသည် ယခုပြည်မြို့၏ အရှေ့တောင်ဘက် ၅ မိုင်ကွာ မှော်ဇာရွာအနီးတွင်ရှိသည်။ ဤဒေသတွင် တွေ့ရှိရသောပျူဘာသာ ကျောက်စာများ၌ တရုတ်တို့က ခေါ်ဆိုထားသည့် ဖျောက်ဟူသော ဝေါဟာရကို မတွေ့ရသော်လည်း ဤဒေသသည် ပျူတို့ယဉ်ကျေးမှုထွန်းကားခဲ့သောဒေသ၊ ဗုဒ္ဓသာသနာ ပြန့်ပွားစည်ပင်ခဲ့သော ဒေသဖြစ်ကြောင်းကိုကား ပြည်ပမှတ်တမ်းများနှင့် ရှေးဟောင်းသုတေသန တွေ့ရှိချက်များအရ အထောက်အထား ခိုင်လုံလှသည်။

ပြည်ပမှတ်တမ်းများအနက် တရုတ် ရဟန်းတော်ကြီး နှစ်ပါးဖြစ်ကြသော ဟူယန်ဆင်း (HUEN TFANG)နှင့် အစ်စင် (ITSING) တို့၏ ဖော်ပြချက်သည် တိကျခိုင်လုံလှသည်။ ဟူယန်ဆင်းသည် ခရစ်နှစ် ၆၄၂-ခုခန့်တွင် လည်းကောင်း၊ အစ်စင်သည်ခရစ်နှစ် ၆၇၅ ခုနှစ်တွင်လည်းကောင်း၊ မိမိတို့ တွေ့မြင်ကြားသိခဲ့သော ဗုဒ္ဓသာသနာစည်ပင်ရာ နိုင်ငံများအကြောင်းကို မှတ်တမ်းတင်ထားခဲ့ကြသည်။

ဤတွင် ဟူယန်ဆင်းက "သရေခေတ္တရာပြည်သည် အပြောကျယ်လှသော ပင်လယ်ကြီး၏ တစ်ဖက်ကမ်းပေါ်တွင်တည်ရှိ၍ ဘေးပတ်ဝန်းကျင်တွင် တောင်တန်းများတည်ရှိသည်။ မာလာယုကျွန်းဆွယ်သည် မြောက်ဘက်ရှိ ကာမလင်္ကာတိုင်း၏ အနောက်မြောက်ဘက်တွင်ရှိ၍ မွန်ခမာတို့၏ ဒေသဟု ခန့်မှန်းရသော ဒွါရာဝတီမြို့တော်၏ မြောက်ဘက်တွင်တည်ရှိသည်"ဟု ဖော်ပြထားသည်။

အစ်စင်ကမူကား "သရေခေတ္တရာပြည်သည် အိန္ဒိယနိုင်ငံ၏အရှေ့ဘက်နယ်နိမိတ်တွင်ရှိသော တိဘက်၏တောင်ဘက်နယ်နိမိတ်ဖြစ်သည့် မဲနက်သော တောင်တန်းကြီးများ၏ တောင်စူးစူးတွင်ရှိသည်။ အရှေ့ဘက်တွင် ယခု ချန်ပါဟုခေါ်သော လင်အိ(လာအို)နိုင်ငံရှိသည်။ သရေခေတ္တရာပြည်သူ ပြည်သားတို့သည် ရတနာသုံးပါးကို အလွန်ကိုင်းရှိုင်းရိုသေကြသည်"ဟူ၍ မှတ်တမ်းတင်ထားသည်။

တစ်ဖန် ခရစ်နှစ် ၈၀၀ ခန့်တွင် ရေးသားခဲ့သော တရုတ်မှတ်တမ်းတစ်စောင်၌လည်း ပျူတို့ဒေသတွင် "ပေ ၁၀၀ ကျော်ခန့်မြင့်သော အလွန်ဖြူဆွတ်လှသည့် ဆင်းတုတော်ကြီး တစ်ဆူရှိသည်။ ရွှေ၊ ငွေ၊ သတ္တုတို့ဖြင့်လည်းကောင်း၊ အမွှေးနံ့သာတို့ဖြင့်လည်းကောင်း၊ လှပနူးညံ့သောအခင်းတို့ဖြင့်လည်းကောင်း၊ မွမ်းမံထားသော ရဟန်းကျောင်း တစ်ရာကျော်ရှိသည်။ ၄င်းကျောင်းများတွင် ခုနစ်နှစ်အရွယ်မှ အသက် ၂၀အရွယ်အထိ အမျိုးသား အမျိုးသမီးများသင်ကြားကြသည်။ ၄င်းတို့သည် သူ့အသက်သတ်ခြင်းကိုရွံမုန်း၍ အသက်ကိုမြတ်နိုးသူများဖြစ်ကြသည်။ အပြစ်ပြုသူများကို သံကြိုးဖြင့်ချည်နှောင်အပြစ်ပေးခြင်းမျိုးပြုရန် ဥပဒေမရှိ။ အသက်သတ်ခြင်းနှင့်ပတ်သက်၍ ပိုးကောင်ငယ်များ မသေစေလိုသောကြောင့် ပိုးသားအဝတ်အထည်ကိုပင် မသုံးစွဲကြ"ဟု ဖော်ပြထားသည်။

ဤအဆိုများကို ထောက်ဆကြည့်ပါက ထိုမှတ်တမ်းများတို့က ရည်ညွှန်းဖော်ပြခဲ့သော အိန္ဒိယနိုင်ငံပြင်ပရှိ ဗုဒ္ဓဘာသာထွန်းကားရာ သရေခေတ္တရာမြို့တော်သည် ယခုမှော်ဇာအရပ်တွင်ပင် ဖြစ်ရမည်မှာသေချာလှသည်။

မြန်မာလူမျိုးတို့၏ သမိုင်းအစသည် လွန်ခဲ့သောနှစ်သန်းပေါင်း လေးဆယ်ကဟု ဆိုရမည် ဖြစ်သည်။ ကမ္ဘာ့ရှေးအကျဆုံးလူသားမျိုးနွယ်၏ မူလအစဖြစ်သော လူတူပရိုင်းမိတ်ခေါ် အဆင့်မြင့် ပရိုင်းမိတ်များ ရှင်သန်ပေါက်ဖွားနေထိုင်ခဲ့ကြောင်း အထောက်အထားများကို မြန်မာနိုင်ငံပုံတောင်ပုံညာ ဒေသတွင် တွေ့ရှိခဲ့ရသည်။ ယခုဖော်ပြမည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရှေးဟောင်းပျူမြို့တော် သရေခေတ္တရာသည်လည်း ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစု အစောပိုင်း ခေတ်ပြိုင်မြို့ဟောင်းများ ထွန်းကားမှုတွင် အရှေ့တောင်အာရှ၌ ယဉ်ကျေးမှု အထွန်းကားဆုံး ရှေးမြို့ဟောင်းဖြစ်သည်။

"ပျူလူမျိုးတို့သည် တိဘက် မြန်မာအနွယ်ဝင်ဖြစ်၍ မြန်မာနိုင်ငံအတွင်းသို့ အရှေ့ဘက်မှဝင်ရောက်လာကြသောကြေးနီခေတ် ယဉ်ကျေးမှုကို ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ ဘာသာစကားအရ မြန်မာနိုင်ငံအရှေ့ဘက်တွင် အတွေ့ရများသောလိုလို မိသားစုနှင့် နီးစပ်သည်။ ဂုပ္တအက္ခရာကိုသုံး၍ စာအရေးအသားတတ်မြောက်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း ပြည်မြို့အနီးတွင် သရေခေတ္တရာမြို့ကိုလည်းကောင်း၊ မြောက်ဘက် ရွှေဘိုမြို့အနီးတွင် ဟန်လင်းကြီးမြို့ကိုလည်းကောင်း၊ အရှေ့ဘက်သိန္နီသို့မဟုတ် လားရှိုးမြို့အနီးတွင် သိရိခေါ်ခံတပ်မြို့ငယ်ကလေးတစ်ခုကိုလည်းကောင်း တည်ထောင်ခဲ့ကြသည်။ သရေခေတ္တရာမြို့တော်တွင် ဝိကြမနှင့်ဝါမန်ဟူသော ဘွဲ့မည်ခံသော မင်းဆက်တည်ထောင်အုပ်စိုးခဲ့သည်"ဟူသော အချက်များကိုမူ သမိုင်းသုတေသီများ လက်ခံထားကြပြီးဖြစ်သည်။

၁၉၀၆-၁၉၀၇ ခု ခန့်မှစ၍ သရေခေတ္တရာမြို့တော်နေရာကို ရှေးဟောင်းသုတေသနဌာနက တူးဖော်စစ်ဆေးမှုများ ပြုခဲ့ကြသည်။ တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများအရ ပျူတို့သည်ဗိသုကာပညာ၊ ပန်းထိမ်ပညာ၊ ပန်းပုပညာ၊ အရေးအသားပညာတို့တွင် များစွာအဆင့်အတန်းမြင့်လှသည်။ ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကပစ္စည်းများဖြစ်ကြသော ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာစသော ပုထိုးကြီးများနှင့် ၄င်းပုထိုးတော်များအတွင်း မွမ်းမံခြယ်သထားသည့်အနုပညာလက်ရာများ၊ ရွှေ၊ ငွေ၊ ကြေး၊ ရွှံ့စေးတို့ဖြင့် သွန်းလုပ်ထားသော ရုပ်တုများနှင့်သာသနိကပစ္စည်းများကို ကြည့်ရခြင်းဖြင့် ဤဒေသတွင် ဗုဒ္ဓသာသနာစည်ပင်ထွန်းကားခဲ့ဖူးကြောင်း အတိအကျဆိုနိုင်သည်။

၄င်းဒေသမှ တူးဖော်တွေ့ရှိရသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကအမွေအနှစ်များအနက် အရေးအပါဆုံးသောတွေ့ရှိချက်များမှာ မှော်ဇာဒေသအနီး မောင်ကန်အရပ်နှင့် ခင်ဘကုန်းတို့မှတွေ့ရှိရသော ရွှေပေလွှာချပ်များဖြစ်ကြသည်။ ၄င်းရွှေပေလွှာချပ်များပေါ်တွင် ထေရဝါဒီတို့သာ လက်ခံအလေ့အလာပြုကြသော ပါဠိပိဋကတ်တော်တွင်းမှဟု အတိအကျပြောဆိုနိုင်သည့် စာပိုဒ်များကို ကဒမ္ဗအက္ခရာနှင့်တူညီသောအက္ခရာများဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည်ကိုတွေ့ရှိရသည်။ ၄င်းတို့မှာ

၁။ မဟာဝဂ္ဂကျမ်း(ဝိနယပိဋက)လာ အဿဇိမထေရ် ရွတ်ဆိုခဲ့သော 'ယေဓမ္မာဟေတုပ္ပဘဝါ' အစရှိသည့် ဂါထာကို မောင်ကန်ရွှေချပ်များပေါ်၌ ကူးယူ ရေးထိုးထားသည်။

၂။ မဟာဝဂ္ဂကျမ်း(ဝိနယပိဋက)မှပင် ထုတ်နုတ်ထားသော ပဋိစ္စသမုပ္ပာဒ်ဒေသနာကို ခင်ဘကုန်းရွှေချပ်များပေါ်တွင် တွေ့ရှိရသည်။

၃။ မဟာဝဂ္ဂကျမ်း(ဝိနယပိဋက) တွင်ပါရှိသော သိကြားမင်းက မြတ်စွာဘုရားသခင်ကို ပူဇော်သည့် ပါဠိစကားအချို့ကိုလည်း ခင်ဘကုန်း ရွှေချပ်များပေါ်တွင် တွေ့ရှိရပါသည်။

၄။ သုတ္တပိဋက ဒီဃနိကာယ်လာ သာမညဖလသုတ်တွင်ပါရှိသော ဆေးသမားတော်ဇီဝကက မြတ်စွာဘုရားသခင်ကိုပူဇော်သည့် "ဣတိပိသော" အစချီ စကားရပ်များကိုလည်း ခင်ဘကုန်းရွှေချပ်များပေါ်တွင် တွေ့ရသည်။

၅။ သုတ္တပိဋက ဒီဃနိကာယ်လာ မဟာပရိနိဗ္ဗာနသုတ်တွင် ပါဝင်သည့် ဗောဓိပက္ခိယ ဒေသနာစကားစုကိုလည်း ခင်ဘကုန်းရွှေချပ်များ၌ပင် တွေ့ရသည်။

၆။ သုတ္တပိဋက၊ မဇ္ဈိမနိကာယ်လာ မဟာသီဟနာဒသုတ်မှ ထုတ်နုတ်ထားသော ဘုရားရှင်တို့၏ ရဲရင့်ယုံကြည်ခြင်းသဘော ဝေသာရဇ္ဇလေးပါးတို့ကို ခင်ဘကုန်းရွှေချပ်များတွင် တွေ့ရသည်။

၇။ သုတ္တပိဋက၊ ခုဒ္ဒကနိကာယ်လာ ဓမ္မပဒကျမ်းမှ ဂါထာအမှတ် ၂၀၃ ကိုလည်း ခင်ဘကုန်း ရွှေချပ်များတွင် တွေ့ရသည်။

၈။ သုတ္တပိဋက၊ ခုဒ္ဒကနိကာယ်လာ ပဋိသမ္ဘိဒါမဂ္ဂကျမ်းမှ ဗုဒ္ဓဘုရားရှင်တို့၏ ဉာဏ်တော် ၁၄ ပါးတို့ကိုလည်း ခင်ဘကုန်းရွှေချပ်များတွင်ပင် တွေ့ရသည်။

၉။ သုတ္တပိဋကတော်အတွင်း ပျံ့နှံ့ပါရှိနေကြသော ဣဒ္ဓိပါဒ် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ သတိပဋ္ဌာန်တရား ၄ ပါး၊ သစ္စာ ၄ ပါး၊ ဝေသာရဇ္ဇ ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ စက္ခု ၅ ပါး၊ သဒ္ဓါရဏတရား ၇ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ ပါး၊ လောကုတ္တရာတရား ၉ ပါး၊ ဗလ ၁၀ ပါး၊ ဗုဒ္ဓဉာဏ ၁၄ ပါး၊ ဗုဒ္ဓဓမ္မ ၁၈ ပါးတို့ကိုလည်း မောင်ကန်ရွှေချပ်ပေါ်တွင် ရေးထိုးထားကြောင်း တွေ့ရသည်။

၁၀။ ထို့ပြင် ဘောဘောကြီးစေတီ၏ ဒုတိယပစ္စယာအထက်တွင်လည်း ဝိဘင်္ဂကျမ်း(အဘိဓမ္မပိဋက)မှ ထုတ်နုတ်ထားသည်ဟု ယူဆရသော ပါဠိဘာသာ ကောက်နုတ်ချက်များကိုလည်း တွေ့ရသေးသည်။

ဖော်ပြပါ နိုင်ငံခြားမှတ်တမ်းများ၊သရေခေတ္တရာမြို့ဟောင်းမှ တွေ့ရှိရသည့် ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်ပွားတော်များ၊ သာသနိက အဆောက်အအုံကဲ့သို့သော အမွေအနှစ်များနှင့် ရွှေပေချပ်များပေါ်တွင် ရေးထိုးမှတ်တမ်းတင်ထားသည့် ပါဠိပိဋကတ်တော်လာကောက်နုတ်ချက်များကို ပေါင်းစပ်သုံးသပ်ကြည့်လျှင် အဦးအစ မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့ခြင်း၊ ဘာသာတရား၊ စာပေ၊ အနုပညာ၊ အတတ်ပညာ၊ အသိပညာ၊ ဆင်ခြင်တုံတရားနှင့်အတူ ယဉ်ကျေးမှုအဆင့်မြင့်မားခြင်း၊ အရှေ့တောင် အာရှဒေသအတွင်း အရေးပါသောမြို့ပြအဖြစ်ရှားပါးစွာကျန်ရှိနေခြင်း စသည်တို့ကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်ဝင့်ထည်နေသော ရှေးဟောင်းပျူမြို့တော် သရေခေတ္တရာအား ဂုဏ်ပြုမှတ်တမ်းတင် ရေးသားလိုက်ရပါသည်။ ။

အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

မလှိုင် ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကံကြီးကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက အဆိုပါ ကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)မှခ်ဦးဆိုင်းဘုတ်ကို မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန (နေပြည်တော်)လ/ထ ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းရီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန လ/ထ ညွှန်ကြားရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကံကြီးဇာတိဖွား မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ကံကြီးကျေးရွာ စာသင်ကျောင်းသို့ ကံကြီးတောင်ကျေးရွာ၊ ကံကြီးမြောက်ကျေးရွာ၊ အလယ်ချောင်၊ ကျော်ခေါင်၊ မျက်သီးကျင်း(မြောက်)၊ ရွာသစ်ကလေး၊ ကျောင်းစု(အနောက်) ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားလျက်ရှိသည်။

မလှိုင်မြို့နယ် ကံကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းဖြင့် မူလတန်းပညာသင်ကြားတတ်မြောက်ပြီးပါက ဒေသခံကျောင်းသားကျောင်းသူများ မိမိတို့ကျောင်း၌ပင် အလယ်တန်းပညာကို ဆက်လက်သင်ကြားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အောင်ဌွေး(မလှိုင်)

မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်း အဆင့်မြင့်ရေးဆောင်ရွက်ရန်ကြည့်ရှု

တပ်ကုန်း ဩဂုတ် ၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအဖွဲ့မှူး ဦးကျော်ဦးသည် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက တပ်ကုန်းမြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်းသို့ ရောက်ရှိ၍ မြို့နယ်တာဝန်ရှိသူများက ပြည်သူ့အားကစားပြိုင်ကွင်းကြီးကို အဆင့်မြင့်အားကစားကွင်းအဖြစ် မွမ်းမံပြင်ဆင်ရေး ကိစ္စရပ်များရှင်းလင်းတင်ပြကြရာ ရုံးအဖွဲ့မှူးက အားကစားကွင်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆွေးနွေး

နေပြည်တော် ဩဂုတ် ၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား International Finance Corporation (IFC)မှ Resident Representative ဖြစ်သူ Mr.Vikram Kumar နှင့် အဖွဲ့သည် ဩဂုတ် ၄ ရက် နံနက် ၁၁ နာရီက အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဘိလပ်မြေလုပ်ငန်း၊ တာယာထုတ်လုပ်သည့်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း ပြည်ပကုမ္ပဏီများနှင့် IFC မှ ချိတ်ဆက်ဆောင်ရွက်ပေးလိုကြောင်း၊ အသေးစားနှင့်

အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) များအတွက် နိုင်ငံတကာမှ ချေးငွေအထောက်အပံ့ပေးလိုသူများနှင့် ချိတ်ဆက်ပေးရန်နှင့် IFC မှလည်း ပူးပေါင်းပါဝင်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

Miss Golden Land Myanmar ၂၀၁၄ Top Model ပြိုင်ပွဲအတွက် ဆန်ခါတင် ၁၀ ဦးရွေးချယ်

သတင်း-ခင်လေးမြင့်အောင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံအရပ်ရပ်မှ အမျိုးသမီးငယ် ၄၂၆ ဦးအနက် အဆင့်ဆင့်ရွေးချယ်မှုများပြုလုပ်ထားသည့် Miss Golden Land Myanmar 2014 ပြိုင်ပွဲ၏ Top Model Competition ပြိုင်ပွဲ၏ ဆန်ခါတင် ရွေးချယ်ပွဲကို ဩဂုတ် ၄ ရက်က ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။ ဖြစ်ခဲ့ကြပြီး ဆန်ခါတင်အဖြစ် ၁၀ ဦးကို ရွေးချယ်ပေးကြခြင်းဖြစ်သည်။

မေးထုတ်ပေး

"အလှမယ်တစ်ဦးမှာ ရှိသင့် ရှိထိုက်တဲ့အရည်အချင်းတွေ Talent နဲ့ Confidence တွေကို အကဲဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ Organization အနေနဲ့ အလှမယ် ၂၅ ဦးစလုံးကို အထူးလေ့ကျင့် Grand Myanmar 2013 ပြိုင်ပွဲကနေ နိုင်ငံတကာအဆင့် အလှမယ်တွေကို မွေးထုတ်ပေးခဲ့ပါပြီ" ဟု Miss Golden Land Maynmar Organization ၏ အမှုဆောင်အရာရှိချုပ် ကိုဝေယံအောင်က ပြောကြားသည်။

Miss Top Model ပြိုင်ပွဲအတွက် ဆန်ခါတင်ရွေးချယ်မှုများ

Miss Golden Land Myanmar 2014 အတွက် နောက်ဆုံးအဆင့်ရွေးချယ်ထားသည့် အလှမယ် ၂၅ ဦးအနက်မှ ပြိုင်ပွဲငယ်တစ်ခုဖြစ်သည့် အလှမယ်များ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စံပြအလှမယ်တစ်ဦး၏ ကြန်အင်လက္ခဏာများကို အမှတ်ပေးအကဲ သင်ကြားပေးလျက်ရှိပါတယ်။ Miss Golden Land Myanmar 2014 ပြိုင်ပွဲကို ဩဂုတ်နောက်ဆုံးပတ်မှာ ကျင်းပရွေးချယ်ပေးသွားဖို့ ရှိပါတယ်။ မနှစ်ကစပြီး Organization ကို တည်ထောင်ခဲ့တာဖြစ်ပြီး Miss Supranational 2013 နဲ့ Miss ကို Organization မှ တာဝန်ရှိသူများနှင့်အတူ ကိုသျှီလာ၊ ကိုချစ်ထိုက် (Style Dall)၊ မပွံ့ (My Favourite)၊ ကိုအောင်(Flash Memo)နှင့်မထက် (Pop Soul) တို့က ပါဝင်ရွေးချယ်အကဲဖြတ်ပေးခဲ့ကြပြီး အလှမယ် ၁၀ ဦးကို ရွေးချယ်ပေးခဲ့သည်။

Miss Top Model ပြိုင်ပွဲ ဆန်ခါတင်ရွေးချယ်ခံရသူများအဖြစ် နီနီမင်းသူ၊ ဆုလာဘ်ဘို၊ အမ်ဂျာဆန်း၊ ဇင်သီရိဝင်း၊ နန်းဘွဲ့၊ ပန်းအိဖြူ သူသူမြတ်နိုး၊ မေနှင်းသူ၊ အိမွန်ခိုင်နှင့် သင်းသဲဘိုတို့ ရွေးချယ်ခြင်းခံရကြောင်း သိရသည်။

"အလှမယ်တစ်ယောက်ဖြစ်လာဖို့မလွယ်ကူပါဘူး။ အဆင့်ဆင့်ဖြတ်ကျော်ယှဉ်ပြိုင်ရပါတယ်။ အလှအပ၊ ခန္ဓာကိုယ်ကြံ့ခိုင်မှုနဲ့ ကိုယ်ရည်ကိုယ်သွေးတွေကိုပါ ထည့်သွင်းစဉ်းစားပြီး ရွေးချယ်ပေးခဲ့ပါတယ်။ အလှအပမှာလည်း အပြင်ဘက်ထက် Inner Beauty ကို ထည့်သွင်းအကဲဖြတ်ပါတယ်။ ပရဟိတနဲ့ တာဝန်ယူတတ်တဲ့ အခြေခံစိတ်ဓာတ်ကောင်းတွေကို အလှမယ်တွေမွေးမြူသင့်တယ်" ဟု အကဲဖြတ်ဒိုင်တစ်ဦးဖြစ်သည့် ဒီဇိုင်နာ မပွံ့ (My Favourite) က ပြောပြသည်။

ဆောင်ရွက်ပေးနေ

Miss Golden Land Myanmar 2014 ပြိုင်ပွဲကြီးအတွက် ရွေးချယ်ထားသည့် အလှမယ်များမှာ နေပြည်တော်၊ မကွေး၊ နတ်မောက်၊ ရွှေစက်တော်နှင့် ဗိသနိုးမြို့ဟောင်းများသို့ လေ့လာရေးသွားရောက်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပရဟိတလုပ်ငန်းများနှင့် ပညာပေးအစီအစဉ်များကို ဇူလိုင် ၃၁ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကျင်းပ

သတင်း-ယဉ်ဘုန်း
ဓာတ်ပုံ-စိုးညွန့်

နေပြည်တော် ဩဂုတ် ၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အရှေ့တောင်အာရှလူငယ် ဘော်လီဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့ မွန်းတည့် ၁၂ နာရီမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ဆက်လက်ကျင်းပရာ မြန်မာ (က) အမျိုးသားအသင်းက နိုင်ပွဲရရှိခဲ့သည်။

တတိယနေ့ပွဲစဉ်အဖြစ် အမျိုးသမီးပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို (၂၅-၁၁) မှတ်၊ (၂၅-၁၃) မှတ်၊ (၂၂-၂၅) မှတ်၊ (၂၅-၁၈) မှတ် သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာ (က) အသင်းက ဗီယက်နမ်အသင်းကို (၂၅-၂၃) မှတ်၊ (၂၅-၂၀) မှတ်၊ (၂၅-၁၁) မှတ် သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ(က) အသင်းမှာ ပထမပွဲငယ် နှစ်ပွဲတွင် ရိုက်ခုတ်မှုများ မပြတ်သားခြင်းကြောင့် အနိုင်ရရှိရန် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ တတိယပွဲငယ်တွင် နည်းဗျူဟာပိုင်း အပြောင်းအလဲပြုလုပ်ကာ ကစားခဲ့သောကြောင့် အမှတ်အပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ နယူးဇီလန်အသင်းမှာ မြန်မာ(ခ)အသင်းကို (၁၈-၂၅) မှတ်၊ (၂၃-၂၅) မှတ်၊ (၂၅-၁၂) မှတ်၊ (၂၅-၂၃) မှတ်၊ (၁၅-၁၃) မှတ်ဖြင့် သုံးပွဲနှစ်ပွဲအနိုင်ရရှိခဲ့သည်။

စတုတ္ထနေ့ပွဲစဉ်များကို ဩဂုတ် ၅ ရက် (ယနေ့) တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် မြန်မာ(က)နှင့်မြန်မာ(ခ)၊ မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်နှင့် ထိုင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာ(က)နှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်နေစဉ်။

ပြည်တွင်းသတင်း

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂၉/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)
တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂) နှင့် ၁-၈-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၀/၂၀၁၃) တို့တွင်ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

(၁)	ကြည်း ၂၇၄၄၇ ဗိုလ်မှူးသန်းထွန်း	(အစား)	ကြည်း ၃၁၃၆၆ ဗိုလ်မှူးသိန်းထူး
(၂)	ကြည်း ၂၇၅၁၁ ဗိုလ်မှူးသန့်ဇင်ထွေး	(အစား)	ကြည်း ၂၀၂၃၈ ဗိုလ်မှူးမျိုးဟန်ချင်း
(၃)	ကြည်း ၂၇၅၉၃ ဗိုလ်မှူးဇော်လှိုင်ဦး	(အစား)	ကြည်း ၂၇၆၀၄ ဗိုလ်မှူးမြင့်ထွေး
(၄)	ကြည်း ၃၁၈၃၁ ဗိုလ်မှူးရဲဝင်းအောင်	(အစား)	ကြည်း ၃၇၂၀၇ ဗိုလ်မှူးနိုင်ဇင်သက်
(၅)	ကြည်း ၃၅၅၉၂ ဗိုလ်မှူးတင်ထွန်းလင်း	(အစား)	ကြည်း ၂၁၀၅၇ ဗိုလ်မှူးဖုန်းမြင့်နိုင်
(၆)	ကြည်း ၂၇၇၆၉ ဗိုလ်ကြီးခင်မောင်ဝင်း	(အစား)	ကြည်း ၂၈၄၇၀ ဗိုလ်ကြီးသက်နိုင်ဦး
(၇)	ကြည်း ၂၉၄၀၃ ဗိုလ်ကြီးအောင်မြတ်ဝင်း	(အစား)	ကြည်း ၂၇၆၀၁ ဗိုလ်ကြီးသက်နိုင်အေး
(၈)	ကြည်း ၂၉၉၈၉ ဗိုလ်ကြီးတင်ဌေး	(အစား)	ကြည်း ၄၈၇၆၆ ဗိုလ်ကြီးရာဇာထက်
(၉)	ကြည်း ၃၁၃၂၉ ဗိုလ်ကြီးထွန်းလှ	(အစား)	ကြည်း ၃၂၇၁၇ ဗိုလ်ကြီးမောင်မောင်မြင့်
(၁၀)	ကြည်း ၃၃၈၈၅ ဗိုလ်ကြီးဇေယျာလှိုင်	(အစား)	ကြည်း ၃၅၀၇၅ ဗိုလ်ကြီးကျော်ဝင်းလှိုင်

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဒိုက်ဦး၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်/ပြိုလဲမှုဖြစ်

ဒိုက်ဦး ဩဂုတ် ၄

ဩဂုတ် ၄ ရက်နံနက် ၁၀နာရီခွဲက ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက် ဒါးပိန်စုပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် (လေဆင်နှာမောင်းဟုယူဆရ) လူနေအိမ်များအမိုးလန်ခြင်း၊ ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးနေအိမ် ၃၄ လုံးဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပါရှိသွားသော မိသားစုများမှ နီးစပ်ရာဆွေမျိုးများနေအိမ်၌ ခေတ္တနေထိုင်၍ ကယ်ဆယ်ရေးစခန်း လိုအပ်မှုမရှိသေးဘဲ လိုအပ်ပါက အမက(ဒါးပိန်စု)ကျောင်းတွင် ဆက်လက်နေထိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ပြီး ၎င်းမိသားစုဝင်များ၏ စားသောက်ရေးအတွက် ဒါးပိန်စု ဆွမ်းလောင်းဓမ္မာရုံ၌ စီစဉ်ထားရှိပြီး အလုပ်အကိုင်မှာ အခြေခံလက်လုပ်လက်စားများ ဖြစ်ကြောင်း သိရသည်။ မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီမှ ပြုပြင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ရပ်ကွက်အတွင်းမှ ရပ်မိရပ်ဖများနှင့် တိုင်ပင်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်(iprd)

အရိုပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့်အရှိန်မြှင့်တင်မှု အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီက ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)တွင် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များအား တပ်ဖွဲ့/ဦးစီးဌာနများမှ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲများ၊ ဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ယူရသည့် လုပ်ငန်းကဏ္ဍများအလိုက် အစိုးရ/ပုဂ္ဂလိကပညာရှင်များ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အရာထမ်း/အမှုထမ်း စွမ်းဆောင်ရည်မြှင့် သင်တန်းများ စသည့်လုပ်ငန်းစဉ်များအား လမ်းညွှန်ချက်နှင့်အညီ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရုံသာမကဘဲ လက်အောက်ဝန်ထမ်းများကို သင်ကြားပြသ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်များကို ပြုပြင်ပြောင်းလဲ မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ဖွဲ့/ဦးစီးဌာနများအနေဖြင့် ပွင့်လင်းမြင်သာသော အခြေအနေများ ဝိုင်းဝန်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်ဖွဲ့/ဦးစီးဌာနအလိုက် အကြီးအကဲများနှင့်တာဝန်ရှိသူများက တပ်ဖွဲ့/ဦးစီးဌာနအလိုက် အကောင်အထည်ဖော်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှု၊ ပြုပြင်ဆောင်ရွက်သင့်သည်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေယာဉ်ဆီဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို နိုင်ငံတကာအဆင့်သို့ကူးပြောင်းနိုင်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ဆီဖြည့်တင်းရာတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ တင်ဒါခေါ်ယူ၍ ဝယ်ယူခဲ့သော Refueller အသစ်နှစ်စီးသည် ဩဂုတ် ၁ ရက်တွင် မင်္ဂလာဒုံ လေယာဉ်ဆီဖြည့်တင်းရေး ဌာနသို့ ရောက်ရှိလာသည်။

အဆိုပါ Refueller အသစ် နှစ်စီးမှာ ယူနိုက်တက်ကင်းဒမ်းမှ ထုတ်လုပ်သည့် Flight Line အမျိုးအစားဆီဖြည့်ယာဉ်များဖြစ်ပြီး လေယာဉ်ဆီဂါလန် ၄၀၀၀ စီ ဖြည့်တင်းနိုင်ကြောင်းနှင့် လေယာဉ်ကွင်းအတွင်း ဆင်းသက်သည့် လေယာဉ်များ များပြားလာမှုကြောင့် Remote Area များ၌ လေယာဉ်ဆီဖြည့်တင်းရန် ခက်ခဲသည့်အချိန်များ၌ လေယာဉ်ကွင်းအတွင်း ရပ်နားသည့်လေယာဉ်များအား လေယာဉ်ဆီ လိုက်လံဖြည့်တင်းပေးသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

ယခု အသစ်ရောက်ရှိလာသည့် Refueller စက်ပစ္စည်းများ ကိုင်တွယ်ထိမ်းသိန်းရန် Flight Line ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့်အဖွဲ့ဖြင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ စက်ပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းပုံ၊ ထိန်းသိမ်းနည်းများအား သင်တန်းပေးပြီးနောက် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် စတင်အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ဂါလန် ၇၀၀၀ စီ ဝင်ဆံ့သည့် Refueller အသစ်နှစ်စီးကိုလည်း ထပ်မံဝယ်ယူရန် စီစဉ်ဆောင်ရွက်ထားရာ ၂၀၁၄ ခုနှစ်ကုန်ပိုင်းတွင် ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းသည် လေယာဉ်ဆီဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းကို နိုင်ငံတကာအဆင့်သို့ အမြန်ဆုံးကူးပြောင်းနိုင်ရေးအတွက် လုပ်ငန်းအတွေ့အကြုံရှိသည့် ပြည်ပကုမ္ပဏီတစ်ခုနှင့် အကျိုးတူဖက်စပ်လုပ်ငန်း ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အကြိုစိစစ်မှု အောင်မြင်သည့် ပြည်ပကုမ္ပဏီ ၁၂ ခုမှ တင်ဒါများဝယ်ယူထားပြီး တင်ဒါပိတ်ရက်အား ဩဂုတ် ၂၅ ရက် နောက်ဆုံးသတ်မှတ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ဆီဖြည့်တင်းရာတွင် အသုံးပြုရန် မင်္ဂလာဒုံလေယာဉ်ဆီဖြည့်တင်းရေးဌာနသို့ ရောက်ရှိလာသည့် Refueller အသစ်နှစ်စီးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာနယ်ဇင်း ကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသော ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့မှ စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်များသည် အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသော စာနယ်ဇင်းကျင့်ဝတ်ပါအချက်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)က ထုတ်ပြန်ထားသော စာနယ်ဇင်းကျင့်ဝတ်ပါ အချက်များကို လေးစားလိုက်နာပြီး သတင်းများ ရေးသားဖော်ပြလျက်ရှိပါသည်။

အဆိုပါ စာနယ်ဇင်းကျင့်ဝတ်များနှင့်မကိုက်ညီသည့် ရေးသားဖော်ပြခြင်းများတွေ့ရှိပါက စာတည်းမှူးချုပ်(ကြေးမုံ) ဖုန်း ၀၆၇-၃၆၁၂၄၊ အီးမေးလ် themirrordallynpt@gmail.com၊ စာတည်းမှူးချုပ် (မြန်မာ့အလင်း) ဖုန်း ၀၆၇-၃၆၁၄၀၊ အီးမေးလ် mmalnpt.th@gmail.com၊ စာတည်းမှူးချုပ် (နယူးလိုက်အော့ဖ်မြန်မာ) ဖုန်း ၀၉-၂၅၀၂၀၄၆၅၂၊ အီးမေးလ် Wallace.tun@gmail.com၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းဌာန ဖုန်း ၀၆၇-၄၁၂၁၂၆ နှင့် အထွေထွေမန်နေဂျာ ၀၆၇-၃၆၁၃၇၊ ၀၉-၈၃၀၆၃၅၈ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(တောင်ကြီး)သည် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယာဉ်မောင်းစစ်ဆေးရေးကွင်းအတွင်း ဇူလိုင် ၂၅ ရက်က ကျင်းပရာ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝေလင်းအောင်နှင့် ဝန်ထမ်းများ သစ်ပင်မျိုးစုံ ၅၀၀ ကျော် စိုက်ပျိုးကြစဉ်။ (တောင်ကြီး ကညန)

တိုးချဲ့တည်ဆောက်လျက်ရှိသည့် အမှတ် (၂) ပေါက်တံတား ရေပြာ ၉၀ ရာခိုင်နှုန်းပြီးစီး

ပေါက် ဩဂုတ် ၄

ဂီရိနှင့် အိုတူးဘီမုန်တိုင်းများ၌ နှစ်ကြိမ်ဆက်တိုက်မျောပါပျက်စီးခဲ့သော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ယောချောင်းရှိ အမှတ်(၂)ပေါက်တံတား(ရေပြာ)ကို တိုးချဲ့ပြုပြင်တည်ဆောက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီ ဖြစ်ကြောင်း **(အောက်ပုံ)** အထူးစီမံကိန်းကြီးအဖွဲ့(၃)အင်ဂျင်နီယာက ပြောကြားသည်။

အဆိုပါတံတားသည် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၃၈၀ နှင့် ၃၈၁ ကြား)၊ ပခုက္ကူ-မင်းတပ်-မတူပီ ပြည်ထောင်စုကားလမ်းရှိ ပခုက္ကူနှင့်ပေါက်မြို့ကြား လမ်းသစ်(တောင်လမ်း)တွင် တည်ရှိပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ စတင်တိုးချဲ့ပြုပြင်ခဲ့ခြင်းဖြစ်သည်။ တံတားအုတ်မြစ် ဘိုးပိုင်အမျိုးအစား၊ ပေ ၆၀ (RC)နှင့် ပေ ၉၀ (PC) Girder ရက်မများနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ခြင်းဖြစ်သည်။

ယခင်တံတားကို ပြုပြင်ရာတွင် ပေ ၄၀ အရှည်ရှိသော အခန်း တစ်ခန်း၊ ပေ ၆၀ အရှည်ရှိ အခန်း နှစ်ဆယ့်နှစ်ခန်း၊ ၆၅ ပေအရှည်ရှိအခန်း နှစ်ခန်း၊ စုစုပေါင်း မူလတံတားအရှည် ပေ ၁၄၉၀ ရှိသည်။ သံကူကွန်ကရစ်ရက်မလေးခုဖြင့် အကျယ်ပေ ၂၀ ရှိပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၃၆ တန် ဖြစ်သည်။

ရေပြာဘက်ကမ်း၌ ထပ်မံတိုးချဲ့တည်ဆောက်ရာတွင် ပေ ၆၀ အရှည်ရှိ အခန်း ၁၁ ခန်းနှင့် ပေ ၉၀ အရှည်ရှိ အခန်း ၁၁ ခန်း စုစုပေါင်း ထပ်မံတိုးချဲ့တံတားအရှည် ပေ ၁၆၅၀ ရှိပြီး သံကူကွန်ကရစ် ရက်မ ငါးခုဖြင့် အကျယ် ၂၄ပေနှင့် တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

မူလနှင့် ထပ်တိုးတံတားတို့၏ စုစုပေါင်းအရှည် ပေ၃၁၄၀ ရှိပြီး နိုင်ငံတော်မှ ခွင့်ပြုငွေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း တစ်ထောင်နှင့်၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း နှစ်ထောင်၊ စုစုပေါင်း ကျပ်သန်းပေါင်း သုံးထောင်ဖြင့် တည်ဆောက်ခြင်းဖြစ်သည်။

ယခုအခါ တံတားတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီး လာမည့် စက်တင်ဘာလတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ခရီးသွားများ ဖြတ်သန်းသွားလာနိုင်သည်အထိ တည်ဆောက်လျက်ရှိပြီး ချဉ်းကပ်တံတားလမ်းများကိုလည်း အထူးစီမံကိန်းကြီး အဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

(လ/၀၀၅)

အများသုံးသောက်ရေကန်ယိုစိမ့်မှုအမြန်ဆုံးပြုပြင်

တောင်ကြီး ဩဂုတ် ၄

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့ရေပေးရေး ရေကန်တစ်ခုဖြစ်သည့် ရေအေးကွင်းရပ်ကွက်ရှိ ရေထွက်ဦးကန်မှ ဇူလိုင် ၂၈ ရက် တွင် မိုးရွာသွန်းမှုများကြောင့် ထုံးပေါက်ဖြစ်ပြီး ယိုစိမ့်မှုဖြစ်ပေါ်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး ဦးဆောင်သည့် ရေပေးရေးဌာနမှဝန်ထမ်းများက အချိန်မီပြုပြင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျိုးပေါက်ပျက်စီးမည့်အခြေအနေမှ ကင်းဝေးခဲ့သည်။

အဆိုပါ ရေထွက်ရေကန်ပြုပြင်နေမှုများကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး အမှုဆောင်အရာရှိဦးစိုးနိုင်ဦးနှင့် ရေပေးဝေရေးဌာန အင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြခဲ့ကြသည်။ အဆိုပါ ရေထွက်ဦး ရေပေးကန်သည် တောင်ကြီးမြို့ ရေပေးဝေရေးအတွက် ဒုတိယအကြီးဆုံးရေကန်ဖြစ်ပြီး မင်္ဂလာဦး၊ ရေအေးကွင်း၊ သစ်တော၊ ကန်ရှေ့ စသည့်ရပ်ကွက်များကို ရေဖြန့်ဝေပေးသည့် ရေကန်တစ်ခုဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များဆိုင်ရာ စာရင်းအင်းအချက်အလက်များကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးလုပ်ငန်းဆပ်ကော်မတီ စည်းဝေး

နေပြည်တော် ဩဂုတ် ၄

ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး ပြည်နယ်များမှ စုစည်းပေးရမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကိန်းများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညွှန်ကိန်းများနှင့်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များချမှတ်ပေးရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များဆိုင်ရာ စာရင်းအင်း အချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေး လုပ်ငန်းဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် ဒေါ်လဲ့လဲ့သိန်း၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အစိုးရအဖွဲ့ဝင် စီမံ/စီးပွားဝန်ကြီးများ၊ စာရင်းအင်း အချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေး လုပ်ငန်းဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတော်အနေဖြင့် စာရင်းအင်းအချက်အလက်များ အရည်အသွေးပြည့်ဝရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၄)ရပ်တွင် စတုတ္ထအချက်အဖြစ် မူဝါဒချမှတ်ခဲ့ကြောင်း၊ မိမိတို့အစိုးရ တက်လာပြီး ရက် ၅၀ တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အဆင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းစဉ်ကြီး(၈)ရပ် ချမှတ်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို အသစ်ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်အရ နိုင်ငံများ၏ဆင်းရဲနွမ်းပါးမှုနှုန်းကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ၂၅ နှစ်တာကာလအတွင်း ထက်ဝက်လျှော့ချရန် လျာထားဖော်ပြထားကြောင်း၊ ဆင်းရဲနွမ်းပါးမှုကို ခန့်မှန်းဖော်ပြနိုင်ရန်အတွက် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်းကို ၂၀၀၄-၂၀၀၅ ခုနှစ်နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်တို့တွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် UNDP, SIDA တို့ပူးပေါင်း၍ ကောက်ယူခဲ့ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ဆင်းရဲနွမ်းပါးမှုကို တိုင်းတာခန့်မှန်းရန်အတွက် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းကို ယခုနှစ်များအတွင်း ကောက်ယူရန် စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံအားဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် သတ်မှတ်ထားသည့် ညွှန်ကိန်းများဖြစ်သည့် ဝင်ငွေနိမ့်ကျမှုစံသတ်မှတ်ချက်၊ လူတို့၏ ပိုင်ဆိုင်မှု စံသတ်မှတ်ချက်နှင့် စီးပွားရေးထိခိုက်လွယ်မှု စံသတ်မှတ်ချက်တို့ကို ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုညွှန်ကိန်းစုစုပေါင်း ၇၀ ခုကို ဖော်ထုတ်တင်ပြထားပါကြောင်း၊ ၄င်းညွှန်ကိန်းများသည် LDC၊ MDG တို့နှင့် ဆက်စပ်ပေးနိုင်ကြောင်း၊ ကိန်းဂဏန်းစာရင်းအင်းများ တိကျ

မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကို စဉ်ဆက်မပြတ် အကဲဖြတ်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အပြန်အလှန်ညှိနှိုင်းပြီး စနစ်တကျရှိစေရန် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်များဝန်ကြီးများက ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြရန် ဖိတ်ခေါ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် သက်ဆိုင်သည့်ကဏ္ဍများကို တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ လုပ်ငန်းကော်မတီအား အထောက်အကူဖြစ်စေမည့် စာရင်းအင်းအချက်အလက်များ စုစည်းတင်ပြနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီ ၁၅ ခုနှင့် အထောက်အကူပြုကော်မတီ (ပြည်ထောင်စုဝန်ကြီးဌာန) များ၏ လစဉ်အစီရင်ခံစာများ၊ နှစ်ချုပ်အစီရင်ခံစာများအား စာရင်းချုပ်ပြုစု၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌထံသို့ ပေးပို့တင်ပြလျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများနှင့် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများကို ခွဲခြားလျာထားပြီး အချိန်ကာလခွဲဝေမှုများဖြင့် ထိရောက်အကျိုးရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် အစီရင်ခံစာများတွင် တိကျမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နိုင်ငံတကာစံချိန်စံညွှန်းမီ စာရင်းအင်းအချက်အလက်များဖြင့် ဖော်ပြနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ညွှန်ကိန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော လုပ်ငန်းဆပ်ကော်မတီဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ စီးပွားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး တာဝန်ခံ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက သက်ဆိုင်ရာဒေသအလိုက် အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကိုယ်စားလှယ် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့သည်။

ဖော်ထုတ်နိုင်ခဲ့

ယခုကဲ့သို့ အစည်းအဝေး ပြုလုပ်ခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့်ဆိုင်သော ညွှန်ကိန်းများကို သတ်မှတ်နိုင်ခဲ့ပြီး ထပ်မံဖြည့်စွက်ရန် လိုအပ်မည့်ညွှန်ကိန်းများကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။

ထို့အပြင် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းအချက်အလက်များ ရရှိရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထောက်အပံ့သဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် နည်းပညာတက္ကသိုလ်များ အဆင့်မြှင့် တင်ရေးစီမံကိန်းအတွက် အဆင့်မြှင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့အကြား အထောက်အပံ့သဘောတူညီချက် Grant Agreement လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ အမှာစကားပြောကြားရာ၌ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်သည် အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ဖြစ်သည့်အားလျော်စွာ ကျွမ်းကျင်အင်ဂျင်နီယာနှင့် သုတေသနပညာရှင်များ မွေးထုတ်ပေးရန်အတွက် JICA နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အခွင့်အလမ်းများ ရရှိလာခြင်းဖြစ်ပါကြောင်း၊ အင်ဂျင်နီယာနှင့် သက်ဆိုင်သော အဆင့်မြင့်ပညာရေး မြှင့်တင်ပေးရန် JICA နည်းပညာပူးပေါင်းဆောင်ရွက်ရေး ငါးနှစ်တာစီမံကိန်းအတွက် အဆင့်မြင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများကို JICA မှ ကူညီထောက်ပံ့ပေးသောကြောင့် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် သုတေသနအဆောက်အအုံနှစ်ခုနှင့် သုတေသနလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ထောက်ပံ့ပေးသည့် ယနေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုသော အထောက်အပံ့ သဘောတူညီချက်စာချုပ်အရ အနာဂတ်တွင်နှစ်နိုင်ငံအကြား အကျိုးတူဆောင်ရွက်ရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်၍ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား တည်ရှိဆဲ ခင်မင်မှုနှင့်ချစ်ကြည်ရင်းနှီးမှု ပိုမိုအားကောင်းလာစေမည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ JICA Office ၏ကိုယ်စားလှယ် Mr.Masahiko TANAKA က သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးရခြင်းအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အကျိုးရလဒ်များကို ပြောကြားသည်။

အခမ်းအနားကို အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာစိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ JICA Office ၏ကိုယ်စားလှယ် Mr. Masahiko TANAKA တို့က အထောက်အပံ့သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

ခရီးသည်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်၍ ရှစ်ဦးဒဏ်ရာရ

ရန်ကုန် ဩဂုတ် ၄

မရမ်းကုန်း မြို့နယ်အတွင်း ဩဂုတ် ၄ ရက် နံနက်ပိုင်းက ခရီးသည်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်ခဲ့၍ ရှစ်ဦးဒဏ်ရာရခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်က မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းအတိုင်း တောင်မှမြောက်သို့ အင်းစိန်မြို့နယ်နေ ယာဉ်မောင်း အောင်စိုး (၄၅ နှစ်) မောင်းနှင်လာသော (၇၉) ယာဉ်လိုင်း သန်မြန်သူခရီးသည်တင် ဒိုင်နာယာဉ်သည် (၈)ရပ်ကွက် ဂန္ဓမာလမ်းဆုံ မီးပွိုင့်အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်တွင် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် အမျိုးသားရှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် မြောက်ဥက္ကလာပဆေးရုံတွင် အတွင်း လူနာ(မစိုးရိမ်ရ)အဖြစ် ငါးဦး၊ ပြင်ပလူနာအဖြစ် သုံးဦး ဆေးကုသမှုခံယူပြီး ယင်းကဲ့သို့ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း အောင်စိုးကို မရမ်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

(၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး (AEM)နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်

သတင်းရယူမည့်မီဒီယာများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၄

(၄၆)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး 46th ASEAN Economic Ministers' Meeting (AEM) နှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ The Hotel Royal Ace ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www. asean 2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 46th ASEAN Economic Ministers' Meeting (AEM) ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REG-ISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို ဩဂုတ် ၁၅ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို အစည်းအဝေးစတင်သည့် ဩဂုတ်၂၅ ရက် နံနက်ပိုင်းတွင် The Hotel Royal Ace ၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှ တစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၇၁၄၉၊ ၄၀၇၁၅၀ သို့ လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယာဉ်ထိန်းရဲတပ်ဖွဲ့၏ အီးမေးလ်နှင့် လူမှုကွန်ရက်စာမျက်နှာသို့ တိုင်ကြားသည့်ယာဉ်များကို အရေးယူထားပြီးဖြစ်

ရန်ကုန် ဩဂုတ် ၄

ယာဉ်ထိန်းရဲတပ်ဖွဲ့၏ အီးမေးလ်နှင့် လူမှုကွန်ရက်စာမျက်နှာသို့ တိုင်ကြားသည့် ယာဉ်များအား အရေးယူထားပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့အတွင်း မောင်းနှင်သွားလာနေသော စည်းကမ်းပျက်ယာဉ်များကို အများပြည်သူမှ မှတ်တမ်းဓာတ်ပုံရိုက်ကူးပြီး အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)၏ အီးမေးလ်လိပ်စာနှင့် လူမှုကွန်ရက်စာမျက်နှာသို့ တိုင်ကြားလျက်ရှိရာ နံပါတ်ထင်ရှားပြီး မှတ်တမ်းတင်အရေးယူဆောင်ရွက်နိုင်သည့်အမှုများအနက် ပြီးခဲ့သော ဇွန်လအတွင်းက ၄၅ မှု၊ ဇူလိုင်လကတိုင်ကြားမှု ၆၆မှု လက်ခံရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ထုတ်ပြန်ထားသည်။

အဆိုပါ တိုင်ကြားမှုများအတွင်း လမ်းပြောင်းပြန်မောင်းနှင်မှု၊ မျဉ်းဖြတ်မောင်းနှင်မှု၊ သတ်မှတ်လမ်းကြောင်းမမောင်းနှင်မှု၊ ယာဉ်နှစ်ထပ်ရပ်မှု၊ မှတ်တိုင်မဟုတ် လူတင်/ချမှုများပါဝင်ပြီး အမှုများအား ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မှတ်တမ်းတင်အရေးယူထားရှိပြီးဖြစ်ကြောင်း၊ ထိုသို့ အများပြည်သူမှ ပေးပို့တိုင်တန်းလာသော အမှုများကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ၁၉၆၄ ခုနှစ်မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေတို့ဖြင့် အရေးယူထားရှိပါကြောင်း။

လိုင်စင်ပိတ်သိမ်းရမည့် ယာဉ်စည်းကမ်း ချိုးဖောက်မှုများအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကညန)သို့ ပေးပို့ထားရှိကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ထုတ်ပြန်လိုက်သည်။

စိုးဝင်း(SP)

သုံးခွမြို့နယ်တွင် လေပြင်းတိုက်ခတ်

သုံးခွ ဩဂုတ် ၄

သုံးခွမြို့နယ် ပုဂံတောင်ကျေးရွာအုပ်စုရှိ ဦးရွှေဥာဏ်ပတုပ်ကျေးရွာနှင့် ညောင်ပင်ကြီးကျေးရွာတို့တွင် ဩဂုတ် ၃ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် နေအိမ်ခြောက်လုံးပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဦးရွှေဥာဏ်ပတုပ်ကျေးရွာရှိ နေအိမ်သုံးလုံး အမိုးလန်ကာ နေအိမ်နှစ်လုံးမှာ ပြိုလဲပျက်စီးခဲ့ပြီး ညောင်ပင်ကြီးကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း၊ လူတိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၈၉၇၂၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ပျက်စီးသွားသောနေအိမ်များမှ မိသားစုဝင်များအား နီးစပ်ရာဆွေမျိုးများ၏နေအိမ်သို့ ခေတ္တပြောင်းရွှေ့ထားရှိပြီး တာဝန်ရှိသူများမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်လှစ်

စစ်တွေ ဩဂုတ် ၄

၂၀၁၄ခုနှစ် ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲကို စစ်တွေမြို့ ဥတ္တမခန်းမ၌ ဩဂုတ် ၁ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ပြည်သူများ၏ အာဟာရ အာဟာရကောင်းမွန်နေခြင်းသည် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်ရေး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးရေးတို့အတွက် ပဓာနကျသော အခြေခံ လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ အသက်ခြောက်လအထိ မိခင်နို့ တစ်မျိုးတည်းတိုက်ကျွေးရန် လိုအပ်ကြောင်း၊ မိခင်နို့တွင် အာဟာရပြည့်ဝစွာပါဝင်သဖြင့် ကလေးငယ်များ အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်ပြီး ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော ကလေးသေနှုန်းကျဆင်းမှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း စသည်ဖြင့်ထည့်သွင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဦးကျော်ခင်က ၂၀၁၄ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း ကလေးများအား ဗီတာမင်အေ အားဆေးများ တိုက်ကျွေးစဉ်။

ထို့နောက် ဆုရမိခင်များနှင့် စာစီစာကုံးဆုရ ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က ဆုများချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသာထွန်းနှင့်ဇနီး၊ ပြည်နယ် တရားသူကြီးချုပ် ဦးကျော်ကျော်နှင့်ဇနီး၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးမြင့်နှင့် ပြည်နယ်အဆင့်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

လှုပ်ရှားဆောင်ရွက်မည်

၂၀၁၄ ခုနှစ် အာဟာရရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ဩဂုတ်လ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ကာရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးတွင် လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကြီးစန်း

ဆောက်လုပ်ရေး အလုပ်သမားတစ်ဦး ဧရာဝတီမြစ်အတွင်း မျောပါပျောက်ဆုံး

ထီးချိုင့် ဩဂုတ် ၄

ဩဂုတ် ၃ ရက်နေ့ နံနက် ၁၀ နာရီက ကသာခရိုင် ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်ကူး တံတားစီမံကိန်းမှ ဆောက်လုပ်ရေးပုတ်ပြတ်အလုပ်သမားများဖြစ်ကြသည့် သက်နိုင်(၃၂ နှစ်) ဖူတီကျေးရွာ မော်လမြိုင်ကျွန်းမြို့နယ်၊ သန်းနိုင်(၃၄ နှစ်) ဂျိုကုန်းကျေးရွာ လှည်းကူးမြို့နယ်နှင့် (တစ်ရွာတည်းနေ) သီဟ(၁၇ နှစ်)၊ သန်းဇော်ဦး (၁၉ နှစ်)၊ မြစိုးသူ(ခ)အမောင်(၂၈နှစ်)တို့ ငါးဦးသည် ထီးချိုင့်မြို့နယ် ဆိပ်ကမ်းဘက်မှ တံတားတိုင်အမှတ် RP-5 ဘက်သို့ လက်ပစ်ကူးဖြတ်ခဲ့ရာ ကမ်းနှင့်ကိုက်(၁၅၀)အကွာ တံတားတိုင်အမှတ် RP-2 အနီးအရောက်တွင် အဆိုပါအဖွဲ့ မြစိုးသူ(ခ)အမောင်မှာ လက်ပစ်ကူးရင်း ခြေကုန်လက်ပန်းကျကာ ဧရာဝတီမြစ်အတွင်းသို့ မျောပါပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တံတားဆောက်လုပ်ရေးဝန်ထမ်းများမှ ပူးပေါင်းလိုက်လံရှာဖွေလျက်ရှိပြီး အသက်ရှင်လျက် ရှိ /မရှိ အတည်ပြုချက်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ (ကသာ)

မီးပွိုင့်တွင်ရပ်ထားသော ယာဉ်ကိုတိုက်မိခဲ့သဖြင့် ယာဉ်လေးစီးပျက်စီးပြီး နှစ်ဦးဒဏ်ရာရ

ရန်ကုန် ဩဂုတ် ၄

ရန်ကင်းမြို့နယ်အတွင်း ဩဂုတ် ၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ က ကမ္ဘာ့အေးဘုရားလမ်းအတိုင်း မြောက်မှတောင်သို့ လှိုင်မြို့နယ်နေ သော်ဘုန်းခန့်(၁၉)နှစ်မောင်းနှင်လာသော 1E---- မတ်တူးယာဉ်သည် ကန်ရိပ်သာလမ်းအလွန်အရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဘက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ မီးပွိုင့်၌မီးနီ၍ရပ်ထားသော 6G/---- ဟိုက်ဂျက်ကိုယ်ပိုင်ယာဉ်ကို တိုက်မိခဲ့ပြီး CC---- ကယ်ဒီနားအငှားယာဉ်အား ဆက်လက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့အတိုက်ခံရသည့်အရှိန်ကြောင့် 6G---- ဟိုက်ဂျက်ယာဉ်မှာ ၎င်း၏နောက်တွင်ရပ်ထားသော ၈က/---- လိုက်ထရပ်ကိုယ်ပိုင်ယာဉ်အား တိုက်မိခဲ့ကြောင်းသိရပြီး ယာဉ်တိုက်မှုကြောင့် ယာဉ်လေးစီးပျက်စီးခဲ့ကာ CC---- အငှားယာဉ်ပေါ်ပါ အမျိုးသား နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် တက်ရောက်ကုသခဲ့ရသည်။

ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ 1E---- ယာဉ်မောင်း သော်ဘုန်းခန့်အား ရန်ကင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-SP)

ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

အင်းစိန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့ အထက(၁) ခန်းမ၌ ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီက ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့၊ ဗဟို၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦး၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် ဗဟိုအဖွဲ့ဝင်များ တိုင်း၊ ခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ နာယကများ၊ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ တက်ရောက်သည်။ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကိစ္စများကို ပြောကြားကာ ဗဟိုအဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင်က ဗုဒ္ဓဘာသာအကြောင်းကိုလည်းကောင်း၊ ဖာသာဂျိုးဇက်မောင်ဝင်းက ခရစ်ယာန်ဘာသာအကြောင်းကိုလည်းကောင်း၊ ဦးညွန့်မောင်ရှိန်က အစ္စလာမ်ဘာသာအကြောင်းကို လည်းကောင်း၊ ဒေါက်တာအောင်နိုင်က ဟိန္ဒူဘာသာအကြောင်းကိုလည်းကောင်း ဆွေးနွေးကြသည်။ ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဦးထိန်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနား ရုပ်သိမ်းကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ

ဟိုပင်၌ နိုင်ငံသား စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်

ဟိုပင် ဩဂုတ် ၄

ကချင်ပြည်နယ် ဟိုပင်မြို့၌ လုပ်ငန်းကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အင်းလေးကျေးရွာ ဘုန်းတော်ကြီးကျောင်းမွာရုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေး၊ မိုးညှင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၆၃ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်သည်။

မိုးပွင့်အဆင့်(၆) စီမံချက်အရ ဟိုပင်မြို့တွင် အထကခွဲ၊ မြို့သစ်ကလေး အထကခွဲတို့တွင်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

လိုင်စင်မဲ့ ကားတစ်စီးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မော်လမြိုင် ဩဂုတ် ၄

မူးယစ်ဆေးဝါး သုံးစွဲသူနှင့် ရောင်းချသူများအား ထိရောက်စွာ ဖမ်းဆီးအရေးယူရေး စီမံချက်ဖြင့် မွန်ပြည်နယ် မော်လမြိုင် မူးယစ်တပ်ဖွဲ့စုမှ ဒုတိယရဲမှူး နိုင်ထန်းမနားနှင့်အဖွဲ့ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ ဒုရဲအုပ် စည်သူကျော်၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့ရုံးမှ ရဲအုပ်ဇော်နိုင်ထွန်း၊ မော်လမြိုင် မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းဒုရဲအုပ် ကျော်သူရမျိုး တပ်ဖွဲ့ဝင်များနှင့် စစ်ကဲကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ပန်းဘဲတန်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဖက်တန်း ရပ်ကွက်မှ ဆယ်အိမ်မှူးများ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့ စစ်ကဲကုန်းရပ် ကမ်းနားလမ်းနေ ဇေယျာဌေးနွယ် (၃၅ နှစ်)၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား လေးပြား ဖမ်းဆီးရမိသည်။

ဖမ်းဆီးရမိ

ဇေယျာဌေးနွယ်၏ အစစ်ခံချက်အရ အဆိုပါအဖွဲ့က ဆက်လက်၍ မော်လမြိုင် ပန်းဘဲတန်းရပ်ကွက် ပန်းဘဲတန်းလမ်းကြားနေ လှမိုး(ခ) တရုတ် (၄၉နှစ်) နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂ ပြား၊ တန်ဖိုးငွေကျပ် ၈၆၀၀၀၊ ဆေးခြောက် ၆၀ ကျပ်သား၊ ရောင်းရငွေကျပ် ၃၃၀၀၀၀ ဖမ်းဆီးရမိခဲ့သည်။

ဇေယျာဌေးနွယ်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်ရှေ့တွင်ရပ်နားထားသည့် တရားမဝင်လိုင်စင်မဲ့ MARK II ကားတစ်စီး ထပ်မံဖမ်းဆီးရမိသည်။

ဖမ်းဆီးရမိသူတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ကွမ်းခြံကုန်းမြို့နယ် တော်ပုလဲတံတားအဆင်းတွင် ယာဉ်တိုက်မှုဖြစ်ပြီး ယာဉ်တိမ်းမှောက်

ကွမ်းခြံကုန်း ဩဂုတ် ၄

ကွမ်းခြံကုန်းမြို့နယ် တော်ပုလဲတံတားအဆင်းတွင် ဩဂုတ် ၁ ရက် နံနက် ၁ နာရီခွဲခန့်တွင် ရန်ကုန်မှလာသော 9က/----- (Toyota CARINR) အနက်ရောင်ကားတစ်စီးနှင့် ဘိုကလေးဘက်မှ ကြက်/ ဘဲဥနှင့် ကဇွန်းများ သယ်ဆောင်မောင်းနှင်လာသော ကားနံပါတ် AYY 8ဃ/----- ကုန်တင်ကားတို့ ချိတ်မိပြီး ကုန်ကားကြီးမှာ တော်ပုလဲဘက်အခြမ်း ကလျာဆွေအလှပြင်ဆိုင်ရှေ့ဓာတ်တိုင်နှင့် လမ်းဘေးပလက်ဖောင်းတို့ကို တိုက်မိပြီး တုံးလုံးလဲ အနေအထားရှိနေခဲ့သည်။

အဆိုပါယာဉ်မောင်းနှစ်ဦးမှာ တိမ်းရှောင်နေဆဲဖြစ်ပြီး လူသေအပျောက်မရှိဘဲ ထိုဖြစ်စဉ်အား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

(၁၈၆)

ပြည်တွင်းသတင်း

ရန်ကုန်မြို့တွင်း အမြန်ယာဉ်ငယ် လိုင်းသစ်နှစ်လိုင်းပြေးဆွဲနေ

ရန်ကုန် ဩဂုတ် ၄

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်မြို့တွင် လူနေထိုင်မှုများပြားလာသည်နှင့်အမျှ ခရီးသည်တင်ယာဉ်လိုင်းပေါင်းများစွာရှိသော်လည်း ဘတ်စ်ကားများနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှု မမျှတဘဲရှိနေဆဲဖြစ်သည်။ ယခုအခါ အမြန်ယာဉ်ငယ်လိုင်းသစ်နှစ်လိုင်းကို တိုးချဲ့ပြေးဆွဲနေပြီဖြစ်သည်။

အဆိုပါ အမြန်ယာဉ်ငယ်လိုင်းသည် အောင်မင်္ဂလာ အဝေးပြေးယာဉ်စခန်းကို ဗဟိုပြုပြီးပြေးဆွဲလျက်ရှိရာ ယခင်က အောင်မင်္ဂလာအဝေးပြေးယာဉ်စခန်းနှင့် ဆူးလေသို့ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်သည်။

မော်တော်ယာဉ်ငယ်များဖြင့် ပြီးခဲ့သည့် ဇူလိုင် ၁၀ ရက်မှ စတင်က ပြေးဆွဲပေးနေသောကြောင့် အောင်မင်္ဂလာ အဝေးပြေးယာဉ်စခန်းမှ မြို့တွင်းသို့ တက္ကစီမငှားနိုင်သော ခရီးသည်များ၊ အချိန်တိုအတွင်း သွားရောက်လိုသည့် ခရီးသည်များအတွက် ထိရောက်သောဝန်ဆောင်မှုပင် ဖြစ်သည်။

ခရီးသည် ၁၂ ဦး တင်ဆောင်နိုင်ပြီး ပြေးဆွဲပေးနေသော အမြန်ယာဉ်ငယ်လိုင်းသည် ယခုအခါ အောင်မင်္ဂလာအဝေးပြေးယာဉ်စခန်းမှ မင်္ဂလာဈေးသို့ ခရီးစဉ်လမ်းကြောင်းတစ်ခုနှင့် အောင်မင်္ဂလာအဝေးပြေးယာဉ်စခန်းမှ အင်းစိန်သို့ ခရီးစဉ်လိုင်းကြောင်းသစ်တစ်ခုတို့ကို ထပ်မံတိုးချဲ့ပြေးဆွဲပြီဖြစ်သည်။ "ခရီးသည်တစ်ဦးကို ငွေကျပ် ၁၀၀၀ ဆိုတော့ သက်သာတယ်။ လမ်းမှာတော့ အတင်အချ ရှိတယ်။ ဒါပေမယ့် အချိန်ကုန်သက်သာတယ်၊ ကားအစီးရေများရင်တော့ အကောင်းဆုံးပါပဲ" ဟု ၎င်းကားဖြင့် စီးနင်းလိုက်ပါလာသူ ခရီးသည် ဦးအေးမြင့်က ပြောသည်။

ကနဦးစတင် ပြေးဆွဲချိန်က မော်တော်ကား ၁၅ စီး ဖြင့် ပြေးဆွဲခဲ့သော်လည်း ယခု လိုင်းသစ်နှစ်ခု ပြေးဆွဲမှုကြောင့် မော်တော်ယာဉ်ငယ် အစီးရေ ၆၀ ကျော် ရှိလာပြီဖြစ်သည်။ ၎င်းမော်တော်ယာဉ် လိုင်းငယ်များသည် ခရီးစဉ်အဖြစ် တစ်နေ့လျှင် လေးကြောင်း ပြေးဆွဲပေးလျက်ရှိသည်။ ရန်ကုန်မြို့တွင် ယာဉ်လိုင်းပေါင်း ၉၀ ကျော်နှင့် ခရီးသည်တင်ယာဉ် အစီးရေပေါင်း ၁၆၀၀ ကျော်ရှိသော်လည်း တစ်နေ့လျှင် ခရီးသည်ဦးရေ ၁၁ သိန်းကျော်ရှိနေသည့်အတွက် ခရီးသည်များ သွားလာရေးမှာ အခက်အခဲများရှိနေဆဲဖြစ်ရာ အမြန်ယာဉ်ငယ်လိုင်းများက ယင်းအခက်အခဲကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းကူညီနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်သူများအား မိဘဆွေမျိုးသဖွယ် ကူညီစောင့်ရှောက်ရန် အမြဲတမ်းအဆင်သင့်ဖြစ်နေရမည်

မိတ္ထီလာ ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အားကစား(ပေါက်ချောင်း)ကွင်း၌ အမှတ်(၃၅) လုံခြုံရေးတပ်ဖွဲ့ဝင်များ စုပေါင်း၍ လူစုလူဝေး စနစ်တကျထိန်းသိမ်းခြင်း သရုပ်ပြလေ့ကျင့်မှုကို ဩဂုတ် ၂ ရက် ညနေပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ လာရောက်ကြည့်ရှုအားပေးကြီးကြပ်ခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများမှ ပေါက်ဖွားလာသူများသာ ဖြစ်ကြောင်း၊ ပြည်သူများကို မိဘဆွေမျိုးသဖွယ် ကူညီစောင့်ရှောက်သွားရန် အမြဲတမ်း အဆင်သင့်ရှိရမည်ဖြစ်ကြောင်း၊ လူစုလူဝေး စီမံခန့်ခွဲမှု ပညာရပ်များကို အမြဲတမ်းလေ့ကျင့်နေရန် လိုအပ်ပြီး မည်သည့်အချိန် ပြုလုပ်သည်ဖြစ်စေ ကျွမ်းကျင်တတ်မြောက်နေရမည်ဖြစ်ကြောင်း၊ မည်သည့်ပညာရပ်မဆို အမြဲတမ်းလေ့ကျင့်နေမှသာ ကျွမ်းကျင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရဲမှူးချုပ်သူရဘိုနီက မှာကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆင့်ပွားပြန်လည်ပို့ချ

မိတ္ထီလာတွင် အခြေစိုက် ရဲတပ်ရင်းအဖြစ် တာဝန်ယူနေသည့် အမှတ်(၃၅) လုံခြုံရေးတပ်ဖွဲ့ဝင် ၈၀ ကို ဥရောပသမဂ္ဂ (အီးယူ) အကူအညီဖြင့် ဖွင့်လှစ်သည့် နိုင်ငံတကာအဆင့် လူစုလူဝေးစီမံခန့်ခွဲမှုအတတ်ပညာ သင်တန်းသို့ တက်ရောက်ခဲ့သည့် တပ်ဖွဲ့ဝင်များက လုံခြုံရေးတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမျိုးသန်းထိုက်၏ ကြီးကြပ်မှုနှင့် ဒုတိယရဲမှူးထွန်းဦးရှိန်၏ ဦးစီးမှုတို့ဖြင့် ဆင့်ပွားပြန်လည်ပို့ချနေခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

မင်းဘူးမြို့တွင် အများပြည်သူတို့၏ကျန်းမာရေးထိခိုက်နိုင်သော ထုံးဖိုလုပ်ငန်း မြို့နယ်စည်ပင်သာယာက နေရာပြောင်းရွှေ့လုပ်ကိုင်စေရန် ညွှန်ကြား

မင်းဘူး ဩဂုတ် ၄

မင်းဘူးမြို့ အမှတ်(၄) ဝေဠုဝန် (၄) လမ်းထိပ်တွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မဖောက်ထုံးများကို သိုလှောင်ခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်ရောင်းချခြင်းများ ပြုလုပ်လျက်ရှိရာ အဆိုပါထုံးဖိုမှ ထုံးအခိုးအငွေ့များ၊ ထုံးအမှုန်များ ထွက်ရှိခြင်းကြောင့် အဆိုပါရပ်ကွက်အတွင်းရှိ ဒေသခံ ရပ်ကွက်နေပြည်သူများ ရှူရှိုက်မိပါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားလာနိုင်ခြင်း၊ မျက်စိအတွင်း ထုံးမှုန်များ ဝင်ရောက်ပါက မျက်စိရောဂါများ ဖြစ်ပွားလာနိုင်ခြင်းနှင့် ဓာတုဖြစ်စဉ်များအရ မီးဘေးအန္တရာယ်အတွက် စိုးရိမ်ရခြင်းများကြောင့် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါ ထုံးဖိုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ပုဒ်မ ၂၁(င)ဖြင့် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် နေရာပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ရန် လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိပါက စည်ပင်သာယာရေး ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အကြောင်းကြားစာကို အဆိုပါထုံးဖိုလုပ်ငန်းပိုင်ရှင်ထံ ပေးပို့ဆောင်ရွက်စေခဲ့သဖြင့် ထိုထုံးဖိုကို လုပ်ငန်းရှင်မှ အဆိုပါ ထုံးဖိုလုပ်ငန်းကို မင်းဘူးမြို့တွင်းမှ မင်းဘူးမြို့ပြင်သို့ ပြောင်းရွှေ့လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်စေခဲ့ကြောင်း မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူက ပြောကြားသည်။

ပြောကြား

အဆိုပါ ထုံးဖိုကို မြို့ပြင် ပြောင်းရွှေ့လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ရပ်ကွက်နေပြည်သူများနှင့် ကလေးငယ်များအတွက် ထုံးငွေ့များ ရှူရှိုက်မှုများနှင့် ထုံးမှုန်များ မျက်စိအတွင်း ဝင်ရောက်မှုများ မရှိနိုင်ခြင်းကြောင့် မျက်စိအန္တရာယ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားလာမည်ကို မစိုးရိမ်ရတော့ကြောင်း ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောကြားသည်။

ကျော်ဇေယျ

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် မော်လမြိုင်-ရန်ကုန် အစုန်/အဆန်ရထားများ ခေတ္တရပ်ဆိုင်းခဲ့ရ

မော်လမြိုင် ဩဂုတ် ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဘိုရားကြီးကျေးရွာအုပ်စု ကမ်းနားလမ်း အရှေ့ဘက်ခြမ်း၌ ဩဂုတ်လ ၃ ရက် မွန်းတည့် ၁၂ နာရီခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဘိုရားကြီးကျေးရွာရှိ အိမ်ခြေ(၃၇) လုံးပျက်စီးသွားပြီး ဘိုရားကြီးဘူတာနှင့် ကျိုက်ထိုဘူတာကြား မီးရထားမိုင်တိုင်အမှတ် (၉၄/၁၉) မှ (၂၀) ကြားတွင် ရထားလမ်းပေါ်သို့ ညောင်ပင်ကြီး တစ်ပင်ပြိုလဲကျခဲ့၍ ရထားလမ်းပိတ်သွားသဖြင့် ရထားများ ဆက်လက်ထွက်ခွာမရတော့၍ ရန်ကုန်မှ မော်လမြိုင်သို့ ထွက်ခွာလာသော အမှတ်(၈၉)အဆန်ရထားသည် ဘိုရားကြီးဘူတာတွင် လည်းကောင်း၊ မော်လမြိုင်မှ ရန်ကုန်သို့ ထွက်ခွာလာသော အမှတ်(၈၉) အဆန်ရထားသည် ကျိုက်ထိုဘူတာတွင် လည်းကောင်း ရပ်တန့်ခဲ့ရသည်။

အဆိုပါ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဘိုရားကြီးကျေးရွာနေ ပြည်သူများနှင့် ရထားစီး ခရီးသည်များ မည်သူတစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ဖြစ်ပွားသည့်နေရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တမ(၄၄)မှ အရာရှိများနှင့် စစ်သည်တော်များ၊ မြန်မာ့မီးရထား အမှတ်(၈)တိုင်းသွားလာပို့ဆောင်ရေးဌာနမှ မန်နေဂျာ ဦးတင့်ဝေနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာလုပ်သားများက ရောက်ရှိလာပြီး ခုတ်ထွင်ရှင်းလင်းကာ သဘာဝဘေးဒဏ်ခံရသည့် မိသားစုဝင်များကို နီးစပ်ရာဆွေမျိုးများထံ ပို့ဆောင်ပေး၍ လူနေအိမ်များ အမြန်ဆုံးပြန်လည်ပြင်ဆင်ရေးနှင့် နေထိုင်စားသောက်ရေးတို့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(လ/၀၁၂)

စပါးစိုက်ခင်းထဲသို့ ငါးခုံးမသားပေါက်များ စိုက်ထည့်

ကျောက်တံခါး ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ကျောက်တံခါးမြို့နယ် ကျောင်းစိုးကျေးရွာအုပ်စု ကျောင်းစိုးကျေးရွာရှိ တောင်သူများ စိုက်ပျိုးထားသော စပါးစိုက်ခင်းထဲသို့ တစ်ဧကလျှင် ငါးခုံးမမီးနီ သားပေါက်ကောင်ရေ ငါးထောင်နှုန်းဖြင့် ကျောင်းစိုးစပါးစိုက်ကွင်း ဧကနှစ်ရာအတွက် ငါးသားပေါက် ၁၀ သိန်းကိုလည်းကောင်း၊ အနန်းဘော်ကျေးရွာအုပ်စု အနန်းဘော်ကျေးရွာအတွက် အုပ်ချုပ်ရေးမှူး ဦးတိုးစန်း နေအိမ်တွင် ဧကတစ်ရာအတွက် ငါးသားပေါက် ငါးသိန်းကို လည်းကောင်း အခမဲ့ လာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စပါးစိုက်ခင်းများထဲသို့ ငါးခုံးမမီးနီ ငါးသားပေါက်များ ထည့်လွှတ်ပေးခြင်းဖြင့် တောင်သူများ စိုက်ပျိုးထားသော စပါးပင်၏ ပိုးမွှားများကို ၎င်းငါးသားပေါက်များက စားသုံးပေးနိုင်ခြင်းကြောင့် ပိုးမွှားအန္တရာယ်မှ ကာကွယ်မှုပေးသည့်အပြင် တောင်သူများ နှစ်လကြာမွေးမြူ ထိန်းသိမ်းထားခြင်းဖြင့် စားသုံးရန်အရွယ်သို့ ရောက်ရှိပြီး တောင်သူများအတွက် စပါးနှင့်ငါးများ အကျိုးရှိစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

တောင်သူများထံ ငါးသားပေါက်များ အခမဲ့ပေးအပ်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်၊ ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးစန်းဝင်း၊ ကျောင်းစိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လင်း၊ အနန်းဘော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတိုးစန်းနှင့် အထောက်အကူပြု ကော်မတီများ၊ ရပ်မိရပ်ဖများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

မကွေး-လားရှိုး မှန်လုံယာဉ်ကို လေးခွဖြင့်ပစ်ခဲ့သူအား သက်ဆိုင်ရာကအရေးယူ

မကွေး ဩဂုတ် ၄

မကွေးမြို့ ကားကြီးကွင်းအတွင်းရှိ စွယ်တော်ဖူးဂိတ်မှူး ကြည်ဇေဦးသည် ဩဂုတ် ၂ ရက် ညနေ ၆ နာရီက ဂိတ်အတွင်းရှိနေစဉ် မကွေး-လားရှိုးထွက်မည့် မှန်လုံယာဉ်မောင်း လင်းလင်းထွန်းနှင့် ယာဉ်နောက်လိုက် သန်းထွန်းတို့သည် လမ်းကြေးပေးဆောင်ရသည့်ကိစ္စနှင့်ပတ်သက်ပြီး စကားများကြရာမှ ကားပိုင်ရှင် ဦးအေးကိုက သန်းထွန်းအား ဂိတ်အတွင်းထားရှိပြီး ယာဉ်မောင်း လင်းလင်းထွန်းအား ခရီးသည် ၂၂ ဦးနှင့်အတူ လားရှိုးခရီးစဉ်အား ထွက်ခွာခိုင်းခဲ့ရာ မကွေးမြို့ အထက (၃) ကျောင်းအနီးအရောက် ယာဉ်နောက်လိုက် သန်းထွန်းသည် ကားအရှေ့မှတားစည်ရှောင် မောင်းခဲ့ရာ သန်းထွန်းက အသင့်ပါလာသည့် လေးခွဖြင့်ပစ်ခဲ့သဖြင့် ကား၏ဝဲဘက်ခြမ်းနေကာမှန်ကို ထိမှန်ကွဲသွားကာ တန်ဖိုးငွေကျပ် တစ်သိန်းခွဲခန့် ဆုံးရှုံးပျက်စီးခဲ့သဖြင့် ကားမှန်ကို လေးခွဖြင့်ပစ်သူ သန်းထွန်းကို အရေးယူပေးရန် ယာဉ်မောင်းကြည်ဇေဦးက တိုင်တန်းခဲ့သဖြင့် မကွေးမြို့ မကွေးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဝယ်သူကိုမျှော်နေသော ငှက်ပျောများ

သတင်း-အဝယ်တော်ဖိုးထော်၊ ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)

မန္တလေး ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး ရွှေဘို၊ ကျောက်ဆည်မြို့နယ်တို့မှ ၁၂ ဘီး ကုန်တင်ကားကြီးများဖြင့် နေ့စဉ် ဝင်လာသော ဖီးကြမ်းငှက်ပျောခိုင်များ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်နှင့် အနီးဝန်းကျင်ဒေသ၊ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တို့မှ ရေလမ်းဖြင့်ဝင်လာသော သီးမွှေး၊ ဖီးကြမ်း၊ ရွှေငှက်ပျောခိုင်များကို ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်း အုန်းငှက်ပျောအရောင်းဒိုင်များရှေ့တွင် မျက်စိတစ်ဆုံးထက်မက ရှည်လျားစွာ မြင်တွေ့နေရသည်။ ညဦးပိုင်းမှစ၍ တစ်ညလုံး ဝင်လာကြခြင်းဖြစ်သည်။

ဝါဝင်ပြီး ဝါခေါင်လသို့တိုင် ရောက်ခဲ့ပြီဖြစ်၍ ရန်ကုန်ဈေးကွက်အတွင်း အရောင်းအဝယ်အလွန်မှုပင် အေးစက်နေကြောင်း သိရသည်။ ဗားကရာကုန်စည်ဒိုင်ဝင်းအတွင်းရှိ ချမ်းမြေ့လှိုင် ငှက်ပျောသီးဒိုင်မှ ဦးအောင်စိုးက "ဝယ်သူကို မျှော်ရသောက" ဟု ကင်မွန်းတပ်ခဲ့သည်။

ယခုရက်ပိုင်းအတွင်း၌ ကျုံပျော်မြို့နယ်နှင့် တွံတေးမြို့နယ်တို့မှ ငှက်ပျောတင် မော်တော်ကြီးများ တစ်နေ့သုံးလေးစင်း ပုံမှန်ဝင်လျက်ရှိပြီး၊ မော်တော်တစ်စင်းလျှင် ငှက်ပျောအခိုင်ပေါင်း ၃၀၀၀ ဝန်းကျင်ပါတတ်ကြောင်း၊ ကျောက်ဆည်၊ ရွှေဘိုဘက်မှ ၁၂ ဘီးကားကြီးများဖြင့် နေ့စဉ်လေးငါးစီး ဝင်လျက်ရှိနေပြီး ကုန်ကားကြီးတစ်စီးလျှင် ငှက်ပျောအခိုင်ပေါင်း ၄၅၀မှ ၅၀၀အကြား ပါရှိကြောင်းသိရသည်။

ယခုရာသီ၌ ငှက်ပျောဒိုင်များအနေဖြင့် နယ်ဝေးတင်ပို့သမျှ လက်ခံ ရောင်းပေးနိုင်ခြင်းမရှိဘဲ ဖောက်သည်ပေါ်မူတည်၍ နယ်များမှ မှာယူနေရကြောင်း ၎င်းကဆိုသည်။

ငှက်ပျောဒိုင်ကြီးတစ်ခုမှ ကိုမင်းက" ငှက်ပျောအမျိုးအစားက လက်ရှိ ရွှေ၊ သီးမွှေး၊ ဖီးကြမ်း၊ ရေသီ(ရခိုင်) အသုံးများပေမယ့် ဒီကနေ့ ရန်ကုန်မှာ ရေသီ သီးအပင် မရှိသလောက်နည်းသွားပြီး အခုဒီအသီးတွေဘယ်ကိုသွားနေသလဲဆိုတော့ တောင်ပြုန်းပွဲတော်ရှိတဲ့အတွက် အဲဒီဘက်ကို အဓိကပို့နေတယ် ပို့သလောက်လဲ ကုန်တယ်" ဟုဆိုသည်။

ကြည့်မြင်တိုင် ဗားကရာဆိပ် ငှက်ပျောသီးဈေးကွက်၌ ကျုံပျော် ဖီးကြမ်းတစ်ဖီးလျှင် ၂၀၀ မှ ၈၀၀၊ မန္တလေး၊ ကျောက်ဆည်၊ ရွှေဘိုဘက်မှလာသော ဖီးကြမ်းငှက်ပျောသီးတစ်ဖီးလျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ အထိ ဈေးရှိနေသည်။

ကျုံပျော်နှင့် တွံတေးဘက်မှ ဝင်လာသော သီးမွှေးတစ်ဖီးလျှင် ငွေကျပ် ၂၀၀ မှ ၁၀၀၀ အတွင်းဈေးရှိနေကြောင်း သိရသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၅
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၂
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၂၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၂၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၅၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၈၅
ဥရောပ	တစ်ယူရို	၁၃၂၅-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	၁၃.၂-၁၅.၂
အိန္ဒိယ	တစ်ရူပီး	၁၄.၃၂-၁၄.၇
တရုတ်	တစ်ယွမ်	၁၆၅-၁၇၃
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန် (ဧည့်မထအသစ်)	တစ်အိတ်	၁၈၀၀၀-၁၈၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၇၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၇၅၀
ကြက်သွန်ဖြူ(ကြွကုတ်)	တစ်ပိဿာ	၁၃၆၀-၁၄၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၂၁၀-၆၀၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀-၂၄၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော်မင်းတင်ပြသည်။

ပြင်ဦးလွင်သစ္စာပန်း ပန်းပွင့်ထက် မျိုးဥရောင်းအားကောင်း

ပြင်ဦးလွင် ဩဂုတ် ၄

ပြင်ဦးလွင်ဒေသရှိ သစ္စာပန်းဈေးကွက်အတွင်း ပန်းပွင့်များထက် မျိုးဥများကို အဝယ်လိုက်လျက်ရှိသောကြောင့် သစ္စာပန်းခင်းများအတွင်း အပွင့်ခူးယူခြင်းမရှိတော့ဘဲ မျိုးဥအတွက်သာ အဓိက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်ဒေသထွက် ပန်းများကို မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိရာ ဂန္ဓမာ၊ သစ္စာပန်း၊ ပန်းထိမ်ငို၊ မေမြို့ပန်းစသည့် ပန်းအမျိုးအစားထဲတွင် သစ္စာပန်းသည် အရောင်အသွေးစုံလင်စွာဖြင့် လှပစွာဖူးပွင့်သော်လည်း ရာသီဥတုဒဏ်နှင့် သယ်ယူပို့ဆောင်ရာတွင် အကြမ်းခံနိုင်မှု အားနည်းသောကြောင့် ဝယ်လိုအားနည်းလျက်ရှိကြောင်း သိရသည်။

သို့သော်လည်း သစ္စာပန်းများသည် ရေခံမြေခံ ရာသီဥတုကောင်းမွန်သော ပြင်ဦးလွင်ဒေသတွင် စံချိန်စံညွှန်းပြည့်ဝပြီး အရည်အသွေးမြင့်မားသည့် မျိုးဥများကို ပြန်လည်ရရှိသည့်အတွက် မြေပြန့်ဒေသမှ ပန်းစိုက် တောင်သူများအနေဖြင့် ပြင်ဦးလွင်ဒေသရှိ သစ္စာပန်းမျိုးဥများကို ကြိုက်နှစ်သက်ကြကြောင်း သိရသည်။ သစ္စာပန်း၏ သဘောသဘာဝမှာ အပွင့်ကို ခူးယူလျှင် မျိုးဥအားနည်းသွားပြီး မျိုးဥကို အဓိကထား ယူမည်ဆိုပါက ပန်းပွင့်ကို ခူးယူခြင်းမပြုရတော့ပေ။ ပန်းပွင့်ခူးယူထားခြင်းမရှိသော မျိုးဥများမှာ ပြန်လည်စိုက်ပျိုးသော တစ်ရာသီအတွင်း ပွင့်အားကောင်းပြီး အရောင်တောက်ပမှုရှိကြောင်း သိရသည်။ ပန်းပွင့်ကို အဓိကထားသော အပင်များတွင် မျိုးဥမှာ သေးငယ်သွားပြီး (ဒေသအခေါ်ကြိမ်စေ့) အနည်းဆုံး နှစ်ကြိမ် ပြန်လည်စိုက်ပျိုးပြီးမှသာ လှပကောင်းမွန်သည့် သစ္စာပန်းကို ရရှိကြောင်း သိရသည်။

ယခုအချိန်သည် မိုးရာသီကာလဖြစ်သောကြောင့် ပြင်ဦးလွင်ဒေသမှ မြန်မာနိုင်ငံအရပ်ရပ်သို့ ပန်းများ တင်ပို့ရောင်းချရာတွင် လေဒဏ်၊ မိုးဒဏ်နှင့် တချို့ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် အချိန်ကြာမြင့်မှု ဒဏ်တို့ကို ခံနိုင်ရည်အားနည်းသော သစ္စာပန်းများ တင်ပို့ရောင်းချခြင်းကို အနည်းငယ်သာပြုလုပ်ကြပြီး မျိုးဥထုတ်လုပ်ရောင်းချခြင်းကိုသာ အဓိကထားလုပ်ကိုင်စိုက်ပျိုးလျက်ရှိကြောင်း ပန်းစိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ဖခင် အမည်မှန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ အထက (၃)၊ ပဥ္စမတန်း၊ အခန်း (င)မှ မောင်နိုင်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၈/ပမန(နိုင်)၁၆၁၃၇၉ ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4579၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ ယုဇနတာဝါ၊ အဆောက်အအုံ ရှစ်ထပ်၊ အခန်းအမှတ် ၈၀၆ရှိ Oryx International General Services Co., Ltd. ၏ ဒါရိုက်တာများဖြစ်ကြသော ဦးခင်မောင်ထွန်းနှင့် ဦးမိုးကိုကိုတို့၏ ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Oryx ကုမ္ပဏီ၏ ဒါရိုက်တာများအဖြစ်လည်းကောင်း၊ ကိုယ်စားလှယ်များအဖြစ်လည်းကောင်း ဟန်ဆောင်၍ ဂျပန်ပြည်သို့ အလုပ်အကိုင်ရရှိရန်ဆောင်ရွက်ပို့ပေးမည်ဟု အချို့သောသူများက ငွေများကောက်ခံနေကြောင်းသိရပါသည်။ Oryx ကုမ္ပဏီအနေဖြင့် ဂျပန်ပြည်သို့ အလုပ်အကိုင်အတွက် ယခုထိစေလွှတ်သူများမရှိပါ။ Oryx ကုမ္ပဏီ၏ တရားဝင်ဒါရိုက်တာများမှာ ဦးခင်မောင်ထွန်းနှင့် ဦးမိုးကိုကိုတို့သာဖြစ်ကြ၍ ၎င်းတို့၏ရုံးခန်းမှာ ဗဟန်းမြို့နယ်၊ ယုဇနတာဝါ၌သာတည်ရှိလျက် အခြားမည်သည့်နေရာတွင်မှ ရုံးခန်းဖွင့်ထားရှိခြင်းမရှိပါ။

Oryx ကုမ္ပဏီ၏ ကိုယ်စားလှယ်များအဖြစ် ဟန်ဆောင်၍ ဂျပန်ပြည်နှင့် အခြားသို့ အလုပ်အကိုင်စီစဉ်ပေးမည်ဟု ငွေများကောက်ခံလျှင် ငွေပေးသူများ၏တာဝန်သာဖြစ်ပြီး ကျွန်တော်တို့အမှုသည်များနှင့် လုံးဝမသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးညွန့် B.A, R.L, D.I.L **ဒေါ်သန်းသန်းမြင့် LL.B**
စဉ်-၆၁၂၇ **စဉ်-၈၅၀၄**
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၁၆၊ မင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဦးမြသိန်း(ပုဇွန်တောင်)၊ (ဥပဒေတွဲ့ရ တရားလွှတ်တော်ရှေ့နေ)နှင့် ဒေါ်စန္ဒာဝင်း အထက်တန်းရှေ့နေ (စဉ်-၂၈၇၇၃)တို့၏ ၂၂-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်အေးမြင့်လှိုင်နှင့် အများသိစေရန်

ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

၂၂-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်အေးမြင့်လှိုင်နှင့် အများသိစေရန် ကြေညာချက်ပါ အကြောင်းအရာများမှာ ဒေါ်အေးမြင့်လှိုင်အား တာဝန်ယူဆောင်ရွက်စေသူ ဒေါ်ဇင်ဇင်လတ်(ထက်ပြ)မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ငွေကြေးကိစ္စရပ်များသာဖြစ်ပြီး အထက်ပါကြေညာချက်နှင့် ပတ်သက်သည့်ငွေကြေးကိစ္စရပ်များကို ဒေါ်အေးမြင့်လှိုင်နှင့် အမှန်တကယ်ပတ်သက်မှုရှိမရှိအား ကျွန်ုပ်ကိုယ်တိုင် သေချာစွာသိရှိခြင်းမရှိဘဲ အဆိုပါ ကြေညာချက်ပါ ငွေကြေးကိစ္စရပ်များမှာ ငွေလက်ခံတာဝန်ယူဆောင်ရွက်ခဲ့သူ ဒေါ်ဇင်ဇင်လတ်(ထက်ပြ)နှင့်သာ သက်ဆိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် အဆိုပါကြေညာချက်အားထည့်သွင်းခဲ့သူ ရှေ့နေများဖြစ်သော ဦးမြသိန်းနှင့်ဒေါ်စန္ဒာဝင်းတို့ကို တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံခဲ့ဖူးခြင်းမရှိသလို တာဝန်ယူလွှဲအပ်ညွှန်ကြားခဲ့ခြင်းမဟုတ်သည့် ၂၂-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ကြေညာချက်အား ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ရုပ်သိမ်းပေးခြင်းမရှိပါက တရားဥပဒေအရထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးမြတ်ဝေတိုး	**ဒေါ်ခင်မာလွင် (LL.B,D.B.L) စဉ်-၇၆၅၂**
၁၄/ပသရ(နိုင်)၁၁၁၀၂၆	**တရားလွှတ်တော်ရှေ့နေ**
ရွှေပြည်သာမြို့နယ်၊	**ဖုန်း-၀၉-၅၁၈၉၆၈၉**
ရန်ကုန်တိုင်းဒေသကြီး	**၀၉-၇၃၀၆၂၀၈၇**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ ပေါ်ဦး ၆လမ်း၊ အမှတ် ၁၁၉၀ ဧရိယာ ပေ(၄၀×၆၀)ရှိ ဦးမောင်မောင်တင် အမည်ပေါက် မြေချပါမစ်အား အဆင့်ဆင့်ရောင်းဝယ်မှုပြုရာ လက်ဝယ်ပိုင်ဆိုင်သူ ဦးစီဘီဖီလစ်ထန်း ၄/ဖလန(နိုင်) ၀၁၈၀၈၁ထံမှ ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ခင်လှလှ ၁၂/ဥကတ(နိုင်)၀၅၂၈၆၆က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်လှလှ ၁၂/ဥကတ(နိုင်)၀၅၂၈၆၆
ဖုန်း-၀၉-၇၃၀၀၀၃၈၄

အမည် ပြောင်း

ဦးစိုးအောင် ၁၂/ဥကတ(နိုင်)၀၃၂၄၄၄၏ သမီး ရန်ကင်း အထက(၁) နဝမတန်း(A)မှ မသိမ့်သဥ္ဇာစိုးမိုး(ခ)မသဥ္ဇာအောင်အား မဂျူးဂျူးသိင်္ဂါကို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း

၃-၈-၂၀၁၄ ရက်(တနင်္ဂနွေနေ့)ညနေ ၄း၀၀ နာရီနှင့် ၅း၀၀ နာရီအချိန်ဝန်းကျင်တွင် လက်ရှိဆေးကုသမှုမှတ်တမ်းများနှင့် အရေးကြီးစာရွက်စာတမ်းများ ထည့်ထားသောအိတ် Taxi ကားပေါ်တွင် ကျန်ခဲ့သဖြင့် ကားဆရာနှင့်တွေ့ရှိသူများ ဗဟန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဆက်သွယ်ပို့ဆောင်ပေးပါရန်နှင့် မအားလပ်ပါက ဆက်သွယ်ရမည့်ဖုန်းနံပါတ်ကိုသိချင်ပါသည်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ **ဦးမြတ်သိန်းထွန်း**

ဖုန်း-၀၉-၄၄၅၁၀၅၁၀၁၊ ၀၉-၂၅၄၀၁၄၇၅၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆စ/၉၇၆၉ Toyota Caldina SW (4x4) R/U2 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၂/လမန(နိုင်)၁၈၀၁၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆ လမ်း၊ အမှတ် ၁၄ နှစ်လွှာ ဦးလှမြင့်၏ သား မောင်တင်ရွှေ ၁၂/မဂတ(နိုင်)၀၈၀၂၁၅ သည် ဖခင်ကိုနည်းမျိုးစုံဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သည့်အပြင် မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှမြင့်
၁၂/မဂတ(နိုင်)၀၇၅၉၆၃



ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/ 7467 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြမည့် ဧည့်သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ
CONDOMINIUM တစ်ခန်း
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
(3)ကာရက်ရှိ
စိန်လက်စွပ်တစ်ကွင်း
ROOM TYPES SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1300 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4330 - 5400 Sqft
စိတ်ဝင်စားသည့် ဧည့်သည်တော်များအားလုံးကိုလာရောက်
လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ် အပ်ပါသည်။
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,
YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

ကြော်ငြာ


KASIKORNTHAI
ธนาคารกสิกรไทย
KASIKORNBANK
WE DO NOT ONLY PREPARE YOU HOW TO FISH
BUT ALSO PROVIDE YOU WITH THE BEST TOOLS
We go beyond financial services
to make your business succeed
KASIKORNBANK is here to transfer our 7 decades of expertise and knowledge which embrace Myanmar's business into regional supply chain for upcoming ASEAN Economic Integration.
KASIKORNBANK:
SME BANK OF THE YEAR 2013
The European Magazine
You Tube
บริการทุกระดับประทับใจ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး အင်းတော်

အင်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သင့်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ အင်းတော်အင်းသည် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး အင်းတစ်ခုဖြစ်သည်။ ကမ္ဘာ့မြေပုံအရ အရှေ့လောင်ဂျီတွဒ် (၉၆ ၇')နှင့် မြောက်လတ္တီတွဒ် (၂၄ ၁၆') ကြားတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် အလျားသုံးမိုင်၊ အနံနှစ်မိုင်ခန့်ရှိသည်။ အင်းရေပြင်၏ ရေလယ်ကြောမှာ အနက်ဆုံးနေရာဖြစ်ပြီး ပေ ၁၅၀ ခန့်ရှိသည်။

အင်းပုံသဏ္ဌာန်မှာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မြန်မာနိုင်ငံ၏ ပထမအကြီးဆုံး အင်းတော်ကြီးအင်းကဲ့သို့ ကျယ်ပြောပြန့်ပြူးခြင်းမျိုးမဟုတ်ဘဲ ဒယ်အိုးကြီး လှန်ထားသကဲ့သို့ မတ်စောက်လှသည်။ လွန်ခဲ့သော ၁၅နှစ်ခန့်က အင်းရေမျက်နှာပြင် ငါးပုံသုံးပုံခန့်ကို ဗေဒါနှင့် ဒိုက်များဖုံးလွှမ်းနေသော်လည်း ယခုအခါတွင် ကန်ရေမျက်နှာပြင်မှာ ရှင်းလင်းလှပနေသည်ကို တွေ့ရပါသည်။ အင်းပတ်ဝန်းကျင်တွင် တောင်တန်းများဖြင့် ကာရံထားခြင်းမျိုးမရှိဘဲ လူနေမြို့၊ ကျေးရွာများဖြစ်ကာ အရှေ့ဘက်တွင် အင်းတော်မြို့၊ အင်းရွာ၊ လက်ပံကုန်းရွာနှင့် အနောက်ဘက်တွင် ပေပင်ရွာ၊ တောင်ဘက်တွင် နတ်မဟုတ်ကလေးကျေးရွာ၊ မြောက်ဘက်တွင် သက္ကယ်ကျင်းကျေးရွာတို့ဖြင့် ဝန်းရံထားပြီး ဒေသခံတို့၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်း အားထားရသော အင်းတစ်ခုလည်း ဖြစ်သည်။

ထင်ရှားကျော်ကြားသည့် သမိုင်းဝင်စေတီများဖြစ်သော လောကမာရဇိန်စေတီတော်၊ ဂျပန်-မြန်မာငြိမ်းချမ်းရေးစေတီတော်၊ ဇေယျာသီရိစေတီတော်၊ လွမ်းစေတီ အရိုးဂူဘုရား၊ မုဆိုးမကုန်းတော်နှင့် ဣစ္ဆာသယစေတီတော် ဓာတ်ပေါင်းစု၊ ရတနာမဥ္ဇူစေတီတော်တို့က အင်းပတ်ဝန်းကျင်တွင်တည်ရှိနေပြီး အင်းတော်အင်းကိုပို၍ စိတ်ဝင်စားဖွယ်ကောင်းသော နေရာတစ်ခုဖြစ်စေခဲ့သည်။

အဖိုးတန် ကျွန်းသစ်အပါအဝင် အခြားရှားပါးသစ်များ ဖြစ်ကြသော အင်၊ သစ်စေး၊ အင်ကြင်း၊ ကညင်၊ တမလန်း၊ ကြို့၊ သတီ၊ သရက်၊ ယမနေ၊ သစ်ဖွဲ့၊ သစ်ဆိမ့်၊ တောမန်ကျည်း၊ မှန်နီ၊ သပြေ၊ အောက်ကြွေ၊ စာသူငယ်၊ ပေါက်ပင်စသည်တို့ ပေါများစွာပေါက်ရောက်သည့် သစ်တောကြိုးဝိုင်းများကို အင်း၏အရှေ့ဘက်တွင် အောက်တောကြိုးဝိုင်းအကွက် ၃၄ အဖြစ်လည်းကောင်း၊ အနောက်ဘက်တွင် တောင်လေးတန်းကြိုးဝိုင်းအဖြစ်လည်းကောင်း တွေ့ရှိရပြီး သဘာဝအဖိုးတန် သယံဇာတတို့ဖြင့် ထိစပ်နေသော အင်းတော်အင်းကြီးဖြစ်ပါသည်။

ယခင်က အင်းပတ်ဝန်းကျင်တွင် ကြိုးကြာ၊ ရေဘဲ၊ ကြာဖက်နင်း၊ ဗျိုင်း၊ ရေစစ္စလီ၊ မယ်ညို၊ တောင်တုတ်၊ ရေကြက် စသည့်ငှက်မျိုးစုံတို့ ကျင်လည်ကျက်စားကြပြီး အင်းရေကန်ထဲတွင် ဖျံ၊ ရေလိပ်တို့ကိုပါ တွေ့ခဲ့ရသော်လည်း ယခုအခါတွင်မူ လူတို့၏မဆင်မခြင် နည်းမျိုးစုံဖြင့် ဖမ်းဆီးမှုများကြောင့် ရှားပါးမျိုးစိတ် ကျေးငှက်သတ္တဝါများ တဖြည်းဖြည်း မျိုးသုဉ်းမည့်အန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ အင်းထဲမှ ထွက်ရှိသော ငါးများသည် အာဟာရပြည့်ဝသော ရေချိုငါးများဖြစ်သည့်အတွက် ငါးမျိုးမပြုန်းတီးစေရန် သက်ဆိုင်ရာပညာရှင်များ၏လမ်းညွှန်မှုဖြင့် စီမံချက်ရေးဆွဲ၍ ထိရောက်စွာ ဆောင်ရွက်သင့်ပါသည်။

အင်းပတ်လည်တွင် ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများ ဥယျာဉ်ခြံမြေလုပ်ငန်းများဖြင့် ပန်းရလှပါသည်။

အင်းတော်အင်း ရေရှည်တည်တံ့စေရန်အတွက် သက်ဆိုင်ရာထိန်းသိမ်းရေးပညာရှင်များနှင့် မြို့နေဒေသခံရပ်မိရပ်ဖများ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါသည်။ အင်းတော်အင်းအတွင်း စီးဝင်နေသော ချောင်းပေါင်း ၂၀ ခန့်ရှိပြီး ၎င်းတို့အနက်မှ ထင်ရှားသော အင်းတော်ချောင်းမှ စီးဝင်သည့် သဲနုန်းမြေမှာ အများဆုံးဖြစ်ပြီး တစ်နှစ်လျှင် နုန်းပို့ချမှုမှာ တန် ၁၀၀ ခန့်ရှိသဖြင့် အင်း၏ရေဝေရေလဲဒေသကို မထိန်းသိမ်းပါက နုန်းပို့ချမှုများပြီး အင်းရေပြင် တိမ်ကောလာနိုင်သည့် အန္တရာယ်ရှိပါသည်။

ထို့အပြင် အင်းတော်ချောင်း၏ ဘေးဝဲ/ယာတစ်လျှောက်တွင် မြို့ရွာနေလူထုသည် အမှိုက်သရိုက်နှင့် အညစ်အကြေးများကို စွန့်ပစ်ခဲ့ခြင်းကြောင့် နှစ်စဉ်ချောင်းရေလျှံသည့်အခါ စွန့်ပစ်အမှိုက်များသည် အင်းထဲသို့ရောက်ရှိပြီး အင်း၏သဘာဝအလှကိုပျက်စီးစေပြီး အင်းရေကန်သန့်ရှင်းမှုကိုထိခိုက်စေသဖြင့် ချောင်းရိုးများတစ်လျှောက် အမှိုက်စွန့်ပစ်ခြင်းကို တင်းကျပ်စွာ တားမြစ်သင့်ပြီး မြို့ရွာနေလူထုကို အင်းထိန်းသိမ်းရေးနှင့် ပတ်သက်သော အသိပညာဖြန့်ဝေပေးရေးများ လုပ်ဆောင်ပေးသင့်ပါသည်။

အင်းထဲမှ တစ်ခုတည်းသော ရေထွက်ပေါက်ဖြစ်သည့် နတ်မဟုတ်ကလေးချောင်းကို ရေထိန်းကိရိယာများတပ်ဆင်၍ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး စိုက်ပျိုးမြေများသို့ စနစ်တကျရေပေးဝေရေးလုပ်ငန်းများ ပြုလုပ်မည်ဆိုပါက နတ်မဟုတ်ကလေး၊ ဆည်ရွာ၊ မန်လည်ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

၎င်းအပြင် အင်းပတ်လည် လမ်းဖောက်လုပ်ခြင်းဖြင့် အင်းဒေသတစ်ဝိုက်တွင် မှီတင်းနေထိုင်ကြသော ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး သွားလာရေး လွယ်ကူအဆင်ပြေစေပါမည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် ကမ္ဘာပေါ်တွင် ထိရောက်စွာလုပ်ဆောင်နေကြပြီး အင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ပြုလုပ်ပေးသင့်ပြီး နောင်အနာဂတ်ဖွံ့ဖြိုးတိုးတက်လာမည့် လူဦးရေနှင့် မြို့ပြများအတွက် အပန်းဖြေအနားယူနိုင်ရန် နေရာတစ်ခုအဖြစ်ကိုပါ ထည့်သွင်းစဉ်းစားပေးမည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

သာယာလှပသော အပန်းဖြေစခန်းတစ်ခု ပေါ်ပေါက်လာပါက နိုင်ငံတော်အနေဖြင့် ဝင်ငွေတိုးပွားလာစေနိုင်ပါသည်။ အရိပ်ရအပင်နှင့် အလှပင်များစိုက် ပျိုး၍ မြေခင်းစီမံမှုကို ဖန်တီးပေးခြင်းဖြင့် ခရီးသွားပြည်သူတို့ကို စိတ်အပန်းပြေစေနိုင်ပါသည်။ အင်းပတ်ဝန်းကျင်တွင် ရုက္ခဗေဒဥယျာဉ်နှင့် ငါးပြတိုက်များတည်ဆောက်ခြင်း၊ ပျားမွေးမြူရေးစခန်းများ တည်ဆောက်ခြင်းများကို ပြုလုပ်နိုင်ပါက အင်း၏ဖွံ့ဖြိုးမှုကို အရှိန်အဟုန် မြင့်မားမြန်ဆန်စေနိုင်သည်။ ထို့ကြောင့် အင်းတော်အင်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သားငှက်တိရစ္ဆာန်များမျိုးသုဉ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေး၊ သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ ပါဝင်ကူညီ၍ ဒေသခံပြည်သူများနှင့် လက်တွဲ အလေးထားဆောင်ရွက်သင့်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သတင်း-ကိုမင်း(အင်းတော်)

ဓာတ်ပုံ-မောင်ချစ်လင်း(အင်းတော်)

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

တာချီလိတ် ဩဂုတ် ၄

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း တာချီလိတ်၏ ဦးဆောင်မှုဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက်နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဦးစိုင်းကျော်အုန်းက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေးအဆင့်အတန်းနှင့် အတတ်ပညာများ စနစ်တကျတိုးတက်ပြန့်ပွားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရည်မှန်းချက်ထားပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာနမှ သင်တန်းဆရာများကို ဂုဏ်ပြုလွှာများ ပေးအပ်ပြီးနောက် သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းတွင် သင်တန်းဘာသာရပ် အမျိုးအစားအနေဖြင့် ဧည့်ကြိုနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်းကို မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဌာနမှ ဦးသန်းလွင်၊ ဦးစိန်မြင့်နှင့် ဒေါ်ခင်လေးလွင်တို့က စာတွေ့လက်တွေ့ သင်ခန်းစာများ ပို့ချခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၃၆၈၄၊ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့် ၉/မရမ(နိုင်)၀၂၆၈၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၆၆၇၈၁၊ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၉/ကဆန(နိုင်)၀၅၇၅၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

တိုက်ရောင်းမည်

မန္တလေးမြို့၊ မြို့လယ်ကောင်၊ ၂၉လမ်း၊ (၈၃×၈၄)လမ်းကြား၊ RC (3) ထပ်တိုက် အကျယ်(၁၈×၁၂၅)ပေရှိ ရွှေမြင့်မိုရ်တည်းခိုခန်းကို ပိုင်ရှင် ဒေါ်မြင့်မြင့်ကိုယ်တိုင်ရောင်းမည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၃၆၆၂၊ Toyota Hilux Surf KZN 185, SW(4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဝင်းမောင် ၉/မနမ(နိုင်)၀၀၇၆၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇)၏ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

ဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇) ကျောင်းဆင်းအရာရှိများ၏ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၁၄-၈-၂၀၁၄ ရက် (ကြာသပတေးနေ့)

အချိန် - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

နေရာ - မိုးကုတ်ဆွမ်းစားဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးကုန်းမြေ

(ဖိတ်စာသီးခြားမပို့ပါ၊ မိမိတို့ လှူဒါန်းလိုသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို တစ်ပါတည်းယူဆောင်လာ၍ လှူဒါန်းနိုင်ကြပါသည်)

အလုပ်အမှုဆောင်အဖွဲ့

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အသင်း(ရန်ကုန်)

ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

မလှိုင်မြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၀-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားကန်ဖျားကျောင်းတိုက်၌ ကျင်းပပြုမည်ဖြစ်ပါသည်။ သံဃာတော် ၂၅ ပါး ပင့်ဆောင်ကပ်လှူမည်ဖြစ်ပြီး သင်္ကန်းတစ်စုံလျှင်ကျပ် ၅၀၀၀နှုန်းဖြင့် ဒေါ်ခင်မေနွဲ့ ဖုန်း-၀၉-၅၀၁၂၁၄၁၊ ဒေါ်မြင့်မြင့်စိုး ဖုန်း-၀၉-၂၃၀၀၇၂၁၊ ဦးတင့်ဇော် ဖုန်း-၀၉-၇၃၁၆၉၂၉တို့ထံ စာရင်းပေး လှူဒါန်းနိုင်ပါသည်။ အသင်းဝင်လျှောက်လွှာများလက်ခံခြင်း၊ အသင်းအလှူငွေလက်ခံခြင်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မလှိုင်မြို့နယ်သူ မြို့နယ်သားများ ယင်းနေ့နံနက် ၇း၃၀ နာရီအရောက် မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

မလှိုင်မြို့နယ်အသင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ထားဝယ်မြို့နယ်တရားရုံး

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၁

မယဉ်ယဉ်ထွေး နှင့် မောင်ဇေရာမင်း

တရားလို တရားပြိုင်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ မြို့သစ် ၄ လမ်း၊ အမှတ် ၃/၃၈၉ နေ (ယခုနေရပ်လိပ်စာမသိသူ) မောင်ဇေရာမင်းသိစေရမည်။

သင့်အပေါ်၌ တရားလို မယဉ်ယဉ်ထွေးက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၉ ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နွယ်နီထွန်း)

ဒုတိယမြို့နယ်တရားသူကြီး၊ ထားဝယ်မြို့နယ်တရားရုံး

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနား၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(F)မှ မမြတ်စုဝေ(ခ) မမေဇင်မိုး၏ဖခင်အမည်မှန်မှာ ဦးဇော်လွင်ထွေး ၉/ပမန(နိုင်)၀၀၈၄၅၇ ဖြစ်ပါကြောင်း။ **ဦးဇော်လွင်ထွေး**

မိဘအမည်မှန်

နေပြည်တော်၊ ပျဉ်းမနား၊ အထက(၂)၊ တပ်ကုန်း တက္ကသိုလ်ဝင်တန်း(B)မှ မသင်းသင်းမွေး၏ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၉/တကန(နိုင်)၁၇၃၉၈၂နှင့် မိခင်အမည်မှန်မှာ ဒေါ်ငွေး ၉/တကန(နိုင်)၀၉၁၉၁၉ ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မှ ယွန်းလက်မှုပညာနှင့် ရက်လုပ်ပူဇော်သော နီးဘုရားများ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် ရှေးဟောင်းသမိုင်းဝင်မြို့တစ်မြို့ဖြစ်သဖြင့် တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ ကြည်ညိုဖွယ်ရာပြည့်စုံသော မြို့တစ်မြို့ဖြစ်သည်။ သီပေါမြို့နယ်၏ ဂိုဏ်းချုပ်ဆရာတော်ကြီးများ စဉ်ဆက်မပြတ်ကိုးကွယ်ပူဇော်ခဲ့သည့် တန်ခိုးကြီးဆုတောင်းပြည့် လာဘသိဒ္ဓိမဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ကြီးတွင် သီပေါမြို့နယ်၏ နောက်ဆုံးဂိုဏ်းချုပ် သက်တော်ရှည်ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘဝံသအရှင်သူမြတ်က ယခုအောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တမိလိန္ဒ ဆရာတော်ကြီးအား သာသနာတော် အဓွန့်ရှည်ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူများ ဆက်လက်ကိုးကွယ်ဆည်းကပ်ရန် မိန့်ကြားခဲ့သည်။

ဆရာတော် ဦးမိလိန္ဒအရှင်သူမြတ်သည် အများပြည်သူတို့ ဖူးမြော်ကြည်ညိုနိုင်ရန် လာဘသိဒ္ဓိမဟာမုနိကြေးဆင်းတုတော်ကြီးကို မဟာမုနိ(နီးဘုရား) နီးဗုဒ္ဓရုပ်ပွားတော်ကြီးအဖြစ် ပုံစံယူ၍ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် မြတ်စွယ်တော်ဓမ္မာရုံကြီးတွင် တိန်းချေတိန်းစံကျေးရွာနေ ရိုးရာလက်မှု ယွန်းပညာရှင် ဦးစိုင်းဆိုင်မိုင်းကို နီးဘုရားအဖြစ် ရက်လုပ်ဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာလက်မှုပညာနှင့် ယွန်းအနုပညာသည် ကောဇာသက္ကရာဇ် ၇၀၀ ပြည့်နှစ်တွင် မိုင်းခတ်မြို့နယ် မိုင်းနှုန်ကျေးရွာ၌ နီးဖြင့်စတင်ရက်လုပ်ပူဇော် တည်ထားကိုးကွယ်ခဲ့သည်။ ဉာဏ်တော် ကိုးတောင်ရှိ နီးဘုရားကို သိကြားမင်းက လူအသွင် ဖန်ဆင်း၍ ကူညီရက်လုပ် ပူဇော်ခဲ့သည်ကိုအခြေပြုပြီး ရှမ်းဘာသာစကားဖြင့် “ဖရားအင်းဆမ်”ဟု မှည့်တွင်ခဲ့သည့်ကာလမှစကာ ပုဂံခေတ်ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ ပြန့်ပွားခဲ့သည်။ ဖရားအင်းဆမ် ဆိုသည်မှာ သိကြားမင်းက ရက်လုပ်သော ဘုရားဟု အဓိပ္ပာယ်ရသည်။

အဆိုပါ လာဘသိဒ္ဓိမဟာမုနိနီးဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာနေ နီးဗိသုကာ ပညာရှင် ဦးဘိုးနီ၊ ဦးစိုင်းဆိုင်မိုင်း၊ ဦးသောမန၊ ဦးသိန်းဝင်း၊ ဦးကြာထွန်းနှင့် ဦးစိုင်းအောင်ညွန့်တို့က ၂၀၀၁ ခုနှစ်တွင် အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်၌ စတင်ရက်လုပ်ပူဇော်ခဲ့ပြီး ဘုရားရက်လုပ်ခြင်းမစတင်မီ တောတောင်ထဲတွင် ဘုရားပွဲ၊ ဆီမီးနံ့သာအမွှေးတိုင်များ ထွန်းညှိ၍ဆရာတော်သံဃာတော်များထံ သီလခံယူဆောက်တည်ခြင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို မေတ္တာပို့အမျှပေးဝေပြီးမှ ဝါးကိုစတင်ခုတ်ယူရကြောင်း သိရသည်။

လာဘသိဒ္ဓိမဟာမုနိနီးဘုရား ဗုဒ္ဓရုပ်ပွားတော်ကြီးနှစ်ဆူ၏ ဉာဏ်တော်အမြင့်မှာ ခုနစ်ပေနှင့်အနံ ငါးပေရှိပြီး ရှင်သီဝလိရဟန္တာ မထေရ်မြတ်နှစ်ဆူ၏ ဉာဏ်တော်အမြင့်မှာ ငါးပေ၊ အနံနှစ်ပေခြောက်လက်မရှိသည်။

နီး ဗိသုကာပညာရှင်ဆရာ ဦးစိုင်းဆိုင်မိုင်း၏ကနဦး သင်ကြားပြသပေးသော ဆရာမှာ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမိလိန္ဒဆရာတော်ကြီး ဖြစ်သည်။

ယွန်းဗိသုကာပညာရှင် ဆရာ ဦးစိုင်းဆိုင်မိုင်း ရက်လုပ်ပူဇော်ခဲ့သော နီးဘုရားဗုဒ္ဓရုပ်ပွားတော်များမှာ သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ နှစ်ဆူ၊ သီပေါမြို့နယ် နိမ့်အွန်အုပ်စု နားလန်းကျေးရွာ၌ တစ်ဆူ၊ တရုတ်နိုင်ငံ ဝမ်တိန်နှင့် မိုင်းလှုနှစ်ဆူ၊ ကျောက်မဲနက်စလင်းကျောင်းတိုက် ၁၃ ဆူ၊ အောင်မင်္ဂလာဘိုးတော်ကျောင်း ရှင်သီဝလိရဟန္တာတစ်ဆူ၊ ကချင်ပြည်နယ် ဗန်းမော်မြို့၌တစ်ဆူ၊ ရွှေကူမြို့ ဘုန်းတော်ကြီးကျောင်းတိုက်၌ တစ်ဆူ၊ သီပေါအောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်၌ လာဘသိဒ္ဓိလေးဆူ၊ မဟာမုနိ နီးရုပ်ပွားတော်ကြီး နှစ်ဆူနှင့် ရှင်သီဝလိနှစ်ဆူ စုစုပေါင်း ၂၅ ဆူ ဖြစ်သည်။

သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်သည် သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် အဓွန့်ရှည်တည်တံ့ရေးတို့အတွက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံပြီး သာသနာ့တာဝန်များကို အခါမလပ်စွမ်းအားရှိသရွေ့ ကျင့်ကြံကြိုးပမ်းအားထုတ်လျက်ရှိရာ လာဘသိဒ္ဓိမဟာမုနိဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှစ်ဆူနှင့် ရှင်သီဝလိရဟန္တာမထေရ်နှစ်ဆူတို့ကို လားရှိုးမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့မှ ဗုဒ္ဓနွယ်ဝင် တိုင်းရင်းသားပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဗုဒ္ဓပူဇာအဖြစ် လှူဒါန်းထားရှိသဖြင့် အခါအခွင့်သင့်ကြုံကြိုက်ပါက သွားရောက်ဖူးမြော် ကြည်ညိုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စိုင်း(သီပေါ)

သတင်းတိုများ

ချောက်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ ညှိနှိုင်းဆွေးနွေး

ချောက် ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်မွန်းလွဲ ၁ နာရီက ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အမှာစကားပြောကြားပြီး ချောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာ ဦးဇော်မိုးလွင်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ချောက်မြို့နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ကျော်က ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးသန်းငွေတို့က လုပ်ငန်းဆောင်ရွက်မှုအတွက် ရရှိမည့်အကျိုးများကို တင်ပြဆွေးနွေးကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် လမ်းလုပ်ငန်းအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းငွေး(iprd)

ဖွင့်လှစ်ပြီးကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရန် ကော်မတီဝင်များနှင့် တွေ့ဆုံ

နတ်မောက် ဩဂုတ် ၄

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်နေမိဘပြည်သူများ အသိပညာတိုးပွားစေရန် ဖွင့်လှစ်ထားသောစာကြည့်တိုက်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ရှင်သန်ဖွံ့ဖြိုးစေရန်အတွက် ကျေးရွာရှိစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီ က သဖန်းကန်ကျေးရွာ တက်နေဝန်းစာကြည့်တိုက်တွင် ကျင်းပခဲ့သည်။ ထို့နောက် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဥမ္မာခင်က စာကြည့်တိုက်ကို လစဉ်အချိန်မှန်ဖွင့်လှစ်စေရေး၊ မတည်ထားသော စာကြည့်တိုက်ရန်ပုံငွေကို တိုးပွားလာအောင် ဆောင်ရွက်စေရန် စာအုပ်စာစောင်များနှင့် ပရိဘောဂများကို ထိန်းသိမ်းစောင့်ရှောက်စေရန် တို့ကို စာကြည့်တိုက်ကော်မတီဝင်တို့အား မှာကြားပြီး ပြန်/ဆက် ဦးစီးမှူးက တက်နေဝန်းစာကြည့်တိုက်ကို စာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ပညာရေး၊ ကျန်းမာရေး၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယဉ်ကျေးမှု၊ အားကစား၊ နိုင်ငံရေး၊ သိပ္ပံနှင့်နည်းပညာ၊ ဘာသာရေးနှင့် ကလေးသူငယ် အစရှိသည့် စာအုပ် ၁၃ မျိုးကိုကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်စေရန် စာကြည့်တိုက်တာဝန်ခံ ကော်မတီဝင် ဦးမြဟန်အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှဝင်း(iprd)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၅၊ နည်းဉပဒေ-၂၀)
သဃ်င်္န်းကျွန်းမြို့နယ် တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၅

ဦးနိုင်ဝင်း နှင့် ဦးဇော်ဦး
တရားလို **တရားပြိုင်**

အမှတ်(၂၈/ခ)၊ မြေကွက်အမှတ် ၂၄/က၊ အောင်ဇေယျ ၇ လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) ဦးဇော်ဦး သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနိုင်ဝင်းက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၂ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
တွံ့ဖက်မြို့နယ်တရားသူကြီး(၁)
သဃ်င်္န်းကျွန်းမြို့တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၆၄

ကွယ်လွန်သူ ဦးတင်ယု(ခ)ဦးမောင်ယု(ခ)ဦးယု၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်အမာကြည် **လျှောက်သူ**

အမှတ်(၅)၊ ရာဇဓိရာဇ်လမ်း၊ (၃၉-အေ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်အမာကြည်က ကွယ်လွန်သူ ဦးတင်ယု(ခ)ဦးမောင်ယု(ခ)ဦးယု၏ တရားဝင် တစ်ဦးတည်းဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးတင်ယု(ခ)ဦးမောင်ယု(ခ)ဦးယုမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးတင်ယု(ခ)ဦးမောင်ယု(ခ)ဦးယုမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဩဂုတ် ၂၀ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်အမာကြည်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇူလိုင် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင့်လွင်)
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
အနောက်ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၄၀

ကွယ်လွန်သူ ဦးလှသွင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

မ/၃၉၉၊ ခုနစ်လွှာ၊ ကမ်းနားလမ်း၊ သရက်တောရပ်ကွက်၊ ကြည့်မြင်တိုင်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှသွင်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလှသွင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ခုနှစ် ဩဂုတ် ၂၂ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် ဩဂုတ် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးသန့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၆၇၇၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၇၁၆၇၀ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဦး ၇/ပတန(နိုင်)၁၂၂၇၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်၊ ပြည်မြို့

တောင်တွင်းကြီး-မိကျောင်းရဲ-မလွန်-မင်းလှ RBE ရထားအဆန်ခရီးစဉ် စောစောပြေးဆွဲပေး

တောင်တွင်းကြီး ဩဂုတ် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာနေအခြေခံလူတန်းစားများ စရိတ်စကနည်းပါးစွာဖြင့် လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ရည်ရွယ်ကာ ပြီးခဲ့သော ဇူလိုင် ၂၇ ရက်မှစတင်၍ တောင်တွင်းကြီး-မိကျောင်းရဲ-မလွန်-မင်းလှ RBE ရထားခရီးစဉ်အား ပြန်လည်ပြေးဆွဲပေးခဲ့ရာယခုအခါ အမှတ်(၁၉၁)အဆန်ထက် တစ်နာရီခန့် ပိုမိုစောစောပြေးဆွဲပေးနိုင်သဖြင့် ရွာတော်လမ်းပေါင်းလမ်းဆုံမှ တောင်တွင်းကြီးဘူတာအထိ ခရီးသည်များ ပိုမိုလိုက်ပါ စီးနင်းလာကြကြောင်း သိရသည်။

တောင်တွင်းကြီး-မိကျောင်းရဲ-မလွန်-မင်းလှ RBE ရထားသည် ဧရာဝတီမြစ်၏ အရှေ့ဘက်အခြမ်းရှိ မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နှင့် ဧရာဝတီမြစ်အနောက်ဘက်အခြမ်းရှိ သရက်ခရိုင် မလွန်-မင်းလှဒေသတို့ကို ဧရာဝတီတံတား(မလွန်)ဖောက်လုပ်ပြီးနောက် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကားလမ်း၊ ရထားလမ်းနှစ်ခုစလုံး အသုံးပြုပြေးဆွဲပေးခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၁၁)တောင်တွင်းကြီးမှ ဒုကြီးကြပ်ရေးမှူး (သွား/လာ)ဦးဝဏ္ဏထွန်းက ပြောသည်။

လက်ရှိပြေးဆွဲပေးနေသော တောင်တွင်းကြီး-မိကျောင်းရဲ- မလွန်-မင်းလှ RBE ရထား၏ရပ်တန့်ဘူတာခရီးစဉ်များအရ တောင်တွင်းကြီး၊ ဗိသနိုး၊ ယင်းသာစည်၊ ထန်းပင်စမ်း၊ ရွာတော်လမ်းပေါင်း၊ မိကျောင်းရဲ၊ မလွန်လမ်းပေါင်း၊ မလွန်၊ မင်းလှတို့ဖြင့် ရုံပိုင်ဘူတာကိုးခုနှင့် ဟင်္ဂရော်၊ လက်ပံရှည်၊ ပျားတု၊ မြင်စိုင်း၊ ကန်နီလေး၊ ထည်ပင်ကန်၊ ရုံးကုန်းတို့ဖြင့် ရပ်စခန်းဘူတာ ခုနစ်ခုရှိနေရာ စုစုပေါင်းခရီးစဉ် ဘူတာ ၁၆ ခုအား ဖြတ်သန်းပြေးဆွဲပေးနေကြောင်း ခရီးစဉ်ဘူတာစာရင်းများအရ သိရသည်။ ထို့အပြင် တောင်တွင်းကြီးဘူတာမှ မွန်းလွဲ ၁ နာရီ ထွက်ခွာသော အမှတ်(၁၉၃)အဆန်ရထားသည် မင်းလှဘူတာသို့ ညနေ ၄ နာရီခွဲတွင် ဆိုက်ရောက်ပြီး မင်းလှဘူတာမှ နံနက် ၇နာရီ ပြန်ထွက်သော အမှတ်(၁၉၄)အစုန်ရထားသည် တောင်တွင်းကြီးဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိရာ ခရီးစဉ်အကွာအဝေးအရ စုစုပေါင်း ၃ နာရီခွဲသာကြာမြင့်ကြောင်း သိရသည်။

တောင်တွင်းကြီး-မိကျောင်းရဲ-မလွန်-မင်းလှ RBE ရထားအား ခရီးစဉ်ဘူတာများအလိုက် လက်မှတ်များအား အကွာအဝေးအလိုက် သင့်တင့်လျောက်ပတ်သောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိရာ တောင်တွင်းကြီးဘူတာမှ မင်းလှဘူတာအထိ တစ်ဦးလျှင်ငွေကျပ် ၅၀၀၊ တောင်တွင်းကြီးဘူတာမှ မလွန်နှင့် မိကျောင်းရဲဘူတာအထိ တစ်ဦးလျှင် ငွေကျပ် ၄၀၀၊ တောင်တွင်းကြီးဘူတာမှ ရုံးကုန်း၊ ထည်ပင်ကန်၊ ကန်နီလေး၊ ထန်းပင်စမ်း၊ ရွာတော်လမ်းပေါင်းဘူတာအထိ တစ်ဦးလျှင် ငွေကျပ် ၃၀၀၊ တောင်တွင်းကြီးဘူတာမှ မြင်စိုင်း၊ ပျားတု၊ ယင်းသာစည်ဘူတာအထိ တစ်ဦးလျှင် ငွေကျပ် ၂၀၀ နှင့် တောင်တွင်းကြီးဘူတာမှ ဗိသနိုး၊ လက်ပံရှည်၊ ဟင်္ဂရော်ဘူတာအထိ တစ်ဦးလျှင် ငွေကျပ် ၁၀၀ တို့ဖြင့် အသီးသီးရောင်းချပေးလျက်ရှိသည်။

ပြီးခဲ့သော ၂၀၁၃ ခုနှစ် မေ ၁၅ ရက်က စတင်ပြေးဆွဲပေးခဲ့ပြီးနောက် ဩဂုတ်လ ၄ ရက်တွင် ခရီးစဉ်အသွားအပြန် ဆီဖိုးကုန်ကျငွေနှင့် ခရီးသည်လိုက်ပါ စီးနင်းငွေမကာမိသဖြင့် အရှုံးပေါ်ရပ်ဆိုင်းခဲ့ရကြောင်း၊ မလွန်-မင်းလှဒေသအတွင်း၌ အကြီးစား စက်မှု(၁)မှ စက်ရုံဝန်ထမ်းများမှာ ရုံးပိတ်ရက်မှအပ ခရီးသွားလာမှုမရှိခြင်း၊ ဒေသအတွင်းရေနံမှော်များ၌သာ လုပ်ကိုင်နေထိုင်ကြခြင်း၊ ဒေသအတွင်းကူးသန်းသွားလာမှုနည်းပါးခြင်း၊ အဓိကအနေဖြင့် မလွန်-မင်းလှဒေသမှ အများဆုံးလိုက်ပါစီးနင်းသည့် ခရီးသည်များမှာ မင်းဘူးဘက်မှ မကွေးသို့သာသွားလာမှုများပြားခြင်း၊ မလွန်ဒေသအနီးတစ်ဝိုက်မှ ကုန်စိမ်းပေါသော တောင်တွင်းကြီးသို့ ဈေးရောင်း၊ ဈေးဝယ်သူများနှင့် ရုံးပိတ်ရက်သွားလာကြခြင်း၊ မိကျောင်းရဲဒေသမှ တောင်တွင်းကြီးနှင့် ယင်းသာစည် အုပ်စုကြား ကျောင်းသွားကျောင်းပြန် ဆရာ ဆရာမများ၊ ရုံးတက်/ရုံးဆင်းကြသော ဝန်ထမ်းများမှာ တောင်တွင်းကြီးသို့ ဈေးဝယ်ကြရန်အတွက် လိုက်ပါစီးနင်းကြကြောင်း၊ ယခုအခါ ခရီးစဉ်အစအဆုံး ပုံမှန်လိုက်ပါစီးနင်းသူဦးရေ ၈၀ နှင့် ၁၀၀ ကြားရှိနေကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရှိရသည်။

စိုးဝင်း(SP)

အရာထမ်းစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၄

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၄၈) ဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးလှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးညီညီစံ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းသင်တန်းသား ၄၀၊ သင်တန်းသူ ၄၆ ဦး စုစုပေါင်း ၈၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။

(သတင်းစဉ်)

ပြန်လည်စွန့်လွှတ်မြေများ မူလတောင်သူထံပေးအပ်

ပခုက္ကူ ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးသည့် အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင် အုပ်ချုပ်ရေးရုံးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တပ်ရင်း ၂၅၂ မှ ပြန်လည်လွှဲပြောင်းမြေ ၁၄၄ ဒသမ ၅၁ ဧကကို လယ်ယာကျေးရွာအုပ်စု တောင်သူ ၂၆ ဦးကို လည်းကောင်း၊ အမှတ် (၅) ချည်မျှင်နှင့်အထည်စက်ရုံမှ ကျွဲတဲကျေးရွာအုပ်စုဝင် တောင်သူ ၃၆ ဦးအား ၂၈၃ ဧကကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်ဟု သိရသည်။ ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံသည် ဧက ၆၀၀ ခန့်ကို ၂၀၀၁ ခုနှစ်က စက်ရုံအတွက် သိမ်းယူထားပြီး စီမံကိန်းကင်းလွတ်သော လယ်ယာမြေများကို သက်ဆိုင်သူ တောင်သူများအား ပြန်လည်ပေးအပ်ခြင်းဖြစ်သည်။ မကြာမီကာလတွင် လေယာဉ်ကွင်းသစ် စီမံကိန်းအတွက်သိမ်းယူထားသော ယာမြေများကို နစ်နာကြေးများ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

သမီးအိမ့်

လူမျိုးဘာသာမခွဲခြား ကရုဏာ နာရေးကူညီမှုမှ ၂၀၀ ထိ ကူညီဆောင်ရွက်ပေးနိုင်ခဲ့

ရန်ကုန် ဩဂုတ် ၄

လူမျိုးဘာသာ ဆင်းရဲ ချမ်းသာ မခွဲခြားဘဲ နာရေးကူညီ ဆောင်ရွက်ပေးလျက်ရှိသော လှိုင်သာယာမြို့နယ် အမှတ် (၁၄) ရပ်ကွက်မှ ကရုဏာ နာရေးကူညီမှုမှ ဩဂုတ် ၁ ရက်တွင် နာရေးကူညီမှု ဦးရေ ၂၀၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ကုသိုလ်ယူ

အခြေခံ လူတန်းစားတို့၏ အားကိုးရာဖြစ်သော ကရုဏာနာရေးကူညီမှု မောင်နှမများအသင်းသည် ၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်က စေတနာရှင် ၂၆ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အသင်းသား ၆၀၀ ကျော်သွားပြီဖြစ်ကြောင်း၊ အသင်းဝင် တစ်ဦးလျှင် ငွေကျပ် တစ်ထောင်နှုန်းဖြင့် နာရေးကူညီမှုကို အလှူငွေ ကောက်ခံမှုမပါဘဲ အသင်းမှ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး လူမျိုး၊ ဘာသာ မခွဲခြားဘဲ နာရေးဖြစ်ပေါ်ပါက စ၊ လယ်၊ ဆုံး ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အသင်းမှ ကွယ်လွန်သူများကို ရည်မှန်း၍ တစ်နှစ်တစ်ခါ တရားပွဲကျင်းပကာ အမျှဝေခဲ့သည်မှာ နှစ်စဉ်ဖြစ်ကြောင်း၊ နာရေး ၁၀၀ ပြည့်သောသူအား နာရေးကူညီသည့် ရာပြည့်အနေဖြင့် အလှူငွေကျပ် တစ်သိန်းခွဲ၊ သင်္ကန်း ငါးစုံ၊ နာရေးပို့ဆောင်သူအတွက် ယာဉ်ငါးစီး၊ ယပ်တောင်၊ ဖိတ်စာ၊ သောက်ရေ၊ အအေးတို့ကို အသင်းဝင် ၆၀၀ က လိုက်ပါပို့ဆောင်လျက် ကူညီဆောင်ရွက်ပေးခဲ့သည်မှာ ယနေ့တွင် နာရေးလူဦးရေ ၂၀၀ မြောက် ပြည့်သောနေ့တွင်လည်း ကူညီဆောင်ရွက် ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
(၅၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ပြောင်းလဲကြောင်း ကြေညာခြင်း

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ (၅၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည့်ရက်ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

	မူလသတ်မှတ်သည့်ရက်	ပြောင်းလဲသတ်မှတ်သည့်ရက်
အစမ်းလေ့ကျင့်မည့်ရက်	၅-၉-၂၀၁၄	၂၆-၉-၂၀၁၄
ဘွဲ့နှင်းသဘင်အခမ်းအနား	၆-၉-၂၀၁၄	၂၇-၉-၂၀၁၄

သန္တာစိုး
မော်ကွန်းထိန်း
ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန်လိုအပ်သော (FDA အသိအမှတ်ပြုဆေးဝါးများ)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၂၅-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၈-၂၀၁၄ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့၊ ဖုန်း-၀၇၃-၂၁၆၃၇၊ ၀၇၃-၂၁၅၁၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃၅) အကြီးစားစက်ရုံ(ချောက်)အတွက် အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	120kN Coupling Size-20 Disc Insulator Cap & R-Clip	18000 Sets

၂။ တင်ဒါအား ၆-၈-၂၀၁၄ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၃-၉-၂၀၁၄ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀)

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအတွက်လိုအပ်သော မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်၊ အပေါ့စားစက်၊ မီးသတ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပါပစ္စည်းများတင်သွင်းလိုသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၄-၈-၂၀၁၄ရက်မှစ၍ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးတွင် ဝယ်ယူနိုင်ပြီး ၁၇-၈-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပြီး ၂၂-၈-၂၀၁၄ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဖုန်း-၀၅၂-၂၀၁၈၁၁
(ခ) တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၂-၂၁၂၇၂

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တစ်နေ့တန် ၆၀ သတင်းစာစက္ကူစက်ရုံစီမံကိန်း (သာပေါင်း)တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သောစက်ပစ္စည်းများ ပေးသွင်းရန်အတွက် မြန်မာကျပ်ငွေ/နိုင်ငံခြားငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်။

အသေးစိတ်သိလိုပါက စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၉၃၊ ၀၆၇-၄၀၈၁၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်မည့်ရက်မှာ ၂၈-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီအထိဖြစ်ပါသည်။

မိဘ အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မင်းပြင် အထက(ခွဲ)ကျောင်း တတိယတန်း (A)တွင် ပညာသင်ကြားနေသော မအေးရတီထွန်း၏ မိဘအမည်မှန်မှာ ဦးထွန်းဝင်းကို-ဒေါ်စိန်ငွေ ဖြစ်ပါကြောင်း။ **ဦးထွန်းဝင်းကို ၉/လဝန(နိုင်)၁၇၂၀၀၂**

သတင်းဆောင်းပါးနှင့်ကြော်ငြာ

မကွေးမြို့နယ် ဘုရားပျိုကျေးရွာ၌ သမိုင်းဝင် မူလမြသလွန်စေတီတော်ဖူးမြော်နိုင်

ဖုးပွင့်နေခြည်(မကွေး)

မကွေးမြို့နယ် ကံပြားကျေးရွာ၏ အရှေ့ဘက် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား ကတ္တရာလမ်းသစ်ကြီးဘေးတွင် မူလမြသလွန်ဘုရားသို့ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကလေးကို တွေ့ရမည်ဖြစ်ပြီး အညာကျေးလက်သဘာဝ ထန်းပင်ကြီးများ စီတန်းဝန်းရံလျက်ရှိသော လမ်းကလေးအတိုင်း လေးမိုင်နီးပါး ဆက်လက်သွားပါက ဘုရားပျိုကျေးရွာရှိ သမိုင်းဝင်မူလမြသလွန်စေတီတော်မြတ်ကြီးကို ကြည်ညိုဖွယ် ဖူးမြော်နိုင်မည်ဖြစ်သည်။ ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး လူသူအရောက်အပေါက် နည်းလှသည့်အတွက် လာရောက်ဖူးမြော်သူ နည်းပါးသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလမ်းကို ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ဘုရားဖူးများ စည်ကားသိုက်မြိုက်စပြုနေပြီ ဖြစ်သည်။

မကွေးမြသလွန်ဘုရားကြီးနှင့် ပုံစံတူ ပူဇော်ထားသော မူလမြသလွန်စေတီတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့်ပေ ၄၁ပေရှိပြီး စေတီမုခ်ဦးဝတွင်လည်း ဘီလူးညီနောင်ရုပ်တုကို အနုပညာလက်ရာမြောက်စွာ ထုဆစ်ထားသည်ကို တွေ့ရ၏။ အဆိုပါ စေတီတော်မြတ်ကြီးသည် မကွေးမြို့၏ အထင်ကရ မြသလွန်စေတီတော်ကြီးနှင့် သမိုင်းချင်းအထူးဆက်နွယ်လျက်ရှိကြောင်း သိရသည်။

မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ယခု ဘုရားပျိုကျေးရွာဝန်းကျင်သည် လူသူမနေသော ကြစုတောကြီးအဖြစ်ရှိခဲ့ပြီး နတ်ဘီလူးမောင်နှမ ခြောက်ဦး အပိုင်စားရကာ တောအုပ်အတွင်းရှိ သဘာဝအလျောက်ပေါက်ရောက်သော ကြစု၊ဖန်ခါး၊ ဇီးဖြူနှင့် အခြားသစ်သီးဝလံများ စားသောက်နေထိုင်ခဲ့ကြသည်။ ၎င်းယက္ခမောင်နှမ ခြောက်ဦးအနက် ဘောသော၊ ဘောကျော်၊ ဘောသူရ၊ ဘောရသတ်ညီနောင်လေးဦးတို့သည် မင်းဘူးစက္ကိန္ဒတောင်တော်၌ သိကြားမင်းလျှုဒါန်းသော မြသားသလွန်တော်ပေါ်တွင် တစ်ညတာသီတင်းသုံးတော်မူလျက်ရှိသည့် မြတ်စွာဘုရားရှင်ထံ သွားရောက်၍ ကြစု၊ ဖန်ခါး၊ ဇီးဖြူနှင့်သစ်သီးဝလံများ ဆပ်ကပ်လျှုဒါန်းကြသည်။

ထို့နောက် ကိုးကွယ်ရာ လျှောက်ထားတောင်းပန်ကြသဖြင့် မြတ်စွာဘုရားက လျောင်းစက်တော်မူရာ မြသားသလွန်တော်ကို ပေးသနားတော်မူခဲ့ပြီး "ငါဘုရား၏ သလွန်တော်တည်ရာ မာကရဒေသ၌ နောင်အခါဝယ် သာသနာတော်ထွန်းပပွင့်လင်း၍ နဂါရမြို့တော်ကြီးဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်တော်မူခဲ့သည်။ နတ်ဘီလူးညီနောင်တို့လည်း ရွှင်မြူးဝမ်းမြောက်စွာဖြင့် သလွန်တော်မြတ်ကို ထမ်းရွက်ပင့်ဆောင်ခဲ့ကြပြီး ၎င်းတို့နေထိုင်ရာ ကြစုတောအုပ်တွင် ဌာပနာပြု၍ မြသလွန်စေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့ကြသည်။ သို့ရာတွင် မြသားသလွန်တော်အလှူရှင်သိကြားမင်းက စေတီတော်တည်ရာဒေသမှန်မဟုတ်သောကြောင့် ဖြိုဖျက်ခဲ့ပြီး ဧရာဝတီမြစ်အနီး သီတင်းသုံးနေသော ရသေ့ကြီးသုံးပါးထံတွင် အပ်နှံကာ နဂုတ္တမတောင်ထိပ်၌ သလွန်တော်ကို ဌာပနာခဲ့သည်။ ထို့နောက် မဟာသက္ကရာဇ် ၁၅၀ ခုနှစ် ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နှစ်နှစ်ကျော်အကြာတွင် ဘီလူးညီနောင်တို့သည် လူဝင်စားဖြစ်၍ မဟာဂါမရွာသူရွာသားများနှင့်အတူ ယခုမကွေးမြို့စွန် မြသလွန်စေတီတော်မြတ်ကြီးကို တည်ထားခဲ့သည်။

သိကြားမင်းဖြိုဖျက်ခဲ့သော ကြစုတောအုပ်အတွင်းရှိ မူလမြသလွန်ဘုရားပျိုကို အစွဲပြု၍ နောင်အခါ ဘုရားပြို (ဝါ) ဘုရားပျိုရွာဟူ၍ ဖြစ်ပေါ်လာခဲ့သည်။ မကွေးမြသလွန်စေတီတော်ကြီး၏ မူလအစဖြစ်သော မူလမြသလွန်ဘုရားကြီးသည် နှစ်ပေါင်းများစွာ ချုံနွယ်များကြား၌ အုတ်ပုံကြီးအဖြစ်တည်ရှိခဲ့ပြီး စေတီတော်အနီးဝန်းကျင်တွင် ရှေးအခါက ပျူလူမျိုးများ ရွာတည်နေထိုင်သွားခဲ့သော အထောက်အထားများအဖြစ် ပျူပုတီးစေ့များ၊ ဆေးတံနှင့် မြေအိုးမြေခွက်အပိုင်းအစများကို တွေ့ရပြီး စေတီတော်ကြီးကို ပျူလူမျိုးများ ပြန်လည်ပြုပြင် ကိုးကွယ်ခဲ့ကြောင်းကိုလည်း ဘုရားဟောင်းတူးဖော်စဉ်က အလျားတစ်တောင်ခန့်ရှိသည့် ပျူခေတ်လက်ရာ အုတ်ချပ်ကြီးများက သက်သေခံခဲ့ကြသည်။ ထို့နောက် သက္ကရာဇ် ၁၃၃၂ ခုနှစ်တွင် ဘုရားပျိုကျေးရွာ ရွာလယ်ကျောင်းဆရာတော်ကြီး ဦးဝိရိယ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဒေသခံများစုပေါင်း၍ အသစ်တစ်ဖန် ပြန်လည်တည်ထားခဲ့ရာ စည်ပင်လာပြီး ဘုရားပွဲကို နှစ်စဉ်တပေါင်းလဆန်း ၁၄ရက်နှင့် ၁၅ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပြီး စေတီတော်ဝင်းအတွင်း၌လည်း မိုးကုတ်ဝိပဿနာတရားစခန်းပွဲများ မကြာခဏ ကျင်းပလေ့ရှိသည်။

သို့ဖြစ်ပါ၍ သမိုင်းဝင်ရှေးဟောင်းမူလမြသလွန် စေတီတော်မြတ်ကြီးအား သွားလမ်းသာ၍ လာလမ်းဖြောင့်ဖြောင့်ဖြင့် ဖူးမြော်ကြည်ညိုသဒ္ဒါပွားများနိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။

သတင်းတိုများ

သုခကာရီကျန်းမာရေးနှင့် လူမှုရေး အသင်းမှ တတိယအကြိမ်သွေးလှူ

စစ်ကိုင်းမြို့ သုခကာရီကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းကြီးမှ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၃ ရက်က လေးကျွန်းမြေအုဌ်ကျောင်း၌ကျင်းပရာ အသင်းကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပ္ပိယာလင်္ကာရနှင့်အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်တို့က မြို့နယ်အတွင်းရှိ ကျောက်ပနန်၊ ဆင်တပ်၊ ပြဲတရော်၊ ဆွမ်းချက်၊မြရတနာ၊ စာရေးစသည့်ကျေးရွာများမှ သွေးလှူရှင် ၁၃၉ ဦးနှင့်အတူ လှူဒါန်းခဲ့သည်။

သွေးလှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးသွေးလှူဘဏ်မှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာခင်မြမွန်၊လက်ထောက်ဆရာဝန် ဒေါက်တာအိအိခင်နှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလှူဘဏ်နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် လာရောက်သွေးဖောက်ယူခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ငါန်းဇွန်မြို့နယ်အတွင်း ဘက်စုံသုံးစိုက်ခင်းအတွက် ပျိုးပင်ဖြန့်ဝေ

ငါန်းဇွန်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဘက်စုံသုံးစိုက်ခင်း တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာ ၂၀ ပင် တည်ထောင်ခြင်းကို နှစ်စဉ် ဆောင်ရွက်နေရာ ယခုနှစ်၌ ခြသေ့လက်အုပ်စုအိုင်လျားကျေးရွာရှိ အိမ်ထောင်စု ၁၂၅ စုအတွက် ကျွန်း ၃၇၅ ပင်နှင့် ယူကလစ်ပင် ၂၅၀၀ တို့ကို ဩဂုတ် ၂ ရက်က ဦးစီးအရာရှိ ဦးဗိုလ်တင်လင်းနှင့် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့သည်။ **သက်နောင်ဦး (ငါန်းဇွန်)**

ကျန်းမာရေးစောင့်ရှောက်မှု တိုင်းရင်းဆေးသေတ္တာပေးအပ်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံများအား အရေးပေါ်စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ဩဂုတ် ၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၇၈ ခုရှိတာဝန်ရှိသူများထံ မြို့နယ်တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ မြို့နယ်အတွင်း ယမန်နှစ်က ကျေးရွာ ၃၅ ရွာကိုသာ ပေးအပ်ခဲ့ပြီး ယခုနှစ်တွင် ပိုမိုတိုးချဲ့ပေးအပ်ခြင်းဖြစ်သည်။ နှလုံးသည်းခြေဆေး၊ စက္ခုပါလဆေး၊ အကြောလိမ်းဆေး စသည့်အရေးပေါ်တိုင်းရင်းဆေး ခုနစ်မျိုးနှင့် ဂွမ်း၊ ပတ်တီး စသည်တို့ပါဝင်ကြောင်း သိရသည်။ **(၁၀၁)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသော ယာဉ်များအား ဖမ်းဆီး

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသော ယာဉ်များအား ဖမ်းဆီးအရေးယူလျက်ရှိသည်။ မြင်းခြံခရိုင်အမှတ်(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဦးဆောင်သည့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(ရကက)အဖွဲ့ဝင်များ၊ ကညန ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ ရယကအဖွဲ့ဝင်များ၊ ဥပဒေဝန်ထမ်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ တရားရေးဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့က စည်းကမ်းမလိုက်နာသော ယာဉ်များနှင့် စည်းကမ်းမဲ့မောင်းနှင်သူများကို ဒဏ်ငွေ သုံးသောင်းစီသတ်မှတ်အရေးယူလျက်ရှိပြီး ဆိုင်ကယ်အစီးရေ ၄၀ ကျော်နှင့် မော်တော်ယာဉ် သုံးစီးတို့အား စစ်ဆေးအရေးယူပြီးစီးကြောင်းသိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ပုသိမ်တက္ကသိုလ်
ကြေညာချက်
(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်လျှောက်လွှာခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်မှ အောက်ဖော်ပြပါ ကျောင်းသားကျောင်းသူများအား ဘွဲ့အပ်နှင်းချီးမြှင့်မည်ဖြစ်ပါသည်။
(က) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက်၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော အတန်းတင်စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးဘွဲ့(၂၀၀၉ အောင်)၊ ဥပဒေဘွဲ့(၂၀၀၉ အောင်)၊ရိုးရိုးဘွဲ့(၂၀၁၀အောင်) ကျောင်းသား၊ ကျောင်းသူများ။
(ခ) ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ် ဧပြီလနှင့် မေလတွင် အောင်မြင်ခဲ့ကြသည့် မဟာသုတေသနဘွဲ့နှင့် မဟာဘွဲ့ (၂၀၀၇အောင်) ကျောင်းသား၊ ကျောင်းသူများ။
(ဂ) ၁၉၉၆-၉၇ ပညာသင်နှစ်မှစ၍ ဘွဲ့ယူရန်လျှောက်လွှာမတင်ရသေးသော ကျောင်းသား ကျောင်းသူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။
၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို ၁-၈-၂၀၁၄ ရက်မှစတင်၍ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် အသစ်ရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ဓာတ်ပုံနှစ်ပုံ ပူးတွဲ၍ ၃၁-၈-၂၀၁၄ ရက် နောက်ဆုံးထားလျှောက်ထားရပါမည်။ (နိုင်ငံသား စိစစ်ရေးကတ်ပြား ယူဆောင်လာရန်)
၃။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ပုသိမ်တက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ အထူးပြုဘာသာ၊ စာမေးပွဲခုံအမှတ် စသည်တို့ကို တိကျစွာဖော်ပြရပါမည်။
၄။ ဘွဲ့နှင်းသဘင်သို့တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင်ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ကို ပေးသွင်းရပါမည်။
၅။ ဘွဲ့နှင်းသဘင်သို့တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၆။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)မိမိကြိုက်နှစ်သက်ရာဝတ်စုံကိုအပြည့်အစုံဝတ်ဆင်တက်ရောက်ရမည်ဖြစ်ပါသည်။
၇။ ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်ကို ထပ်မံကြေညာပါမည်။
၈။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနခွဲသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
ပုသိမ်တက္ကသိုလ်

ရွှေပြည်သာစက်မှုဇုန်အပိုင်း(၂+၃+၄)
စီမံခန့်ခွဲရေးကော်မတီ
11-KV, Feeder (၂ လုံး)မှ (၂၅၀၀ ပေ)နှင့် (၁၆၀၀ ပေ)
လိုင်းအသစ်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း (၂+၃+၄) အတွင်းရှိ စက်ရုံများသို့ လျှပ်စစ်ဓာတ်အားတိုးချဲ့ပေးနိုင်ရန် (ခွဲရုံ-၄)တွင်ရှိပြီး ဖီဒါ(၂လုံး)မှ လိုင်းသစ်တိုးချဲ့တပ်ဆင်ခြင်း ၂၅၀၀ပေနှင့် ၁၆၀၀ပေကို Insulated လျှပ်စစ်ကြိုးဖြင့် နှစ်ထပ်လိုင်းဆက်စပ်တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။
၂။ **တင်ဒါပုံစံနှင့် စည်းကမ်းချက်၊ စတင်ရောင်းချမည့်ရက်** - ၆-၈-၂၀၁၄ ရက်
၃။ **Company Profile အပါအဝင်၊ Technical Experience Price Quotation၊ အာမခံငွေသွင်းချလန်နှင့်အတူ တင်ဒါနောက်ဆုံးထား တင်သွင်းရမည့်ရက်နှင့်အချိန်** - ၁၉-၈-၂၀၁၄ရက် ၁၆:၀၀ နာရီ
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

စီမံခန့်ခွဲရေးကော်မတီ
ရွှေပြည်သာစက်မှုဇုန်အပိုင်း(၂+၃+၄)
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၆၁၈၁၅၇၊ ၆၁၈၅၈၅၊ ၆၁၈၂၅၄

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး-မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၈-၂၀၁၄ရက်
တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန် - ၅-၉-၂၀၁၄ရက် မွန်းလွဲ ၂:၀၀နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၂၄၉၁၆၊ ၂၄၉၁၇

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၇-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာကြော်ငြာ(၂၀) ကန့်ကွက်ကြော်ငြာ ရန်ကင်းမြို့နယ် ဗိုလ်မှူးချုပ်ဝင်းတင်၏ မြေပုံကူးတွင် မြေကွက်တည်နေရာအမှတ်(၄)၊ သဇင်မြိုင်လမ်း ၈ ရပ်ကွက်အစား အမှတ်(၃)၊ သဇင်မြိုင်လမ်း ၈ ရပ်ကွက်ဟုဖတ်ရှုပါရန်။

မိဘအမည်မှန်

လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ စိုင်းညွှန့်ဝင်း၏ဖခင်မှာ ဦးစိုင်းလှဝင်း ၁၃/မရတ(နိုင်)၀၁၂၆၈၄၊ မိခင်မှာ ဒေါ်နန်းမိုခမ်း ၁၃/မရတ(နိုင်)၀၀၉၇၁၆ဖြစ်ပါကြောင်း။
ဦးစိုင်းလှဝင်း ၁၃/မရတ(နိုင်)၀၁၂၆၈၄
ဒေါ်နန်းမိုခမ်း ၁၃/မရတ(နိုင်)၀၀၉၇၁၆

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သုံးနိုင်ငံ BCATIP အစည်းအဝေး ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်၌ကျင်းပ

တာချီလိတ် ဩဂုတ် ၄

ပဥ္စမအကြိမ်မြောက် မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံ BCATIP အစည်းအဝေးကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် Dusit Island ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံမှ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးဥက္ကဌ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝင်းထွန်း ဦးဆောင်သည့် အဖွဲ့ဝင် ၁၄ ဦး၊ ထိုင်းနိုင်ငံမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး Parakyout Pratchass Kon နှင့် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ စုစုပေါင်းအဖွဲ့ဝင် ၂၀၊ လာအိုနိုင်ငံမှ Pol.Cap. Somphan ဦးစီးလေ့လာသူ အဖွဲ့ဝင် ခြောက်ဦးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့က ထိုင်းနိုင်ငံအတွင်း ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများကို ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ခြင်းနှင့် သက်တမ်းတိုးခြင်းကို ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားအများဆုံးရှိသည့်နေရာ ၁၁ နေရာတွင် ပြုလုပ်ပေးခဲ့ပြီး ထိုင်းနိုင်ငံရှိ မည်သည့်နေရာတွင်မဆို အလုပ်လုပ်ခွင့်ပြုခဲ့ရာမှ ယခုအခါ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးသည့် နေရာ၌သာ အလုပ်လုပ်ခွင့်ပြုခဲ့သဖြင့် ရွှေ့ပြောင်းအလုပ်သမားများအား ယခင်ခွင့်ပြုခဲ့သည့်အတိုင်း ဆက်လက်ဆောင်ရွက်ခွင့်ပြုရေး ညှိနှိုင်းပေးရန် ပြောကြားခဲ့ကြောင်း သိရသည်။

တရားမဝင် မြန်မာအလုပ်သမားများအား ဖမ်းဆီးပြီး ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးရာတွင် ယာယီနိုင်ငံကူး လက်မှတ်စာအုပ်နှင့် အလုပ်သမားကတ်ရှိသူ အချို့ကိုပါ ဖမ်းဆီးပြီး ယာယီနိုင်ငံကူး လက်မှတ်စာအုပ်များကို သိမ်းဆည်းကာ တရားမဝင်အလုပ်သမားအဖြစ် ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး ကြပ်မတ်ဆောင်ရွက်ပေးရန် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများအား ပြောကြား ဆွေးနွေးခဲ့သည်။

ထိုင်းနိုင်ငံအတွင်းရှိ ဂေဟာအသီးသီးတွင် ထိန်းသိမ်းစောင့်ရှောက်ထားသော လူကုန်ကူးခံရသူများအနက် ချင်းရိုင်ဂေဟာသို့ပို့ဆောင်ရောက်ရှိသည့် မြန်မာနိုင်ငံသားများအား စိစစ်ပေးရန် ထိုင်းနိုင်ငံမှ ဖိတ်ခေါ်ချက်အရ တာချီလိတ် BCATIP အဖွဲ့မှ သွားရောက်ပူးပေါင်းစစ်ဆေးခဲ့ရာ လူကုန်ကူးသူပွဲစားများအား ဖော်ထုတ်နိုင်ခဲ့သဖြင့် နောင်အလားတူ ဆက်လက်စစ်ဆေးနိုင်ရေး ဆောင်ရွက်ပေးရန်၊ ထိုင်းနိုင်ငံအတွင်းရှိ ဂေဟာအသီးသီးတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများ ဂေဟာတွင် ထိန်းသိမ်းစောင့်ရှောက်ထားစဉ်ကာလအတွင်း အလုပ်အကိုင်ရရှိရေး တာချီလိတ် BCATIP အဖွဲ့မှ တောင်းဆိုချက်အရ ဂေဟာမှူးနှင့် ထိုင်းအလုပ်အကိုင်ရှာဖွေရေးရုံးတို့မှ ပူးပေါင်း ဆောင်ရွက်ပေးခဲ့သဖြင့် နောင်အလားတူ ဆောင်ရွက်မှုမျိုး ဆက်လက်ကူညီပေးသွားရန်၊ ထိုင်းနိုင်ငံအတွင်းသို့ ဗီဇာဖြင့် အလည်သွားရောက်ပြီး မသိနားမလည်၍ ဗီဇာရက် ကျော်လွန်ပြန်လာသည့် မြန်မာနိုင်ငံသားများအား မိမိတို့ဘက်မှ အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုင်းတာဝန်ရှိသူများကလည်း ဒဏ်ကြေးငွေ အဆမတန်ကောက်ခံနေမှုအပေါ် လျှော့ပေါ့ကောက်ခံစေရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊ အပတ်စဉ်တရားမဝင်အလုပ်သမားများ လွှဲပြောင်းသည့်အချိန်တိုင်း ကန့်သတ်နယ်မြေကျော်လွန်သူများ ပါရှိနေမှုကြောင့် ကန့်သတ်ဧရိယာသတ်မှတ်ကြေညာပေးရန်၊ တရားမဝင်အလုပ်သမားများဖမ်းဆီးစဉ် နိုင်ငံသားစိစစ်ရေးကတ်များ သိမ်းဆည်းမှုမပြုရေးညှိနှိုင်းပေးရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့က တရားဝင်၊ တရားမဝင်အလုပ်သမားများ၏ လုပ်ခ လစာမရရှိသဖြင့် ထိုင်းနိုင်ငံ အလုပ်သမားရုံးသို့ လာရောက်တိုင်ကြားစဉ် အလုပ်သမားများသည် ၎င်းတို့၏ အလုပ်ရှင်၊ စက်ရုံအမည်၊ နေရပ်လိပ်စာ စသည်တို့ကို မှန်ကန်စွာ မပြောဆိုနိုင်ခြင်း၊ ဘာသာစကားတတ်ကျွမ်းမှု မရှိခြင်းတို့ကြောင့် ကူညီနိုင်မှုမရှိသဖြင့် အဆိုပါဖြစ်စဉ်အား မြန်မာနိုင်ငံအတွင်း ပညာပေးဟောပြောပွဲများပြုလုပ်သည့်အခါ ထည့်သွင်းရှင်းလင်းရန်၊ မြန်မာ-ထိုင်းနှင့်အတူ လာအိုနိုင်ငံမှလည်း လူကုန်ကူးမှုတိုက်ဖျက်ရေးကို အတူပူးပေါင်းဆောင်ရွက်သွားရန်၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တွင် ပြုလုပ်မည့် အလုပ်သမားအခွင့်အရေးနှင့် ရပိုင်ခွင့် ပညာပေးဟောပြောပွဲများ၌ တာချီလိတ် BCATIP အဖွဲ့မှ အတူပူးပေါင်းဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးခဲ့သည်။

ယင်းနောက် နှစ်နိုင်ငံအဖွဲ့ဝင်များက အပြန်အလှန် မေးမြန်းချက်များအပေါ် ဖြေကြားဆွေးနွေးခဲ့ပြီး အလုပ်သမားအားလုံး၏ လုပ်ခလစာမရရှိသဖြင့် ထိုင်းနိုင်ငံအလုပ်သမားရုံးသို့ လာရောက်တိုင်ကြားစဉ် အလုပ်သမားများသည် ၎င်းတို့၏ အလုပ်ရှင်၊ စက်ရုံအမည်၊ နေရပ်လိပ်စာ စသည်တို့ကို မှန်ကန်စွာ ပြောဆိုနိုင်ရန် မြန်မာနိုင်ငံအတွင်း ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်၊ အလုပ်သမားများအား ခေါင်းပုံဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် လုပ်ခလစာမရရှိသဖြင့် တိုင်ကြားလာပါက ထိုင်းနိုင်ငံ အလုပ်သမားညွှန်ကြားရေးမှူးရုံးမှ နှစ်နိုင်ငံ BCATIP အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နစ်နာမှုလျော်ကြေးများရရှိအောင် ဆောင်ရွက်သွားရန်၊ ချင်းရိုင်းဂေဟာသို့ ရောက်ရှိလာသည့် Vivtim များအား ဂေဟာမှူးနှင့် BCATIP အဖွဲ့ဝင်များ ပူးပေါင်းစစ်ဆေးရသည့်အတွက် ATTF အချင်းချင်း ချိတ်ဆက်၍ ပွဲစားများအား ဖော်ထုတ်နိုင်သကဲ့သို့ ဂေဟာ၌ ထိန်းသိမ်းထားရှိစဉ် Vivtim များအလုပ်အကိုင်ရရှိရေး၊ အလုပ်သမားရှာဖွေရေးရုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ BCATIP အဖွဲ့ဝင်များနှင့်အတူ လာအိုနိုင်ငံမှလည်း လူကုန်ကူးမှုတိုက်ဖျက်ရေးကို အတူပူးပေါင်းဆောင်ရွက်သွားရန်၊ ယာယီနိုင်ငံကူးလက်မှတ်ဖြင့် ဝင်ရောက်လာသူများ ဗီဇာသက်တမ်းမကျော်ရေးနှင့် သတ်မှတ်ကန့်သတ်နယ်မြေမကျော်ရေးကို ပညာပေးဟောပြောမှုများတွင် ထည့်သွင်းဟောပြောရန်နှင့် ထိုင်းနိုင်ငံမှလည်း စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ကြေညာအသိပေးသွားရန်၊ ထိုင်းနိုင်ငံအတွင်း စက်ရုံ၊ အလုပ်ရုံများ၌ ပညာပေးဟောပြောစဉ် မြန်မာဘာသာဖြင့် ရေးသားထားရှိသော လက်ကမ်းစာစောင်များ အခက်အခဲရှိက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များကို ထည့်သွင်းဖြန့်ဝေပေးသွားရန်၊ တရားဝင်၊ တရားမဝင် ဝင်ရောက်လာသော ပြည်ပအလုပ်သမားများအား ဖမ်းဆီးခြင်းမပြုဘဲ လိုအပ်သော ကိုယ်ရေးအချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်၍ One Stop Service Center မှ ပြုလုပ်ပေးမည့် တရားဝင်အလုပ်သမားအဖြစ် ခွင့်ပြုဆောင်ရွက်ပေးသွားရန်တို့ဖြစ်သည်။

ထိုင်းနိုင်ငံ ငြိမ်းချမ်းမှုဖော်ဆောင်ရေးကော်မတီဗိုလ်မှူးကြီး Pattana Martmong Kol က လက်ရှိထိုင်းနိုင်ငံသို့ ရောက်ရှိလာသော ပြည်ပအလုပ်သမားများနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များ၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် One Stop Service Center များ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားပြီး လူကုန်ကူးမှုတိုက်ဖျက်ရေး စကားဝိုင်းတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံမှ လက်ရှိဆောင်ရွက်နေသော လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

နေ့စဉ်ထုတ် သတင်းစာများ မြဝတီမြို့တွင် ပေးအပ်လှူဒါန်း

မြဝတီ ဩဂုတ် ၄

ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ပေးပို့လှူဒါန်းသည့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ ထပ်ဆင့်လှူဒါန်းပွဲကို ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မော်လမြိုင်မြို့ကိုယ်ပွားသတင်းစာတိုက်ဖွင့်လှစ်ပြီးဖြစ်၍ နေ့ချင်း ဖတ်ရှုနိုင်တော့မည်ဖြစ်ကြောင်း၊ သတင်းစာတွင် ဒေသဖွံ့ဖြိုးရေးသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို မွန်ဘာသာ၊ ကရင်(စကော)ဘာသာ၊ ကရင်(ပိုး)ဘာသာ၊ ပအိုဝ်းဘာသာများဖြင့် ထည့်သွင်း ရိုက်နှိပ်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ နေ့စဉ်ထုတ်သတင်းစာများဖတ်ရှုခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးပြီး အသိပညာတိုးတက်ရရှိစေမည် ဖြစ်သည့်အတွက် ပေးပို့လှူဒါန်းပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာ စောင်ရေ ၂၁၀ ကို တိုင်းရင်းသားပြည်သူများ၊ ကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ ဆရာမများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စီးပွားရေးလုပ်ငန်းရှင်များသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးထံမှ သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

(၁၅) ကီလို (30 Kg)

အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)မှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဗီရို(Leeco CB 03)(3'x1'x6')	၂ လုံး
၂။	အရာရှိစားပွဲ (5'x3'x2.5')	၈ လုံး
၃။	Power Work Bench(4"x3'x1")ထု	၂၀ လုံး

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၆-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၈-၂၀၁၄ ရက်၊ မွန်းလွဲ ၂ နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ)ကန့်ဘလူမြို့၊
ဖုန်း-၀၇၅-၂၇၀၀၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Multimedia LCD Projector Brightness 4000 Lumens	4 Nos
၂။	Computer Core i 7,500 GB Memory 4G, 18.5" LCD Monitor	20 Nos
၃။	UPS(1200)KVA	20 Nos
၄။	Server (Model T 110 F3. Intel Xcon E3-1200 V3 up to 4x3.5 HDD 4xUnbuffered DDR 3, DVD drive, 2 power supply	2 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၈-၂၀၁၄ ရက်မှ ၄-၉-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး လျှောက်လွှာလက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား ၅-၉-၂၀၁၄ ရက် ၉:၀၀နာရီတွင် တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၂-၅၀၀၀၃၊ ၀၂-၅၀၀၀၄ Ext-၂၄၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊
ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ရောင်းမည်
US$ 1800 လစဉ် ဝင်ငွေရ
- STAR CITY CONDO
- ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။
- RIVERSIDE.
- (1185) SQFT
- 1 MB, 2 BED ROOM.
FULLY FUNISHED
09-5118945

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၁၉၊ မြေကွက်တည်နေရာအမှတ် ၉၁၉၊ ၁၁လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်သီ)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်မိခင်(ဒေါ်သီ)၊ ဖခင်(ဦးစံဝင်း)တို့ကွယ်လွန်သဖြင့် ဒေါ်ရင်ထွေး ၁၂/ဗဟန(နိုင်)၀၃၉၇၆၀၊ ဦးကျော်ရွှေ ၁၂/ဥကတ(နိုင်)၀၄၀၉၆၆၊ ဦးတင်ဝင်း ၁၂/ ဥကတ(နိုင်)၀၃၂၄၀၈၊ ဒေါ်စောသိန်း ၁၂/ဥကတ(နိုင်)၀၃၂၄၁၃၊ ဦးအုန်းငွေ ၁၂/ဥကတ(နိုင်)၀၃၂၄၀၆၊ ဦးလှကြိုင် ၁၂/ဗတထ(နိုင်)၀၁၁၄၆၀ တို့က သားသမီးအရင်းများ တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ မိုးကောင်းကျေးရွာအုပ်စု၊ ချောင်းပတ်ကျေးရွာနေ ဦးမြင့်မောင်-ဒေါ်လှတင်တို့၏သမီး မသိန်းထိုက်(ခ) မဆွေဆွေမောင် ၉/စကတ(နိုင်)၀၇၇၁၃၉သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်မောင်-ဒေါ်လှတင်
ချောင်းပက်ကျေးရွာ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တရော်ကျင်း–ကပိုင်–အလောင်းတော်ကဿပ ဘုရားဖူးလမ်း အဆင့်မြှင့်တင်

ယင်းမာပင် ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စက်ယန္တရားများနှင့် စက်သုံးဆီများပံ့ပိုးကူညီမှုဖြင့် ယင်းမာပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ တရော်ကျင်း - ကပိုင် - အလောင်းတော်ကဿပ ဘုရားဖူးလမ်းအား အဆင့်မြှင့်တင်လမ်းခဲ့ခြင်းလုပ်ငန်းများကို ဇွန်လနှင့် ဇူလိုင်နှစ်လတို့တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လာမည့်ပွင့်လင်းရာသီအတွင်း ဘုရားဖူးများဘေးအန္တရာယ်ကင်းရှင်းပြီး ကားကြီးကားငယ်အသွယ်သွယ်ဖြင့် သွားလာမှုလွယ်ကူစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခင်က လမ်းအကျယ် ပေ ၃၀ သာရှိကြောင်း၊ ယခုအဆင့်မြှင့်တင်ခဲ့ထွင်ဖောက်လုပ်မှုသည် လမ်းအကျယ်ပေ ၅၀ ရှိကြောင်း၊ အန္တရာယ်ဖြစ်စေနိုင်မည့် အကွေ့အကောက်ကုန်းကမူလမ်းများကို သွားလာမှုဖြောင့်ဖြူးစေရန် ပြန်လည်ဖောက်လုပ်ထားပြီး လမ်းမှာ တရော်ကျင်းမှ ကပိုင်အထိလမ်း အရှည် ၂၀ မိုင်ဖောက်လုပ်လျက်ရှိကြောင်း၊ ယခုတရော်ကျင်းမှ မိုးကောင်းကျေးရွာအလွန်အထိ ခြောက်မိုင်ခန့်ပြီးစီးလျက်ရှိကြောင်း၊ မိုးကောင်းကျေးရွာအလွန်မှ ကပိုင်ကျေးရွာအထိ ကျန်ရှိသည့်လမ်းပိုင်းကိုလည်း သတ်မှတ်ထားသည့်ပွင့်လင်းရာသီအမီကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခု အဆင့်မြှင့်တင်ဖောက်လုပ်နေမှုများပြီးစီးသွားပါက ရာသီမရွေးသွားလာနိုင်အောင် နှစ်စဉ် ဂျင်းကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းစသည့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး၏ လမ်းညွှန်ပံ့ပိုးပေးမှုဖြင့်လည်းကောင်း၊ ဒေသခံပြည်သူလူထု၏ ထည့်ဝင်လှူဒါန်းငွေဖြင့် လည်းကောင်း၊ ရပ်ဝေးရပ်နီးမှစေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့်လည်းကောင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ "ယခုလိုဖောက်လုပ်ခြင်းကြောင့် မြို့နယ်အတွင်းဝေးလံသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများကို တိုက်ရိုက် အကျိုးဖြစ်ထွန်းစေပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စီးပွားရေးစသည့်လုပ်ငန်းဆိုင်ရာ အရပ်ရပ်များကို အချိန်တိုအတွင်း အောင်မြင်လာအောင် ပေါင်းကူးဆက်သွယ်ပေးမည့်အသုံးဝင်ဆုံးလမ်းဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) သင်တန်းအမှတ်စဉ် (၆) သင်တန်းဆင်းပွဲကျင်းပ

မန္တလေး ဩဂုတ် ၄

စက်မှုဝန်ကြီးဌာနသည် တိုင်းပြည်၏ စက်မှုဖွံ့ဖြိုးရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန် ကဏ္ဍအလိုက် သင့်တော်သော လုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ပြည်တွင်းကျွမ်းကျင်လုပ်သားများ လိုအပ်ချက်မညီမျှမှုကို ဖြည့်ဆည်းပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် စက်မှုသင်တန်းကျောင်းများကို ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့် မြင်းခြံမြို့များတွင် ဖွင့်လှစ်ထားရှိရာ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၏ သင်တန်းအမှတ်စဉ်(၆)ဆင်းပွဲကို ဩဂုတ် ၁ ရက်နံနက် ၈ နာရီက အဆိုပါကျောင်းစုဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲကို စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား စံပြဆုရ မောင်ဝေယံမင်းလွင်အား ဆုချီးမြှင့်ပေးအပ်သည်။ အခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်သည်တော်များက သင်တန်းဆင်းများ၏ သင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းတွင် စက်မှုဘာသာရပ် ငါးခုကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်အထိ တစ်နှစ်ကြာ သင်ကြားဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၆၉ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မိတ္ထီလာမြို့ မြို့တွင်းဧရိယာအတွင်း ရန်ကုန်–မန္တလေး ကားလမ်းတစ်လျှောက် ဓာတ်တိုင်များရှိ ပျက်စီးနေသော လျှပ်စစ်မီးလုံးများအား အသစ်ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရာ သီရိမင်္ဂလာရပ်ကွက်အနီး အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားဝင်းလမ်းဆုံအနီးတွင် ဩဂုတ် ၃ ရက်က လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့မြင်ရစဉ်။

(၄၃၅)

ပြင်ဦးလွင်၌ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပမည်

ပြင်ဦးလွင် ဩဂုတ် ၄

ပြင်ဦးလွင်မြို့တွင် အားကစားလေ့ကျင့်ရေးစခန်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၁ရက်မှ ၂၅ ရက်အထိ ပြင်ဦးလွင်ခရိုင် အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပမည် ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး ခရိုင်အားကစားမှူး ဒေါ်နန်းခင်စန်းမြင့်က ပြိုင်ပွဲကျင်းပမည့် အခြေအနေ၊ အားကစားသမားများ တည်းခိုစားသောက်နေထိုင်ရေး၊ သွားလာရေးတို့ကိုတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ပြင်ဦးလွင်ခရိုင်အားကစားလေ့ကျင့်ရေးစခန်းတွင် ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(၄၃၂)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားစနစ်ဌာနမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် Equipment and Testing Instruments for Substation Maintenance များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၃-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂

မွေးနေ့ဆုတောင်းလွှာ

ရဲမှူးမြင့်ကြူ (တပ်ဖွဲ့စုမှူး၊ ကချင်ပြည်နယ် လူကုန်ကူးတားဆီးနှိမ်နင်းရေးအထူးရဲတပ်ဖွဲ့၊ တာဝန်ခံ) ၅-၈-၂၀၁၄ ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်ပြီး အေးချမ်းပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်…။

ချစ်ဇနီး-ဒေါ်ခင်မီမီစိန်(ခ)မီမီ(B.Sc Maths;)
တစ်ဦးတည်းသောချစ်သား-မောင်ကောင်းဆက်သူ(ခ)FI Do
(B.Tech: 2nd Mech: W.Y.T.U)

မိတ္ထီလာတက္ကသိုလ်၊ သချာင်္မိသားစု (DAY+UDE)
ဒုတိယအကြိမ် အာစရိယပူဇော်ပွဲတက်ရောက်ရန်
ဖိတ်ကြားခြင်း

မိတ္ထီလာတက္ကသိုလ်၊ သင်္ချာမိသားစု၊ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၅-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက်၉:၀၀နာရီ ဟိုတယ်ထီလာ(Lake View)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်၍ မိတ္ထီလာဒေသကောလိပ်၊ မိတ္ထီလာကောလိပ်၊ မိတ္ထီလာဒီဂရီကောလိပ်၊ မိတ္ထီလာတက္ကသိုလ်၊ သင်္ချာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျေးဇူးရှင် အငြိမ်းစား၊ ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်-

(၁) ဒေါက်တာလှလှတင် ဖုန်း-၀၉-၂၀၂၁၃၅၉၊ သင်္ချာဌာန၊ မိတ္ထီလာတက္ကသိုလ်
(၂) ဒေါက်တာစန်းစန်းဝေ ဖုန်း-၀၉-၄၉၂၂၁၆၉၄၊ ״
(၃) ဒေါ်စိန်စိန်မြင့် ဖုန်း-၀၉-၂၅၆၁၂၀၂၈၃၊ ״
(၄) ဒေါ်ခင်လေးညိုညို ဖုန်း-၀၉-၂၀၂၄၉၄၄၊ ״
(၅) ဒေါ်အမာစိန် ဖုန်း-၀၉-၄၄၄၀၃၅၈၉၆၊ ״
(၆) ဦးကျော်သက်လင်း ဖုန်း-၀၉-၄၀၂၅၆၃၇၀၃ ״
(၇) ဦးအောင်ကျော်မိုး ဖုန်း-၀၉-၅၃၉၀၄၃၀၊ ရန်ကုန်
(၈) ဦးဝင်းဇော် ဖုန်း-၀၉-၄၀၂၇၃၁၆၅၆၊ ဝမ်းတွင်း
(၉) ဒေါ်ခိုင်ဇာယမင်း(မပိ)၊ ဖုန်း-၀၉-၅၀၆၁၃၂၅၊ မိတ္ထီလာ

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ပုလောမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြေနီကုန်းလမ်းနေ ဦးထွန်းရှိန်၏သား ကျွန်တော် ဦးသိန်းဝင်းထွန်း ၆/ပလန(နိုင်)၀၄၄၅၂၈နှင့် ဦးခင်မောင်လတ်၏သမီး ကျွန်တော်၏ဇနီးဒေါ်လွင်လေးချို ၆/ကစန(နိုင်)၀၄၁၆၉၃တို့သည် ကျွန်တော်နှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော်နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးသိန်းဝင်းထွန်း ၆/ပလန(နိုင်)၀၄၄၅၂၈

သီပေါမြို့၊ မြတ်ဆရာပူဇော်ပွဲကျင်းပရေးနှိုးဆော်လွှာ

သီပေါမြို့ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ပညာသင်ကြားပေးခဲ့ကြသော ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ အသက်(၆၀) ပြည့် သက်ပြည့်ပင်စင်၊ လုပ်သက်ပင်စင်၊ ဆေးပင်စင်ခံစားနေကြသော ဆရာကြီး၊ ဆရာမကြီးများအားလုံးအား ပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာများစာရင်းပြုစုဆောင်ရွက်နိုင်ရန် နှင့် တပည့်များမှ အလှူငွေများထည့်ဝင်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါ ဖုန်းများသို့ အချိန်မီဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ၀၉-၅၂၇၈၁၉၁၊ ၀၉-၅၂၇၈၁၉၂၊ ၀၉-၃၃၆၇၆၉၁၈၊ ၀၉-၂၅၆၀၅၅၆၇၇၊ ၀၉-၂၅၆၁၃၂၉၂၅၊ မြန်မာ့ရှေ့ဆောင်ဘဏ်(သီပေါ)ငွေစာရင်းအမှတ် ၀၂၀၁၃၀၂၀၀၀၀၂၈၁၁၅ သို့ တိုက်ရိုက် လှူဒါန်းနိုင်ပါသည်။

ရန်ကုန်ရောက် သီပေါသားများမှ သီပေါအသင်း(ရန်ကုန်)နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ
သီပေါမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ကြည်စု)၊မြေကွက်အမှတ်(၅၄၅)၊ မြေကွက်တည်နေရာအမှတ်(၅၄၅)၊ အလင်းရောင် ၂ လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဒေါ်လှိုင်) ၁၂/ဒပန(နိုင်) ၀၃၃၉၇၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှိုင်(မိခင်)နှင့် ဦးထိန်ဝင်း(ဖခင်)တို့ကွယ်လွန်သဖြင့် ၄င်းတို့၏ သားသမီးများဖြစ်ကြသော ဒေါ်သီသီဝင်း ၁၂/ဒပန(နိုင်)၀၃၃၈၇၈၊ ဒေါ်ဇင်မာလှိုင်၁၂/ဒပန(နိုင်)၀၄၅၆၄၄၊ ဦးကျော်သူလှိုင် ၁၂/ဒပန(နိုင်)၀၄၂၃၁၂ နှင့် ဒေါ်ဝင်းဌေး ၁၂/ဒပန(နိုင်) ၀၃၃၈၆၃ တို့အနက် ကျန်မောင်နှမများကိုယ်စား (GP-၁၃၉၈၆) ၂၆-၅-၁၄ရယူလျက် ဒေါ်ဝင်းဌေးမှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

လျှောက်လွှာခေါ်ယူခြင်း

[illegible]

Website ... ucsb.imis.com.mm ...

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (၁)ရပ်ကွက်၊ စည်သူလမ်း၊ အမှတ် ၁၉ ဟုခေါ်တွင်သည့် အကွက်အမှတ် ၂၂၊ အလုပ်သည်ကွက်ဦးပိုင်အမှတ် ၃၅/ခ ၊ ဧရိယာ ၁ ဒသမ ၀၈ဧက အနက်မှ ဧရိယာ ၀ ဒသမ ၂၁၂၈ဧကရှိ ဦးစံထွန်းအမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကွယ်လွန်သူ ဦးစံထွန်း၏ ယောက်ဖ၊ ကွယ်လွန်သူ ဦးစံထွန်း၏ဇနီး ကွယ်လွန်သူ ဒေါ်ပြုံးစိန်၏ မောင်အရင်းတော်စပ်သူ ဦးမြဟန် ၁၂/သခန(နိုင်)၀၁၈၀၇၄နှင့် မမြသန္တာ ၁၂/မဂဒ(နိုင်)၁၁၇၃၄၆တို့က တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းအောင်

B.A, R.L, ADVOCATE

တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၅၂)

တိုက် ၂၆၈၊ အခန်း ၁၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၉၇၂/က၊ မြေကွက်တည်နေရာအမှတ် ၉၇၂/က၊ သီရိဇေယျာ ၁၈ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်တင်အေး)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်အေး အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဦးတင်အောင် CJ-၀၂၀၆၄၅က တစ်ဦးတည်းသောမောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၆၃၂(၁-၁၀-၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် အမ်ယူနွတ်(စ်)(ခ) ဦးဇော်ဝင်း ၁၂/ဗတထ(နိုင်)၀၀၁၉၉၆က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၆၄၇၂(၂၇-၂-၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်း ၁၂/မဂတ(နိုင်)၀၇၆၄၃၉ အမှတ် ၁၄၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အမှတ် ၁၄၀၊ မြန်မာ့ဂုဏ်ရည်လမ်းရှိ (၈)လွှာဘီ၊ (၁၈×၇၀)ပေ အကျယ်တိုက်ခန်းကို ယခင်ပိုင်ရှင်ဦးထွန်းဝေက ဒေါ်ကြည်ကြည်ဝင်းနှင့် အရွယ်မရောက်သေးသော (၁)မအေးချမ်းမိုး၊ (၂) မအေးစုမွန်၊ (၃) မောင်ထွန်းမင်းလတ်တို့အား **မေတ္တာဖြင့် တိုက်ခန်းအပြီးအပိုင်ပေးကမ်းခြင်းကတိစာချုပ်**ဖြင့် ပေးအပ်ခြင်းပြုသည့်အတွက် တိုက်ခန်းကိုလက်ရှိပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိကြောင်း တိုက်ခန်းနှင့်ပတ်သက်၍ ဆက်သွယ်လိုသူများရှိပါက ပိုင်ရှင်ဒေါ်ကြည်ကြည်ဝင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျော့ကျော့ဝေ	ဦးနေလင်းအောင်	ဒေါ်နီနီရည်ဝေ
စဉ်-၇၈၉၂ LL.B,D.B.L	စဉ်-၃၁၃၂၉	စဉ်-၃၅၈၀၁

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ် ၂၀၃ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ရုံးချုပ်နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(1) Lab Equipment (Apparatus, Glassware etc.)
(2) Educational Books
(3) Machinery & Equipment (Air Cond., LCD Projector, Generator, Pump etc.)
(4) Office Equipment (Computer and accessories, Copier etc.)
(5) Furniture (Combined Desk, Steel Cabinet etc.)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၈-၂၀၁၄ရက်တွင် ဤဦးစီးဌာန အင်ဂျင်နီယာဌာနတွင် စတင်၍ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၄-၉-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရုံးချုပ်၊ လမ်း(၈၀)၊ (၃၄×၃၅)ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇၊ ၀၂-၆၀၃၇၈၊ ၀၂-၃၉၅၁၁(လိုင်းခွဲ-၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁)များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် (R.C အမျိုးအစား) အဆောက်အအုံတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ပါဝင်စားသူများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်နှင့် အချိန်** - ၂၈-၇-၂၀၁၄ ရက် (တနင်္လာနေ့) (၀၈း၀၀) နာရီ

အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၇-၈-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) (၁၆း၀၀) နာရီ

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး

တောင်ကြီးမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများအတွက် OPGW Joint Box တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ဆိုလုပ်ငန်းအပ်နှံလိုပါသည်-

(၁) ၂၃၀ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း
(၂) ၂၃၀ ကေဗွီ မအီ-အမ်း ဓာတ်အားလိုင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက် - ၃-၉-၂၀၁၄ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တင်ဒါကြီးကြပ်ရေးအဖွဲ့

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန

ရုံးအမှတ် (၂၇)၊ နေပြည်တော်

ဖုန်း-၀၆၇-၄၁၀၂၈၂

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၆၁၂၊ မြေကွက်တည်နေရာအမှတ် ၆၁၂၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမြင့်ရွှေ AA-၀၀၈၈၇၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်ရွှေ ကွယ်လွန်သဖြင့် ဒေါ်စန်း ၁၂/ကမတ(နိုင်)၀၄၀၁၀၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၅၁၁/၁၃(၆-၉-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ယမင်းငြိမ်း ၁/ဗမန(နိုင်)၀၄၁၉၃၀က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်
ကြေညာချက်

၁။ ဥပဒေအရာရှိအဆင့် -၄များ ရွေးချယ်ခန့်ထားနိုင်ရေးအတွက် ရေးဖြေစာမေးပွဲကို ၁၇-၈- ၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့်ဧရာဝတီတိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့တွင်လည်းကောင်း၊ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း တိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ လျှောက်ထားသူများသည် မန္တလေးမြို့တွင်လည်းကောင်း ဖြေဆိုကြရပါမည်။

၃။ ဖြေဆိုခွင့်ကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးများတွင် ၁၁-၈-၂၀၁၄ရက်မှ ၁၅-၈-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ လူကိုယ်တိုင်လာရောက်ထုတ်ယူကြရပါမည်။

၄။ ခုံအမှတ်၊ စာမေးပွဲ အချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၁၁-၈-၂၀၁၄ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးများတွင် ကြေညာထားပါမည်။

၅။ ၃၀-၆-၂၀၁၄ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၂၇)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၀)၊ မဟာဥပဒေဘွဲ့ (LL.M) ဘွဲ့ ရရှိပြီးသူဖြစ်ပါက အသက် (၃၂)နှစ်အထက် ကျော်လွန်သူများကို ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ **ပြည်ထောင်စုရှေ့နေချုပ်ရုံး**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် Crawler Crane (110 -150 Tons) (With Jib Boom)(၁)စီးကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

Sr.No	Description	Qty	Country of Origin	Remarks
1.	Crawler Crane (110-150 Tons) (With Jib Boom)	1 Unit	Japan	DDP, US$

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၄-၈-၂၀၁၄ရက်
၃။ **တင်ဒါပိတ်မည့်ရက်** -၁၅-၈-၂၀၁၄ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** -၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့

စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်၊

ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ဆောင်ရွက်မည့်အောက်ဖော်ပြပါစီမံကိန်းလုပ်ငန်းများအား နိုင်ငံခြားသုံးငွေဖြင့် ကျခံသုံးစွဲ၍ တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(၁) ရွှေတောင်ဓာတ်အားပေးစက်ရုံတွင် IPP စနစ်ဖြင့် တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံစီမံကိန်း
(၂) မြင်းခြံဒေသတွင် Gas Engine or Gas Turbine များ ငှားရမ်းဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း
(၃) ရွာမ (၂၄၀) ဓာတ်အားပေးစက်ရုံရှိ အမှတ် (၂)ဓာတ်ငွေ့တာဘိုင်စက် Up Grade လုပ်ငန်း
(၄) ရွာမ (၂၄၀) ဓာတ်အားပေးစက်ရုံရှိ MHI710D ဓာတ်ငွေ့တာဘိုင်စက် (၂)လုံးအား Control System Up Grade မြှင့်တင်ခြင်းလုပ်ငန်း အပါအဝင် Long Term Maintenance လုပ်ငန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက် - ၄-၉-၂၀၁၄ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တင်ဒါကြီးကြပ်ရေးအဖွဲ့

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန

ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ မြေကွက်/ဦးပိုင်အမှတ် ၃၁ᵉ၊ ဧရိယာ ၀ ဒသမ ၀၆၆ဧကရှိ ဦးပွေ ပါ-၄ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးသန်းထွန်း (ပါ-၁၂)၁၂/ရကန(နိုင်)၀၅၀၈၀၁ (ဘ) ဦးအောင်လှက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၅၄၅/င မြေကွက်တည်နေရာအမှတ် ၅၄၅/င၊ အလင်းရောင် ၂ လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျင်ဆွေ (AA-၀၇၄၀၇၂) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျင်ဆွေ (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်သန်းကြည် ၁၂/စခန(နိုင်) ၀၂၅၂၇၆ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၅၅၂၆/၁၄) ၉-၆-၂၀၁၄ ဖြင့် ရရှိသူ ဦးရန်နိုင် ၁၂/စခန(နိုင်) ၀၀၆၃၈၆ မှကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်အုန်းရွှေ (ရွှေဘို)
အသက် (၉၀)

၂၄-၆-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်အုန်းရွှေ နာမကျန်းဖြစ်ချိန်မှစ၍ နောက်ဆုံးအချိန်အထိ အစွမ်းကုန် ဆေးဝါးကုသပေးခဲ့သော အောင်ရတနာအထူးကုဆေးရုံမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများ၊ နာရေးကိစ္စအား အဘက်ဘက်မှကူညီပေးခဲ့ကြသော NGO , INGO မှ လုပ်ဖော်ကိုင်ဖက်များ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သတင်းမေး အားပေးစကားပြောကြားသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်နီ
(မြဝတီ)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေပိတောက်ရိပ်မွန်၊ ရွှေပိတောက်လမ်း၊ အမှတ် O2 နေ(ဦးဘွန်လုံး-ဒေါ်ဖွားရှင်)တို့၏သား၊ ဒေါ်ယုလန်၏ခင်ပွန်း၊ ဦးမောင်ဝင်း(Boom Soon International Co.,Ltd.)-ဒေါ်ခင်ခင်စိန်၊ ဒေါ်ကျင်ဟန်-ဦးမြင့်အောင်(USA)၊ ဦးကျင်ကျုံး၊ ဒေါ်စောစောမေ၊ ဒေါ်စောစောနွယ်၊ ဦးနိုင်စိုး၊ ဒေါ်ချိုချိုနီ-ဦးဇော်ဇော်(Canada)၊ ဦးနိုင်မိုး(Shwe Me Co.,Ltd.)-ဒေါ်ခင်ခင်တင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၄ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်စန်းကြည် (ညောင်လေးပင်)
အသက်(၉၀)

ရန်ကုန်မြို့၊ ၄၆လမ်း၊ အမှတ် ၁၁၄/၁၁၆ B_3၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ [ဦးဝိုးယား(ခ)ဦးဝင်းမြင့်]၏ဇနီး၊ ပုသိမ်မြို့နေ ဒေါ်ခင်သန်းရီ-ဒေါက်တာကြီးမြင့်၊ ဦးတင်မောင်ဆွေ၊ ဗိုလ်မှူးဒေါ်မိမိရီ(ငြိမ်း)-ဦးအင်ကြူ၊ မန္တလေးမြို့နေ ဒေါ်ခင်ဝင်းရီ-ဦးအောင်လွင်၊ ဦးစောမြင့်တို့၏မိခင်၊ ဒေါက်တာအောင်ကြီးမြင့်-ဒေါက်တာမဥ္ဇူအေး (ခေတ္တ-USA)၊ ဒေါက်တာဖြူယဉ်မွန်၊ မအိယဉ်မွန်(ခေတ္တ-USA)၊ ကိုကျော်လင်းသန့်-မနွေးနွေးဆက်(ခေတ္တ-USA)၊ မချိုဖူးလွင်၊ ကိုထက်ကိုကိုအောင်တို့၏အဘွား၊ Zino သတိုး၏ ဘွားဘွားကြီးသည် ၃-၈-၂၀၁၄ရက် နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စောနွယ်
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အမက(၅)ကြည့်မြင်တိုင်
အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ အမှတ် ၁၀၁၊ စိန်ပန်းပြာလမ်းနေ ဦးချစ်တီး-ဒေါ်ခိုင်တို့၏ သမီးလတ်၊ (ဦးအောင်သန်း)၏ဇနီး၊ ဦးအုံးခင်-ဒေါ်နီနီဝင်း(စင်ကာပူ)၊ ဦးမောင်မောင်သန်း-ဒေါ်တင်တင်ဝင်း(စင်ကာပူ)၊ ဦးခင်မောင်သန်း၊ ဦးဇော်နိုင်ဦး(PIL ကုမ္ပဏီ)-ဒေါ်စမ်းစမ်းနွယ်၊ ကိုနိုင်အောင်-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃-၈-၂၀၁၄ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်သိန်း အသက်(၆၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၅၅နေ [ဦးဟုတ်လွင်(ခ)ဦးစိန်ဝင်း-ဒေါ်ဆွေဝင်း]တို့၏သား၊ (ဦးအမှိုင်-ဒေါ်ကွမ်း)တို့၏သားသမက်၊ (ဒေါ်ထွေးထွေးရီ)၏ခင်ပွန်း၊ ဒေါ်စန်းလှ၊ ဦးစန်းဝင်း-ဒေါ်မြင့်မြင့်နိုင်၊ ဦးစိုးဝင်း၊ ဒေါ်နုနုအေးတို့၏ ညီ/မောင်၊ ဒေါ်ခင်ခင်အေး၊ ဦးတင်အေးတို့၏အစ်ကို၊ မောင်ဝေယံလင်း B.Tech (Civil) 3rd Year၊ မောင်အောင်မြတ်မင်း Y.U.F.L (Chinese) 1st Year တို့၏ဖခင်၊ မောင်ဇေယျာလင်း၊ မခင်သူဇာစန်း (ဆေးဝါးတက္ကသိုလ်၊ Final Year)တို့၏ဦးလေးသည် ၃-၈-၂၀၁၄ ရက်(တနင်္ဂနွေနေ့)နံနက် ၃း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါသည်။)

ကျန်ရစ်သူမိသားစု

အမည်မှန်

လက်ပံတန်းမြို့၊ မင်းရပ်ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ လမ်းသွယ်(၅)နေ ဦးကြည်ရှိန်၏သမီး အမည်မှန်မှာ ဒေါ်ခင်အေးတင့် ၇/လပတ(နိုင်)၀၁၁၂၂၅ ဖြစ်ပါကြောင်း။

ဒေါ်ခင်အေးတင့်

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၈ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀

မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)ရန်ကုန်မြို့	နှင့်	၁။ ဗိုလ်မှူးလှဌေး(အငြိမ်းစား) ၂။ ဒေါ်ခင်စန်းဝင်း ၃။ ဦးအောင်ကြည်သိန်း
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

၁။ ဗိုလ်မှူးလှဌေး(ငြိမ်း)၊ ၂။ ဒေါ်ခင်စန်းဝင်း အမှတ် (၂၀)၊ ၂ လမ်း၊ ရွှေနံ့သာစံပြမြို့သစ်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၇၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၁ ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိမော်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း
တန်ကင်တင်း(ခ)ဒေါ်တင်တင်
အသက် (၉၁)နှစ်

ပါမောက္ခ ဒေါက်တာခင်လှ(ပါမောက္ခချုပ်၊ ငြိမ်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ မန္တလေး)နှင့် ဒေါ်မာဂရက်သောင်းတို့၏ မိခင်ဖြစ်သူ ဒေါ်တင်တင်သည် ၂၇-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ
ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

ကျေးဇူးတင်ရှိခြင်း
ဒေါ်ခင်မြလွင် (ခ) CHRISELDA THIN
မြို့နယ်စာရင်းစစ်မှူး(ငြိမ်း)
အသက် (၇၂)နှစ်

၃၀-၇-၂၀၁၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်သော မိခင်ကြီး ဒေါ်ခင်မြလွင် (ခ)CHRISELDA THIN နာမကျန်းစဉ် အထူးဂရုတစိုက်ကြည့်ရှုပြုစုပေးခဲ့သော အာရှတော်ဝင်ဆေးရုံမှ တာဝန်ခံဆရာဝန် ဆရာမများနှင့် လာရောက်အားပေးကြသော ဓမ္မမိတ်ဆွေများကိုလည်းကောင်း၊ ၁-၈-၂၀၁၄ ရက် ဈာပနဝတ်တွင် ပါဝင်ခဲ့ကြသော ဓမ္မမိတ်ဆွေ၊ ရပ်သူရပ်သားဆွေမျိုးမိတ်သင်္ဂဟများ၊ ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော်(သူဌေးကုန်း)၊ ကြည့်မြင်တိုင်စမ်းချောင်း ကရင်နှစ်ခြင်းအသင်းတော်၊ အမျိုးသားချင်းထောက်ပံ့သော ကရင်နှစ်ခြင်း(ရန်ကုန်-မြို့မ)အသင်းတော်၊ ဓမ္မာနွေလအသင်းတော်၊ မြို့မအသင်းတော်၊ Bible Study Fellowship တို့မှ ဓမ္မမိတ်ဆွေမျိုး၊ သုဝဏ္ဏရွှေအင်ကြင်းအိမ်ရာ၊ ကြည့်မြင်တိုင်ကရင်အမျိုးသားရပ်ကွက်တို့မှ ရပ်သူရပ်သားများနှင့်တကွ လာရောက်မေတ္တာပြကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကိုလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်အပ်ပါသည်။ ၅-၈-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ အမှတ် C/4၊ ရွှေအင်ကြင်းအိမ်ရာ၊ သုဝဏ္ဏတွင်ပြုလုပ်မည့် အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဦးရဲမြင့်
B.E(Mechanical) (1976)
(အမှုဆောင်အင်ဂျင်နီယာ-ငြိမ်း) M.O.G.E
အသက် (၆၂)နှစ်

၂၇-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးရဲမြင့်အား ကျန်းမာရေးမကောင်းချိန်မှစ၍ သင်္ဂြိုဟ်ပြီးစီးသည်အထိ အစစအရာရာဂရုတစိုက်ကူညီကုသပြုစုစောင့်ရှောက်ပေးခဲ့သော National University Hospital မှ အသည်းခွဲစိတ်အထူးကုဆရာဝန်ကြီး KK Madhavan၊ MASCOTS Healthcare မှ ဆရာဝန်၊ ဆရာမများ၊ အသည်းအထူးကုသမားတော်ကြီး ပါမောက္ခဦးသံစစ်၊ အောင်ရတနာဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ လိုက်ပါပို့ဆောင်ကြပါသော M.O.G.E မှ ဆရာသမားများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သက်န်းနှင့် လှူဖွယ်ပစ္စည်းများပေးပို့သော ရပ်ဝေးရပ်နီးမှ သူငယ်ချင်းမိတ်ဆွေတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း
ဗိုလ်မှူးကျော်ရှင်ထွန်း (ငြိမ်း)
D.S.A-၃၀
ဒုရဲမှူးကြီး(ငြိမ်း)
အသက် (၄၈)နှစ်

၂၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဦးကျော်ရှင်ထွန်း အသက်(၄၈)နှစ်အား စောင့်ရှောက်ကုသပေးပါသော သဃ်ာန်းကျွန်းစံပြဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ နာရေးကိစ္စသတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းများ၊ နာရေးကိစ္စဆောင်ရွက်နေစဉ် တစ်လျှောက်လုံး အဆင်ပြေချောမွေ့စေရန် မိသားစုသဖွယ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိပုဂ္ဂိုလ်များ၊ နာရေးကိစ္စတွင် သင်္ကန်းလှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ခဲ့ကြသော သူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ဇနီး - ဒေါ်စောမြမာလာ
သမီးများ - ဆွေဆွေကျော်ရှင်ထွန်း၊ ခိုင်ဝေရှင်(ခခ)၊ သွန်းရှင်စော

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကြည်သာစိုး
B.Com, CPA, DMA, DBL, DA
Hti Hlaing Shin Business Group (MD)
CEC Member, MICPA
အသက် (၄၈)နှစ်

ဦးခင်မောင်-ဒေါ်ခင်လှိုင်တို့၏သားကြီး ဦးကြည်သာစိုးသည် ၃၀-၇-၂၀၁၄ ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာ ဦးကြည်သာစိုး ကောင်းရာသုဂတိလားပါစေ။

ဆရာရဲ့တပည့်များ-
ကိုသက်နောင်၊ ကိုမျိုး၊ မစိုးမိုးလှိုင်၊ မဇော်ဝင့်အောင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၂၆၃၈ Toyota Vista Ardeo, S/W (4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကို ၁/မညန(နိုင်)၀၇၅၄၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝိစိတ္တ(ခ)ဦးကျော်လှ (ကျိုက်ထော်-ဦးတို)
သက်တော် (၆၃)နှစ်၊ သိက္ခာတော် (၄၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ပုညဝမှဏတိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဩဘာသ မဟာထေရ်မြတ်၏တပည့်၊ (ခမည်းတော် ဦးအေးမောင်-မယ်တော် ဒေါ်သန်းတင်)တို့၏သားကြီး၊ ခြောက်ထပ်ကြီးသာသနာ့ဂုဏ်ရည်ကျောင်းဆရာတော် ဦးဝိမလ၏နောင်တော် ဘဒ္ဒန္တဝိစိတ္တ(ခ)ဦးကျော်လှသည် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၇ ရက်) ၂-၈-၂၀၁၄ရက်(စနေနေ့) နံနက် ၀၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၆-၈-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ပုညဝမှဏတိုက်ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဦးဝိမလနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းကြေကွဲခြင်း
ဦးမြဟန် (နတ်တလင်း)
အသက် (၉၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ အေးငြိမ်းသာမြို့သစ်၊ ဘုရင့်နောင်လမ်းနေ ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း) - ဒေါ်စုစုလှိုင်တို့၏ဖခင်သည် ၁-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရဲမှူးကြီးနေဝင်း-ဒေါ်ကြူကြူဝင်း
အမြန်လမ်းရဲတပ်ဖွဲ့မှူး

ဝမ်းနည်းကြေကွဲခြင်း
ဦးမြဟန်
အသက် (၉၇)နှစ်

နတ်တလင်းမြို့နေ ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း) - ဒေါ်စုစုလှိုင်တို့၏ဖခင် ဦးမြဟန်သည် ၁-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးဝေဆန်း (ဥက္ကဋ္ဌ)
အမှတ် (၁၀၀၆)၊ နယ်ခြားစောင့်တပ်ကြီးကြပ်ရေးအဖွဲ့
လောက်ကိုင်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမြဟန်
အသက် (၉၇)နှစ်

နတ်တလင်းမြို့နေ ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း) - ဒေါ်စုစုလှိုင်တို့၏ဖခင် ဦးမြဟန်သည် ၁-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးပယ်စောက်ရှိန်(ဥက္ကဋ္ဌ)နှင့် ဦးစီးအဖွဲ့ဝင်များ၊
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
လောက်ကိုင်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမြဟန်
အသက် (၉၇)နှစ်

နတ်တလင်းမြို့နေ ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း) - ဒေါ်စုစုလှိုင်တို့၏ဖခင် ဦးမြဟန်သည် ၁-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးပယ်ယိမ်းနမ်၊ ဦးအာချန်
ကိုးကန့်လူငယ်ယဉ်ကျေးမှုအသင်း
လောက်ကိုင်မြို့

ဝမ်းနည်းကြေကွဲခြင်း
[illegible]
DSA (33) [illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်စိန်
အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အမှတ်-၁၂(က)၊ ပင်လုံရိပ်မွန် ၂ လမ်းနေ ကိုဘမြင့်ဦး - မခင်မြဦး၊ ကိုအောင်ကျော်ဦး - မဥမ္မာတို့၏မိခင်ကြီး ဒေါ်ခင်စိန် အသက် (၇၈)နှစ်သည် ၂၇-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးမှသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရင်မေ (ကြို့ပင်ကောက်မြို့)
အသက် (၇၅)နှစ်

ဗိုလ်မှူးကြီး ဆန်းညွန့်ဦး (ကြည်း/ရေ/လေ စစ်သံမှူး၊ နယူးဒေလီမြို့) - ဒေါ်တင်တင်မူတို့၏မိခင်သည် ၃၀-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

၁၉၇၈ ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊
ဘူမိဗေဒကျောင်းသားဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးမြဟန် (နတ်တလင်း)

အသက်(၉၇)နှစ်

ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း)-ဒေါ်စုစုလှိုင်တို့၏ဖခင် ဦးမြဟန် အသက်(၉၇)နှစ်သည် ၁-၈-၂၀၁၄ရက် နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး မိသားစု
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးမြဟန်

အသက်(၉၇)နှစ်

နတ်တလင်းမြို့နေ ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း)-ဒေါ်စုစုလှိုင်တို့၏ ဖခင်ဖြစ်သူ ဦးမြဟန်သည် ၁-၈-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အပတ်စဉ်(၁၇)မှ
ကျောင်းဆင်းသူငယ်ချင်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးဂျော်နီ (မြဝတီ)

အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေပိတောက်ရိပ်မွန်၊ ရွှေပိတောက်လမ်း၊ အမှတ်(အို-၂)နေ (ဦးဘွန်လုံး-ဒေါ်ဖွားရှင်)တို့၏သား၊ ဒေါ်ယုလန်၏ခင်ပွန်း၊ ဦးမောင်ဝင်း(Boom Soon International Co., Ltd.)-ဒေါ်ခင်ခင်စိန်၊ ဒေါ်ကျင်ဟန်-ဦးမြင့်အောင်(USA)၊ ဦးကျင်ကျုံး၊ ဒေါ်စောစောမေ၊ ဒေါ်စောစောနွယ်၊ ဦးနိုင်စိုး၊ ဒေါ်ချိုချိုနီ-ဦးဇော်ဇော်(Canada)၊ ဦးနိုင်မိုး(Shwe Mè Co.,Ltd)-ဒေါ်ခင်ခင်တင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးဂျော်နီ(မြဝတီ) အသက်(၉၅)နှစ်သည် ၃-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
Shwe Mè Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုံးညွန့် (ပေါင်မြို့)

အသက်(၈၈)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်နေ (ဦးအောင်မျှင်-ဒေါ်အုန်းတင်)တို့၏သမီးကြီး၊ [ဦးပါချို(ခ)ဉူးပဏ္ဍိတ]၏ဇနီး၊ (ဦးပါငယ်)-ဒေါ်သောင်းတင်တို့၏အစ်မသည် ၂၄-၇-၂၀၁၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိန်လှိုင်-ဒေါ်ရင်နွဲ့ မိသားစု
မြစ်ကြီးနားမြို့

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြ ထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ တံတား ဒါယိကာမကြီး

ဒေါ်ခင်ခင်

(တောင်ငူမြို့)

အသက်(၉၅)နှစ်

